www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၂၆၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၄၀၀၆၀၃

❐

ပုံနှိပ်ခြင်း

ပထမအကြိမ်- ၂၀၀၆ ခုနှစ်၊ ဧပြီလ

အုပ်ရေ - (၅၀၀)

❐

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊

၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❐

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)

မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

မျက်နှာဖုံးပန်းချီ

စောမင်းဝေ

❐

တန်ဖိုး

၈၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

(၁)

'ရယ်သောသူသည် အသက်ရှည်သည်' ဟူသော ဆိုရိုးစကား (ကျွန်တော့်အခေါ်-ကလိထိုး-ဆေးညွှန်းစကား) အား လူတိုင်း ကြားဖူးပေလိမ့်မည်။ ကျွန်တော်တို့အဖွဲ့ရဲ့ ဆိုရိုးစကားကတော့ တစ်မျိုးခင်ဗျ။ ဒီလိုလေ. . . ဒီလို. . . ။

'ရယ်စရာကောင်းသောသူသည် လက်ဖက်ရည်တစ်ဝိုင်းဖိုးဒကာခံရမည်' ဟု တရားဝင် ကြေငြာထားပါသည်။ သစ္စာဆိုထားပါသည်။

ဟုတ်ကဲ့။ ဒီနေ့ ရယ်စရာကောင်းသောသူမှာ 'သားရဲ' ဖြစ်ပါသည်။ ထို့ကြောင့် သားရဲသည် ကျွန်တော်တို့အဖွဲ့ ဝါးမျိုးသမျှ ကုန်ကျစရိတ်အား 'ဟားတိုက်ရယ်မောခြင်း' ခံရ၍ ဒကာခံရမည် ဖြစ်ပါသည်။

ဟေးဟေးသား. . . ။

www.burmeseclassic.com

www.burmeseclassic.com



'သားရဲ' ဆိုလို့ တစ်မျိုးတော့ မထင်လိုက်ပါနဲ့။ သည်ကောင့် နာမည်အရင်းက ရဲကျော်မြင့်။ ရဲကျော်မြင့်ကို သူ့အဖေ ဦးရဲနွေက 'ရဲရဲ' ဟု ချစ်စနိုးနဲ့ခေါ်သည်။ သူ့မေမေ ဒေါ်မြင့်မြင့်က 'သားသား' ဟု ချစ်စနိုးနဲ့ခေါ်သည်။ ဦးရဲနွေဘက်က ဆွေမျိုးတွေက 'ရဲရဲ' ဟု ခေါ်မှ ကြိုက်သလို ဒေါ်မြင့်မြင့်ဘက်က အမျိုးတွေကလည်း 'သားသား' ဟု ခေါ်မှ ကြိုက်ရာမှ နှစ်ဖက်ဆွေမျိုးချင်း စိတ်အခန့်မသင့် ဖြစ်ခဲ့ကြသည်။ နောက်ဆုံးတော့ နှစ်ဖက်ဆွေမျိုးတွေ ပြေပြေလည်လည် သင့်သင့်မြတ်မြတ် ဖြစ်အောင် အဖေ့ချစ်စနိုးတစ်လုံး၊ အမေ့ချစ်စနိုးတစ်လုံးစီယူ၍ ပေါင်းစပ်ခေါ်ဆိုခဲ့ကြရာမှ ရဲကျော်မြင့်သည် 'သားရဲ' ဟု အမည်တွင်ခဲ့ရလေ၏။

ရဲကျော်မြင့် (ခ) သားရဲ၏ ဖွင့်ဟဝန်ခံချက်အရ ကျွန်တော်တို့ သိခဲ့ရခြင်း ဖြစ်ပါသည်။ သားရဲကိစ္စ ထားပါဦးလေ။

ဒီနေ့ သားရဲတစ်ယောက် ရယ်စရာတွေ ကောက်တွေ့ခဲ့ပုံကလေး ရင်ဖွင့်ပါရစေ။ (ရှူး-တိုးတိုးပြောမှာပါ။ (နားရွက်ကြီးတွေကို ထိးလိုဖွင့်မထားကြပါနဲ့)

အဖြစ်အပျက်က ပူပူနွေးနွေးကလေးရှိသေး။

ကျွန်တော်တို့ ကန်တင်းကို မရောက်ခင် (၁၀) မိနစ်၊ (၁၁) စက္ကန့်အလိုမှာ ဖြစ်ပျက်ခဲ့တာပါ။

♥

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ အိပ်ရာထ နောက်ကျသဖြင့် လေးယောက်စလုံး ခပ်သွက်သွက်လျှောက်ခဲ့ကြသည်။ ကန်တင်းရောက်မှ တစ်ခုခုစားကြမည်။ ဘုန်းဝေက မျက်နှာတောင် မသစ်ခဲ့။ ကန်တင်းရောက်မှ ရေနွေးပူပူနဲ့ မျက်နှာသစ်နေကျကောင်။ ကာလနဂါး၏ယောက်ဖ။ ကျော်ဘိုဘိုထွန်းကတော့ အစောဆုံးထပြီး မျက်နှာကို မိတ်ကပ်လူးပြီး ပေါင်ဒါဖြူးထားခဲ့သည်။ ကျွန်တော်က ဘာသာစုံ မှတ်စုရေးသော စာအုပ်တစ်အုပ်သာ ပါလာခဲ့ပြီး ဘောလ်ပင် မေ့ကျန်ရစ်ခဲ့သည်။

အိပ်ရာထ နောက်ကျခြင်းမှာ ကျွန်တော်တို့အဖွဲ့၏ သစ္စာတရား ဖြစ်သည်။ ကျွန်တော်တို့ ရေးကြီးသုတ်ပျာ လျှောက်ခဲ့ကြရင်း မနက်ခင်း လိမ္မော်ရောင်လမ်းမပေါ်မှာ (ကျွန်တော်တို့ရှေ့က) လမ်းလျှောက်နေသော တက္ကသိုလ်၏ သမီးပျိုတစ်သိုက်ကို မြင်လိုက်ရ၏။ ကျွန်တော်တို့လေးယောက် ညှိစရာမလို။ တုံးတိုက်တိုက် ကျားကိုက်ကိုက် (ပါးရိုက်ရိုက်ဟုမပါ) ဟု သဘောထားကာ ခြေလှမ်းနှုန်းတွေ မြှင့်တင်လိုက်ကြပါသည်။ ဝမ်း. . . တူး. . . သရီး. . . ဖိုး. . .

ကျွန်တော်တို့သည် ငါးယောက်သား လက်ချင်းတွဲပြီး လျှောက်နေကြသော ကောင်မလေးတွေကို မှီခဲ့လေပြီ။ ကန်တင်းကို မရောက်ခင် (၁၀) မိနစ်၊ (၁၁) စက္ကန့်အလို. . .။

'ဟင်' 'ဟယ်' 'အို'

တစ်ယောက်ကိုတစ်ယောက် လက်ချင်းချိတ်၍ ခပ်ဖွဖွကလေး လျှောက်နေကြသော ကောင်မလေးငါးယောက်သည် မီးခလုတ် ပိတ်လိုက်သလို ဖျတ်ခနဲ ရပ်တန့်သွားသည်။ ပြီးတော့ မီးခလုတ် ပြန်ဖွင့်လိုက်သလို ပြိုင်တူလှည့်ကြည့်ကြသည်။

သူမတို့၏ မျက်ဝန်းငါးစုံမှာ အကြည့်၏ အဓိပ္ပာယ်ငါးမျိုး

www.burmeseclassic.com

www.burmeseclassic.com



ပျော်ဝင်နေလေသည်။ ထိုမျက်ဝန်းတွေက ကျွန်တော်တို့ လေးယောက်၏ ဘရိတ်မပါသော ခြေထောက်တွေကို လှုပ်မရအောင် ရပ်တန့်ပစ်နိုင်စွမ်းပါသည်။ သူမတို့၏ အကြည့်ငါးမျိုး၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရလျှင်. . .

(ဝိ မှ ယာ)

(၁) သေနာကောင်တွေ အရှက်ကို မရှိဘူး။
(၂) ဘာကျန်းမာရေးလဲ။ ဒါမနက်ခင်း လှသွေးကြွယ်တဲ့အချိန်. . .။
(၃) ကျောင်းလမ်းမလာပြီး မြေစိုက်မုန်တိုင်းသရမ်းရတယ်လို့. . .။
(၄) လေထုညစ်ညမ်းရေး ကောင်စုတ်တွေ. . .။
(၅) အလကားရတဲ့ လျှက်စားလျှက်ပြီး ကိုယ့်အရှက်ကို ခွဲရဲတယ်နော်။

ဟူ၍ ဖြစ်ပါသည်။ ဟုတ်ကဲ့။ ဟုတ်ပ။ ဟုတ်တာပေါ့။ ဟုတ်သားပဲ။

ဝန်ခံပါသည်။ အမှန်တကယ်ပင် ကျွန်တော်တို့ အဖွဲ့ထဲက တစ်စုံတစ်ယောက်သည် အငမ်းမရ လမ်းလျှောက်ရင်း အမှတ်တမဲ့ လေလည်လိုက်မိပါသည်။ အမှတ်တမဲ့ လွတ်ထွက်သွားသော လေလည်မှုဖြစ်သဖြင့် အသံက ကျယ်လောင်လွန်းပါသည်။

ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် သံသယအကြည့်တွေနှင့်ကြည့်၍ တရားခံရှာဖွေပါသည်။ သို့သော် တရားခံသည် လက်ညှိုးထောင်၍ ဝန်ခံလိမ့်မည်မဟုတ်။ ဘယ်သူက ကိုယ့်ကိုယ်ကို အရှက်ကွဲခံပြီး သွားဖြပြမည်နည်း။ ကောင်မလေးတွေက

www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်တို့လေးယောက်စလုံးကို သံသယဝင်သွားမှာ သေချာသည်။ သံသယ 'နင့်' ခြင်းသည် ငါးရိုး 'နင့်' ခြင်းထက် ဆိုး၏။

ကောင်မလေးတွေသည် မကျေမနပ် မျက်စောင်းတွေထိုး၍ ဆက်လျှောက်သွားကြသည်။ ကျွန်တော်တို့ ပြဿနာကို ရှင်းမှဖြစ်မည်။

"သူငယ်ချင်းတို့ ကောင်မလေးတွေကတော့ တို့အားလုံးကို ထင်သွားကြမှာပဲ။ အဲဒီတော့ တို့တစ်ယောက်ချင်း လိုက်ရှင်းပြရအောင်"

"အေး ကောင်းတယ်။ ဘယ်သူ အရင်သွားမလဲ"

ဤတွင် လေးယောက်စလုံး ငြိမ်သွားသည်။ ကျော်ဘိုဘိုထွန်းက-

'ပင်လယ် မင်း အရင်သွားကွာ'

'OK'

ကျွန်တော် သူငယ်ချင်းတွေကို လက်မထောင်ပြပြီး ကောင်မလေးတွေနောက် အပြေးလိုက်ခဲ့ရသည်။ ကျွန်တော် ရင်နည်းနည်းတော့ ခုန်နေပါသည်။ ခြေလှမ်းတွေမှားမှာ မစိုးရိမ်မိသော်လည်း ဖိနပ်သည်းကြိုး ပြတ်သွားမှာ စိုးရိမ်မိ။

"ဒီမှာ ဒီမှာ"

"ဘာလဲ ဘာအူကြောင်ကြောင် လာလုပ်ဦးမလို့လဲ အရှက်မရှိ"

"ဟာ မဟုတ်ရပါဘူးဗျာ။ ခုနကိစ္စဟာ ကျွန်တော့်ကိစ္စ မဟုတ်ဘူး။ ဟိုကောင် (၃) ယောက်ထဲက တစ်ယောက်ယောက်တော့ ဖြစ်မှာ သေချာတယ်။ ကျွန်တော် မဟုတ်တာကတော့ အသေချာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မဟုတ်လည်း ပြီးတာပဲ၊ ဘာမှ ရှင်းပြနေစရာ မလိုဘူး"

"ဪ ဒီလိုပါ။ ကျွန်တော်တို့ တစ်ဖွဲ့လုံးလို့ အထင်မခံနိုင်လို့ လိုက်ရှင်းပြရတာပါ။ ကျွန်တော့်အပေါ် သံသယရှင်းတယ်ဆိုရင်လည်း ခွင့်ပြုပါဦး"

ကျွန်တော် သူမတို့ကို ကျော်တက်ပြီး ကန်တင်းဆီအရောက် တစ်ယောက်တည်း လျှောက်ခဲ့တော့သည်။ ခုရှင်းမှ နှောင်ရှုပ်မှာလေ။

ကျွန်တော်ပြီးတော့ ကျော်ဘိုဘိုထွန်းက လိုက်ရှင်းပြလေသည်။

"ခုန လေလည်မှု ဖြစ်ပွားခဲ့တာ ကျွန်တော် မဟုတ်ဘူးဆိုတာ ကျမ်းကျိန်ပြီး ပြောရဲပါတယ်ဗျာ။ ဟို (၂) ယောက်ထဲက တစ်ယောက်ယောက်ဖြစ်မှာတော့ သေချာတယ်"

"ရှင်မဟုတ်လည်း ပြီးတာပဲ၊ ခုမှလာပြီး မျက်နှာအဖွေးသားနဲ့ ကလေးကုလားဆန်မနေပါနဲ့"

"ဟုတ်ကဲ့၊ ကျွန်တော့်အပေါ် သံသယရှင်းသွားရင် တော်ပါပြီဗျာ"

ကျော်ဘိုဘိုထွန်း ပြီးတော့ မျက်နှာမသစ်ရသေးသော ဘုန်းဝေ။

ဘုန်းဝေ ရှင်းပြပြီးမှ (နောက်ဆုံးမှ အပီအပြင် ရှင်းပြမည်ဟု အကြံဖြင့် နေရစ်ခဲ့သော) သားရဲက ရှင်းပြခဲ့လေသည်။

"အစ်မတို့ ခင်ဗျာ၊ စောစောက လေထုညစ်ညမ်းအောင် ပြဿနာတွေ ခေါ်ဆောင်လာခဲ့တာ ကျွန်တော် မဟုတ်ပါဘူး"

'ရှင်မဟုတ်လို့ ဘယ်သူလဲ"

"ခစ်ခစ်ခစ် ရယ်ရတယ်ဟော့"

www.burmeseclassic.com

www.burmeseclassic.com



'ပထမလူက ပြောသွားတယ် သူမဟုတ်ဘူး၊ ကျန်ခဲ့တဲ့ (၃) ယောက်ထဲကတဲ့'

'ဟုတ်တယ်၊ ဒုတိယလူကလည်း သူမဟုတ်ဘူး၊ ကျန်ခဲ့တဲ့ (၂) ယောက်ထဲကတဲ့'

'ရှင် ဘာပြင်းဦးမှာလဲ၊ တတိယလူကလည်း သူမဟုတ်ဘူးတဲ့၊ ကျန်တဲ့လူတဲ့'

ကောင်မလေး (၅) ယောက် တစ်ယောက်တစ်ပေါက် ပြောဆိုပြီး ဝိုင်းဟားလိုက်ကြသောအခါ သားရဲ အကြောက်အကန် အော်ငြင်းလေတော့သည်။

"ကျွန်တော် မဟုတ်ဘူးဗျ၊ ကျွန်တော် မဟုတ်ဘူး။ ကျွန်တော်က တပိုတပါးကိစ္စတွေကို အဆောင်မှာကတည်းက ဖြေရှင်းလာခဲ့တာ၊ ကျွန်တော် မဟုတ်ဘူး"

"ကဲ ပြောပါဦး ရှင်မဟုတ်ရင် ဘယ်သူလဲ"

ကောင်မလေးတစ်ယောက်က ဝင်မေးလိုက်သောအခါ သားရဲ မျက်လုံးတွေ ပြာသွားသည်။ အသားတွေ တဆတ်ဆတ် တုန်ရီနေသည်။ ဘယ်ဘက်လှည့်ကြည့်ကြည့်။ ဟိုဂြိုလ်သုံးကောင်ကို ရှာမတွေ့တော့။ အားကိုးအားထားစရာ မတွေ့တော့သဖြင့် လေထဲမှာ လွင့်မျောနေသော မြက်ပင်ကလေးကို လှမ်းဆွဲလိုက်ရသည်။

"ပြောလေ ရှင်မဟုတ်ရင် ဘယ်သူလဲလို့"

"အဲ ဟို ဟို ကမ္ဘာကြီး"

"ဟယ် ကမ္ဘာကြီးတဲ့ဟော့၊ ကမ္ဘာကြီးက မနက်အစောကြီး ကျောင်းထဲလာပြီး လေလည်တယ်ဟော့"

ကောင်မလေး (၅) ယောက်က သံပြိုင်ဟစ်၍ ညာသံပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ သားရဲတစ်ယောက် ရှက်ကိုးရှက်ကန်းနဲ့ ပြေးခဲ့ရတော့လေသည်။ (ထိုနေ့မှစ၍ ကောင်မလေးတွေသည် သားရဲကိုတွေ့တိုင်း ကမ္ဘာကြီးဟု ခေါ်ကြတော့သည်)

ကန်တင်းရောက်သောအခါ သားရဲ မောနေသည်။ ရှက်ရွံ့မှုဖြင့် အိပ်မက်တွေ တွန့်ကြေနေလေသည်။ အဖွဲ့၏ ဆိုရိုးစကား (သစ္စာစကား) ကြောင့် ရယ်စရာကောင်းသောသူသည် လက်ဖက်ရည်တစ်ဝိုင်းဖိုး ဒဏ်ခံရတော့မည်လေ။ (ရယ်မောခံရ - အရှက်ရ - ငွေကကုန်လိုက်သေး။)

♥

www.burmeseclassic.com

www.burmeseclassic.com

(၂)

"အရှေ့တောင်ထောင့်အရပ်ကတို့ . . . ပဲပြုတ် . . . ပဲပြုတ် ပူပူလေး"

ကျွန်တော် လန့်နိုးသွားပါသည်။ အရှေ့တောင်ထောင့် ပဲပြုတ်သည်၏ အော်သံကြောင့် နိုးခဲ့ခြင်းမဟုတ်။ ဟိုဘက်ခန်းက နှစ်ကောင်က အခန်းနံရံကို တဒုန်းဒုန်း ထုနေသဖြင့် အိပ်မက်ကလေး လွင့်ပြယ်ကာ လန့်နိုးခဲ့ရခြင်း။

"ဒုန်း ဒုန်း ဟေ့ကောင် ပင်လယ်။ ဒါ နောက်ဆုံးရထား၊ အဲ ယောင်လို့ ဒါ နောက်ဆုံး ပဲပြုတ်သည်နော်။ ထလေကွာ"

ကြည့်။ ဟိုဘက်အခန်းက (ကာလနဂါးယောက္ခတော်) ဘုန်းဝေက အိပ်ချင်မူးတူးနှင့် နိုးနေခြင်း ဖြစ်သည်။ ကျေးဇူးရှင်က သူ့ဘိုယ် တိုင်တော့ မထဘူး။ ကောင်စုတ် အိပ်မက်ကိုက်ပြီး ထပေါ်းကြော် ဝတ်မဲ့ကောင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အဆောင်သည် နှစ်ယောက်အခန်းတွေသာရှိသည်။ ကျွန်တော်နှင့် ကျော်ဘိုဘိုထွန်းတို့က အခန်းတူနေသည်။ ကျွန်တော်တို့နှင့် အခန်းချင်းကပ်လျက်အခန်းမှာ ဘုန်းဝေနှင့် သားရဲတို့ နေကြသည်။ နေ့စဉ် ကျွန်တော်တို့ အဆောင်ရှေ့လမ်းက ပဲပြုတ်သည် (၇) သည်လောက် ဖြတ်လျှောက်အော်ရောင်းသွားနေကြ ဖြစ်ပါသည်။

လင်းကြက်တွန်သံတွေ၊ ပဲပြုတ်သည်အော်သံတွေ နေရောင်ခြည်သမ်းစကတည်းက ကြားရသော်လည်း ကျွန်တော်တို့ လေးယောက်စလုံး မျက်လုံးမဖွင့်ကြပါ။ ဘယ်သူမှ ပဲပြုတ်ထဝယ်မည့်သူမရှိ။ အိပ်မက်နဲ့ ငြိနေသူများ။

ခုအော်လိုက်သော ပဲပြုတ်သည်ကတော့ နောက်ဆုံးပဲပြုတ်သည် ဖြစ်သည်မို့ မထလို့ မဖြစ်တော့ပါ။ ကျွန်တော် အိပ်ရာထဲက လူးလဲထလိုက်ရသည်။ နာရီကြည့်လိုက်တော့ (၉) နာရီ ထိုးလုပြီ။

ကျွန်တော်တို့သည် ထမင်းဆိုင်မှာ လပေးစားသူများဖြစ်သော်လည်း ပဲပြုတ်ဝယ်ရလေ့ရှိသည်။ ထမင်းဆိုင်က မနက်စာအဖြစ် ထမင်းကြော် ကျွေးပါသည်။ သို့သော် အိပ်ရာထ အမြဲနောက်ကျတတ်သော ကျွန်တော်တို့ ထမင်းဆိုင်ကို ရောက်သွားသောအခါ ပဲပြုတ်ကကုန်နေလေပြီ။ ထမင်းကြော်အလွတ်နှင့်သာ လေးပါးသွားရသဖြင့် ပဲပြုတ်တစ်ဆယ်သား တစ်ဆယ့်ငါးကျပ်သားလောက်တော့ ဝယ်သွားရလေ့ရှိသည်။ ဆိုင်က ထမင်းကြော်အလွတ်နှင့် ဝယ်လာသော ပဲပြုတ် ရောနှောလို့ လွေးရလေ၏။

"ပဲပြုတ် ကုန်တော့မှာနော်။ ပဲပြုတ် ယူကြဦးမလား။ ဟောဒီက အရှေ့တောင်ထောင့်က အရပ်ကတို့ရေ. . . ပဲပြုတ်ပူပူလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုး. . . အရှေ့တောင်ထောင့် ပဲပြုတ်သည် ယူဦးမယ်ဗျို့"

ကျွန်တော်လည်း သံကုန်ဟစ်၍ ပဲပြုတ်သည်နောက် ပြေးလိုက်ရတော့သည်။ အဆောင်ကကောင်တွေကတော့ ဘယ်အိပ်မက်တွေ အပေါင်ဆိုင် ပို့နေကြမယ် မသိ။

"ဟဲ့. . ပလုပ်တုတ် . . ပဲပြုတ် ဝယ်တာပဲ၊ ဖြည်းဖြည်းပြောပါ"

"အဟဲ. . . အစ်မ ကျွန်တော့်ကို သိလား"

"ဘာ. . . နင့်သိလား၊ ဟုတ်လား၊ နင့်ရုပ်များ မီးသွေးဖိုထည့်ဖုတ်ထားလည်း သိတယ်၊ အကြွေးပေလေးရဲ့"

"အဟီး အစ်မက တယ်မှတ်ဉာဏ်ကောင်းသကိုး"

"ကဲ ပင်လယ် အူကြောင်ကြောင် လုပ်မနေနဲ့ ဘယ်လောက်သား ချိန်ရမှာလဲ"

"အစ်မကလည်း ထုံးစံအတိုင်းပေါ့ တစ်ပိဿာကို လည်ရောင်းလိုက် ကျွန်တော့်အတွက် တစ်ဆယ်သားပေါ့ ထုံးစံအတိုင်းနော်"

ကျွန်တော်တို့အဖွဲ့နှင့် ပဲပြုတ်သည်အစ်မက အတော်ရင်းနှီးနေပါသည်။ ပြောမနာ ဆိုမနာတွေပေါ့။ အစ်မက ပဲပြုတ်တစ်ဆယ်သား ချိန်လိုက်ပြီး

"အမယ်လေး. . . ပင်လယ် နင်တို့ ထုံးစံအတိုင်းတော့ ငါကြောက်လှပါပြီ။ အရင်အကြွေးတွေလည်း မဆပ်သေးဘူး။ နောက်ကြွေးက စက်သေနတ်လို တရစပ်။ ကြည့်လုပ်ကြပါဦး၊ ငါ အရင်းပြုတ်လုပြီ"

"အစ်မကလည်းဗျာ၊ ပြောရမယ့်လူတွေ ကျန်နေတာပဲ၊ ပထမ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကတည်းက အကြွေးအားပေးလာတဲ့ ဖောက်သည်အရင်းတွေပဲ"

"ဟုတ်ပါပြီ၊ ခု ဒုတိယနှစ်လုံးပေါက်တော့ အကြွေးမပေးနိုင်ဘူး"

"ကဲ အစ်မ၊ ကျွန်တော်နဲ့ စကားပြောနေလို့ လေကုန်တယ်၊ တစ်ခြား သွားရောင်းလိုက်ဦး"

"သေနာလေး၊ သူလိုချင်တာရတော့ ငါ့နှင်ပြီပေါ့လေ"

ကျွန်တော် ပဲပြုတ်တောင်း ခေါင်းပေါ် ပင့်ပေးလိုက်သည်။ အစ်မက ခြေဆောင့်ပြီး ထွက်သွားသည်။ ထုံးစံအတိုင်း ကျွန်တော်၏ ကြည်လင်ပြတ်သားသောအသံကို လေဟာနယ်ထဲ ပစ်သွင်းလိုက်ပါသည်။

"အရှေ့တောင်ထောင့်က အရပ်ကတို့ရေ ပဲပြုတ်ပူပူတလေး"

အဆောင်ထဲ ကျွန်တော် ပြန်ရောက်သွားတော့ ကျော်ဘိုဘို ထွန်းက ပေါင်ဒါအဖွေးသားနှင့် ပြင်ဆင်ပြီးနေပြီ။ သားရဲက မျက်နှာသုတ်ရင်း တစ်ယောက်တည်း ရေရွတ်လိုက်၏။

"မင်္ဂလာပဲကွာ၊ ခုလို မနက်စောစော လေနုအေးကို နမ်းရှိုက်လိုက်ရတာ သိပ်အရသာရှိတာပဲ၊ လန်းဆန်းသွားတာပဲ"

"ခွေးကောင် သားရဲ မင်း အဘနာရီက ကိုးနာရီ ထိုးနေပြီ"

"အဟီး ဟုတ်ရား၊ ငါက (ခုမှ) မနက်လေးနာရီလောက် ထင်နေတာ"

ကျွန်တော် အမြန်ဆုံး သွားတိုက် မျက်နှာသစ်လိုက်ရသည်။ ဟိုကောင် ဘုန်းဝေကတော့ အိပ်မက်နွံမှာ နစ်နေတုန်း။ ထုံးစံပဲလေ။ ကျွန်တော်တို့သုံးယောက် ပြင်ဆင်ပြီးတော့မှ ဘုန်းဝေကို အိပ်ရာထဲက

www.burmeseclassic.com

www.burmeseclassic.com



ဆွဲထူပြီး ထမင်းဆိုင်ကို ထွက်ခဲ့ကြပါသည်။ ဘုန်းဝေက အဆောင်ပိုင် ရေကို ချွေတာသောအားဖြင့် မျက်နှာသစ်ခြင်းကို လက်ဖက်ရည်ဆိုင် (သို့) ထမင်းဆိုင်ရောက်မှ ရေနွေးနှင့် သစ်လေ့ရှိသူ. . .

"အလာကောင်းပေမယ့် အခါနှောင်းသွားပြီ မောင်လေးတို့ရေ"

ထမင်းဆိုင် အပေါက်ဝ ရောက်သောအခါ ဆိုင်ရှင်အန်တီမျိုး၏ ဆီးကြိုသံ ကြားလိုက်ရသဖြင့် လေးယောက်သား မောဟိုက်သွားလေသည်။

"မင်းတို့က အားကြီးနောက်ကျတာကိုး"

"ဟုတ်တယ် အန်တီမျိုးရဲ့၊ ညက စာကျက်တာ ညဉ့်နက်သွားလို့ပါ။ ပဲပြုတ် ဝယ်လာပါတယ်၊ ထမင်းကြော် အလွတ်ပဲ ပြင်လိုက်တော့ဗျာ"

ဘုန်းဝေ စကားကြောင့် အန်တီမျိုးက ရယ်နေသေးသည်။ ပြီးမှ. . .

"ဒီနေ့တော့ ပဲပြုတ်တင် မဟုတ်ဘူးဟေ့၊ ထမင်းကြော် ဒယ်အိုးပါ ဆေးကြောပြီးနေပြီ။ ကော်ဖီမစ် သောက်ပါလား"

"သွားပါပြီ အန်တီမျိုးရာ၊ လက်ဖက်ရည် မသောက်ချင်လို့ ထမင်းကြော်ဆီ အပြေးလာခဲ့ကြတာ"

"ဟောဒီ အကြွေးပဲပြုတ်နဲ့ ကော်ဖီမစ်ကို ဘယ်လို မျိုကြရမှာလဲ အန်တီမျိုးရဲ့"

"အနော်မှာ မနက်အစောကြီးထပြီး ပဲပြုတ်ဝယ်ဖို့ပင်လယ် စုတ်ကို နှိုးလိုက်ရတာ အန်တီမျိုးရယ်၊ ငုတ်တုတ်ကို ထိုင်ငိုက်တယ်"

"ကျွန်တော်လည်းလေ ပဲပြုတ်အကြွေးချောင်းဖို့ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မသစ်ရသေးဘဲ မျက်နှာချိုသွေးလိုက်ရတာ တကယ့်အိုက်တင်ပဲဗျာ"

ကျွန်တော်တို့လေးယောက် တစ်ယောက်တစ်ပေါက် ညည်းပြလိုက်တော့ အန်တီမျိုးက. . .

"ကောင်စုတ်ကလေးတွေ အိပ်ရာတော့ အစောမထကြဘဲ ခုမှ လာလွှမ်းပြမနေနဲ့။ ကဲ ထိုင်ကြ အန်တီမျိုးက မင်းတို့ကို ထမင်းဖြူ ဆီဆမ်း ကျွေးလိုက်ပါ့မယ်၊ ကိုယ့်ပဲပြုတ်နဲ့ကိုယ် စားကြနော်"

"ဟေး ဒါမှ တို့ အန်တီမျိုးကွ"

အန်တီမျိုး၏ မြဇင်ယော် ထမင်းဆိုင် ဆိုင်းဘုတ်ကလေး လှုပ်ရမ်းသွားလေသည်။ အပျော်ဆိုတာ ကူးစက်သွားရင် မိုးပေါ်က ငှက်တောင် ချေးပါချင်စိတ်ပေါက်သွားမှာပဲလေ. . .။

♥

www.burmeseclassic.com

www.burmeseclassic.com

(၃)

ဒီမနက်ခင်းသည် ထူးခြားအံ့ဖွယ် စာအုပ်ထဲက ဖရိုဖရဲ ထွက်လာသော မနက်ခင်း ဖြစ်လိမ့်မည်။

(အို မိတ်ဆွေ) ဒီမနက်ခင်းကို မယုံကြည်နိုင်စရာတွေ အပြည့်ထည့်ထားသော ပုလင်းတစ်လုံးအဖြစ် ဘယ်သူ အသက်သွင်း လိုက်ပါသလဲ။

အားလုံးထဲမှာ အအိပ်အမက်ဆုံးဖြစ်သော ဘုန်းဝေသည် ကျွန်တော်တို့ အခန်းကို တဒုန်းဒုန်းထု၍ နှိုးနေလေသည်။ ကျွန်တော် အိပ်မှုံစုံမွှားဖြင့် နာရီထကြည့်မိသည်။ နာရီကလည်း အိပ်မှုန်စုံမွှားနဲ့ လေးနာရီ လေးဆယ့်ငါးမိနစ်မှာ ငိုက်မြည်းနေရှာသည်။

"ပင်လယ်နဲ့ ဘိုဘိုတို့ ထကြပါကွာ"

"ခွေးကောင် ဘုန်းဝေ၊ ဘာလာကြောင်နေတာလဲ၊ ခုမှ မနက် လေးနာရီကျော် ရှိသေးတာ၊ အိပ်မက်တန်းလန်းနဲ့ ည လခွမ်း ရယ်မှ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ 'ထ' ဆို 'ထ' နော်။ အခန်းထဲ ရေနဲ့ ပက်လိုက်ရမှာလား"

အတော်အံ့သြစရာတော့ ကောင်းနေပြီ။ မနက်ကိုးနာရီထိုးတာတောင် မနည်းနှိုးယူရတဲ့ကောင်က မ်နက်အစောကြီး သူတစ်ပါး အိပ်မက်တွေ လိုက်ဖျက်ဆီးနေသေး။ ဒီကောင် အိပ်မက်ဆိုးနဲ့တိုးပြီး သူအိပ်ရာက လန့်နိုးတိုင်း သူငယ်ချင်းတွေကို ဒုက္ခလိုက်ပေးနေတာလား။

"ပင်လယ်ရေ ထတော့ကွာ။ အရေးကြီးလို့တဲ့ ငါလည်း ရှုးချင်နေပြီ"

သားရဲက ငိုသံတစ်ဝက် အိပ်ချင်မူးတူးသံတစ်ဝက်ဖြင့် ဝင်ပြောလိုက်သောကြောင့် မထချင် ထချင် ထလိုက်ရတော့သည်။ တစ်သက်လုံး အိပ်မက်တွေ ဗွက်ထမဲ့ကောင်။ ကောင်စုတ် ဘုန်းဝေ။ ကြယ်ကြွေတွေ ခေါင်းပေါ် ပြုတ်ကျပြီး ဘယ်သူ့ဆီကမှ ပိုက်ဆံချေးမရတဲ့ ဘဝမျိုးနဲ့ ကြုံတွေ့ပါစေဗျာ။

ကျွန်တော်နှင့် ကျော်ဘိုဘိုထွန်း (နာမည်က ရှည်သလို လူကလည်း ပိန်တိန်တိန် ရှည်တေတေ) တို့ နှစ်ယောက် ဘုန်းဝေကို ဆဲရေးရင်း အခန်းထဲက ထွက်ခဲ့ကြသည်။

'အားပါးပါး'၊ တစ်သက်လုံး မနက်ကိုးနာရီကျော်မှ ရေမွှေးကြမ်းနဲ့ မျက်နှာသစ်ဖူးတဲ့ကောင်က အဝတ်အစား အသစ်စက်စက်တွေဝတ်လို့ အရမ်းကို တောက်ပြောင်နေပါလား။ ဒီမနက်ခင်းတိုမယုံကြည်စရာတွေ အပြည့်ထည့်ထားသော ပုလင်းတစ်လုံးအဖြစ် ဘယ်သူ လက်ကမြင်းလိုက်ပါသလဲ။

"ဟော့ကောင်တွေ ဘာကြောင့်ကြည့်နေကြတာလဲ၊ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်သစ် အဝတ်စား မြန်မြန်လဲ၊ အချိန်မရှိတော့ဘူး လုပ်ကြ"

ဘုန်းဝေက ပြဇာတ်ရှေ့အခန်းမှာ သရုပ်ဆောင်ရမည့် ဇာတ်သမလေးတွေကို ငေါက်ငမ်းနေသော ဇာတ်ဆရာလေသံဖမ်း၍ ပြောလိုက်သည်။

"ဘာတွေ အရေးကြီးနေရတာလဲ ဘုန်းဝေရာ။ ငါးနာရီ မထိုးခင်မှာ မင်းကြီးတော်ကြီးကို ကားတင်ပြေးမယ်လို့ သတင်းရထားလို့လား"

"ဟိုရောက်တော့ သိလိမ့်မယ်၊ မြန်မြန်လုပ်ကြပါ"

မနက်စောစောစီးစီး (ကျွန်တော်တို့အတွက်တော့ မနက် ငါးနာရီဆိုတာ တကယ့်အစောဆုံးအချိန်) ဘာတွေ အရေးကြီးနေမှန်း မသိသော ဘုန်းဝေကိုကြည့်ပြီး ကျွန်တော်လည်း အရေးကြီးချင်စိတ် ပေါက်သွားသည်။ ထို့ကြောင့် သွားမတိုက်တော့ပါ။ မျက်နှာကို ရေ အနည်းငယ်ဖြန်းပြီး မနက်ခင်းကို အရေးတကြီး နမ်းရှိုက်လိုက်ရတော့ သည်။ အရေးထဲမှာ ကျော်ဘိုဘိုထွန်းက အခွင့်အရေးတစ်ခု အရေး တကြီး တောင်းဆိုလိုက်သေးသည်။

"ဘုန်းဝေ အရေးကြီးတာလည်း အရေးကြီးတာပေါ့ကွာ၊ လေ ယာဉ်ပျံစီးပြီး အရေးကြီးကြီး၊ ခြေလျင်လျှောက်ပြီး အရေးကြီးကြီး၊ မင်း ကြိုက်သလို အရေးကြီးနိုင်ပါတယ်။ ဒါပေမဲ့ ငါ့ကို ပေါင်ဒါလူးဖို့ အချိန်ကလေး ငါးမိနစ်လောက်တော့ ဖဲ့ပေးသင့်ပါတယ်"

"ဟာကွာ"

"ကိုပေါင်ဒါကြီးရေ 'မုန့်စားရင်း လှည်းစီးသလိုမျိုး'၊ 'ပေါင်ဒါ ဖြူးရင်း မိတ်ကပ်လိမ်း' တော့ မလုပ်နဲ့ကွာ။ အချိန်နဲ့ နပိုင်(နွားပိန်) ဆိုတာ လူကို မစောင့်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နပိန်(နွားပိန်) က ဘာလို့ လူကို မစောင့်ရတာလဲ"

"ဟ နပိန်ဆိုတဲ့ နွားတွေဟာ အချိန်မီ စားကျက်ကို မရောက်ခဲ့ရင် အလိုလိုမှ ပိန်ရတဲ့အထဲ နပိန်မော်ဒယ်ဂဲလ်တွေ ဖြစ်ကုန်မှာ စိုးလို့ လူကို ဘယ်စောင့်နေနိုင်မလဲ"

ဘုန်းဝေ အယူအဆကတော့ ချွေးပြန်လောက်စေသည်။ ကျော်ဘိုဘိုထွန်းမျက်နှာ ဥယျာဉ်မှာ ပေါင်ဒါပန်းတွေ ပွင့်လန်းလာသောအခါ ကျွန်တော်တို့ မနက်ခင်း လမ်းမပေါ် အပြေးထွက်ခဲ့တော့၏။

မနက်ခင်း လမ်းမပေါ်မှာ ညက ဖိတ်စင်ခဲ့သော အမှိုက်အနည်းငယ် ရှုပ်ပွနေရုံကလွဲပြီး နှင်းပွင့်ပန်လေညှင်းသတို့သမီးကို နမ်းရှိုက်ရသည်မှာ အီကြာကွေးစော် နံလှပါသည်။ ဟုတ်တယ်လေ၊ လက်ဖက်ရည်ဆိုင်တွေက အီကြာကွေးနှင့် စမူဆာတွေ ကြော်နေကြပြီလေ။

"သူငယ်ချင်းတို့ ဒီနေ့ ဘာနေ့လဲ သိလား"

ဘုန်းဝေ့က အပြုံးတွေနှင့် မေးလိုက်သည်။ (အပြုံးတွေမချွေတာတဲ့ ဘုန်းဝေ. . . ချစ်သူတွေ့တဲ့နေ့မှ အပြုံးတွေ ဖြုန်းတီးခဲ့သမျှ နှမြောတမ်းတနေရလိမ့်မယ်)

သားရဲက စပ်ဖြဲဖြဲလုပ်ရင်း ပထမဆုံး ဖြေလိုက်သည်။

"သိတာပေါ့ကွ။ ဒီနေ့ ဈေးနေ့"

"နင့်ဘကြီး ဈေးနေ့ရမှာလား၊ ဒီနေ့ ဥပုသ်နေ့ကြီး ဈေးပိတ်တယ်၊ ဒီနေ့ မင်္ဂလာကန်မှာ ငါးလွှတ်မယ့်နေ့ ဟုတ်တယ်မဟုတ်လား ဘုန်းဝေ"

ကျော်ဘိုဘိုထွန်းက သားရဲကို ပောက်လိုက်ပြီး ဘုန်းဝေကို

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်လေးနဲ့ ပြန်မေးရှာသည်။

ဘုန်းဝေက မျက်နှာပျက်နေပြီ။ စောစောစီးစီး ရွှင်လန်းနေသော ဘုန်းဝေမျက်နှာပေါ်က အပြုံးပန်းတွေကို ဘယ်လေကြမ်းက အလစ်သုတ်သွားပြီလဲ။ ဘုန်းဝေက ကျွန်တော့်ကို တစ်ချက်ကြည့်သည်။ ကျွန်တော့်ကို ဘာနေ့လဲလို့ မေးလိုက်တာလေ။ ကျွန်တော် မဖြေချင့် ဖြေချင်နှင့် ဖြေလိုက်ရပါတော့၏။

"ဘုန်းဝေရယ်၊ စိတ်ခတ်မကျပါနဲ့၊ ဒီနေ့ဟာ ငါတို့ အဆောင်လခတွေ ပေးရမယ့်နေ့လေ။ စိတ်ပူစရာ မလိုပါဘူး။ အဆောင်ရှင် ဦးစိုးသိန်းကို အကြွေးမှတ်ခိုင်းရုံပေါ့"

"တော် တော်ကြပါတော့ကွာ။ ငါ့ရင်ထဲက ကြည်နူးမှုတွေကို သွားမတိုက်ခဲ့တဲ့ ပါးစပ်တွေနဲ့ မတူးဆွကြပါနဲ့၊ ငါ တောင်းပန်ပါတယ်ကွာ"

ဘုရားသခင်၊ ကျွန်တော်တို့ (၃) ယောက် ပြောခဲ့တဲ့ စကားတွေထဲမှာ ဘာအမှားတွေ ပါဝင်နေလို့လဲ၊ သားရဲပြောတဲ့ ဈေးနေ့တစ်ခုပဲ လွဲခဲ့တာပါ။ ဘုန်းဝေ မင်း ဘာဖြစ်သွားရတာလဲ၊ ဘာတွေဖြစ်နေတာလဲ။ နားမလည်ဘူး ငဝေ။

ကျွန်တော်တို့ ခြေလှမ်းတွေဟာ မြေနီလမ်းကလေးပေါ် လျှောက်နေရသော်လည်း အိပ်မက်ပုလင်းကွဲစတွေ ခင်းထားသော ပုလင်းရင်ကွဲ လမ်းပေါ် လျှောက်နေရသည်နှင့် တူနေလေ၏။

"မင်း ဘာဖြစ်နေတာလဲ ဘုန်းဝေ"

ဘုန်းဝေက ဘာမှမပြော။ သူ့လက်ပတ်နာရီကို တစ်ချက်ကြည့်ပြီး အလန့်တကြား အော်တော့သည်။

"ဟာ ငါးနာရီ တစ်ဆယ့်ငါး။ လာ ဟော့ကောင်တွေ ပြေးစို့"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဘုန်းဝေက စပြေးတော့သည်။ ကျွန်တော်တို့လည်း (ဘုမသိ ဘမသိ) သူ့နောက်က ပြေးလိုက်ရလေသည်။ 'ဟောဟူး ဟောဟူး' ကျွန်တော်တို့ လေးယောက် မောဟိုက်လာသဖြင့် 'ဟောဟဲ ဟောဟဲ' စိုက်လာသည်။ လေက တဟူးဟူး တိုက်ခတ်လာသောအခါ 'ဟောဟူး ဟောဟူး' အသံတွေ ထွက်နေခြင်းဖြစ်ပါသည်။

ပြေးရင်းလွှားရင်း ကျွန်တော်က ဘုန်းဝေကို အော်မေးရသည်။

"ဘုန်းဝေ ဘာအရှူးထတာလဲ၊ ဟောဟူး ဟောဟူး"

"အရူးထတာလည်း မဟုတ်ဘူး၊ နှာဘူးထတာလည်း မဟုတ်ဘူး၊ တဏှာဘီလူး ကတာလည်း မဟုတ်ဘူး၊ ဟောဟူး ဟူးဟော"

(ငါးနာရီ တစ်ဆယ့်ရှစ်၊ ငါးနာရီ တစ်ဆယ့်ရှစ်၊ ငါးနာရီ တစ်ဆယ့်ရှစ်)

ဘုန်းဝေက နာရီကိုကြည့်ရင်း ပါးစပ်က တတွတ်တွတ်ရွတ်လျက် ပြေးနေဆဲ ဖြစ်သည်။ ကျွန်တော်တို့ (၃) ယောက်လည်း ဘုန်းဝေနောက်က ပြေးလိုက်ရင်း ဘုန်းဝေ အော်သလို လိုက်အော်ခဲ့မိသည်။

(ငါးနာရီ တစ်ဆယ့်ကိုး၊ ငါးနာရီ တစ်ဆယ့်ကိုး၊ ငါးနာရီ တစ်ဆယ့်ကိုး၊ ငါးနာရီ တစ်ဆယ့်ကိုး)

"ကျွိ"

"အား"

♥

www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် ဖြတ်ဝင်လာသော ကြေကွဲဖွယ် ကဗျာတစ်ပုဒ်လား၊ မရည်ရွယ်ဘဲ အလွမ်းလေထဲကို ပစ်လှဲချလိုက်သော အလွမ်းကြွေ သစ်ရွက်ဝါ တစ်ရွက်လား။

လမ်းလေးဆုံ လမ်းမကြီးကို ဖြတ်အကူးမှာ ကံကြမ္မာလက်ကြမ်းကြမ်းကြီးက လှသော မနက်ခင်း ပန်းတစ်ပွင့်ကို ခူးယူလိုက်လေပြီ။ ပန်းကလေးမှာ သွေးမျက်ရည်တွေနဲ့၊ ရှေ့ဆုံးက ပြေးလွှားနေသော ဘုန်းဝေကို ကားကလေးက ဝင်တိုက်လိုက်ခြင်း ဖြစ်ပါသည်။

"ဘုန်းဝေ သူငယ်ချင်း"

"ဘုန်းဝေ"

"ဘုန်းဝေ မင်း ဘယ်ထိသွားလဲ"

"ဘုန်းဝေရာ ဖြစ်မှ ဖြစ်ရလေ"

ဘုန်းဝေ၏ ဘယ်ဘက်ခြေထောက်တစ်ဖက်ကိုသာ ပွတ်တိုက်မိခြင်း ဖြစ်သော်လည်း ပစ်လဲကျသွားသော အရှိန်ဖြင့် ဘုန်းဝေ မျက်နှာမှာ သွေးတွေ၊ ကျွန်တော် ဘုန်းဝေကို ရင်ခွင်ထဲ ဆွဲသွင်းထားမိသည်။ ကားပေါ်က အမျိုးသမီးနှစ်ယောက် ပြေးဆင်းလာကြသည်။

"ဒဏ်ရာများလား၊ စိုးရိမ်ရလားရှင်"

"ဆေးရုံ အမြန်ဆုံး ပို့ကြရအောင်"

ကျွန်တော်တို့ အိပ်မက် မက်နေကြခြင်း မဟုတ်ပါ။ အမျိုးသမီး နှစ်ယောက်မှာ သွေးရူးသွေးတန်း ဖြစ်နေရှာသည်။

"ဘုန်းဝေ"

"ပင်လယ်"

"ဖာ သတိရလာပြီ"

"ဆေးရုံအမြန်ပို့ကြစို့"

www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ် ဘယ်နှစ်နာရီ ထိုးပြီလဲ၊ ငါ ငါ. . ."

ကျွန်တော် အရမ်းကြေကွဲသွားသည်။ ဘုန်းဝေ လက်ပတ်နာရီလေးက လမ်းပေါ်မှာ ကွဲကြေနေလေပြီ။ ကျွန်တော့်မှာက နာရီမရှိ။ အမျိုးသမီးတစ်ယောက်က ဝင်ဖြေသည်။

"ငါးနာရီ နှစ်ဆယ် ထိုးတော့မယ်"

"ဘာ ငါးနာရီ နှစ်ဆယ်၊ ပင်လယ်ရေ ငါ့ကို မုန့်ပျားသလက်ဆိုင် မြန်မြန်ပို့ပေးပါ။ ငါးနာရီ နှစ်ဆယ် ပင်လယ် လုပ်ပါကွာ။ ငါ ခြေထောက် အား. . . ပင်လယ်။ ငါးနာရီ နှစ်ဆယ်"

ဘုန်းဝေ သွေးရူးသွေးတန်းတွေ လျှောက်ပြောနေလေပြီ။

"ဘုန်းဝေ သတိထားလေကွာ၊ ငါတို့အားလုံး ရှိတယ်၊ တို့ အခု ဆေးရုံသွားကြမှာ မင်း ဘာမှမဖြစ်ဘူး သူငယ်ချင်း"

"မဟုတ်ဘူး ပင်လယ် ငါ့ကို မုန့်ပျားသလက်ဆိုင် အမြန်ဆုံး ပို့ပေးပါ။ ငါးနာရီ နှစ်ဆယ်ထိုး. . ."

"ကဲ လုပ်ကြပါရှင် သွေးလွန်သွားရင် ဒုက္ခရောက်ကုန်လိမ့်မယ်"

"ကဲ ကားပေါ်တက်ကြပါ၊ ဆေးရုံ အမြန်သွားကြစို့"

အမျိုးသမီးတစ်ယောက်က စိုးရိမ်ထိတ်လန့်စွာ အော်၍ သတိပေးမှ အားလုံး ကားပေါ်တက်ကြသည်။ ကျွန်တော်တို့အဖွဲ့က ဘုန်းဝေကို မနာကျင်အောင် 'မ' ၍ ကားပေါ်တင်စဉ် ဘုန်းဝေက. . .

"ပင်လယ်. . . ငါ့ကို မုန့်ပျားသလက်ဆိုင် ပို့ပေးပါ"

"ဘုန်းဝေရယ်"

"မုန့်ပျားသလက်ဆိုင် ဘယ်နားမှာရှိလဲ ရှင်တို့ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"သိတယ် ရှေ့လမ်းထိပ်မှာ ရှိတယ်"

အမျိုးသမီးတစ်ယောက်က ကားကို အမြန်ကွေ့၍ မုန့်ပျားသလက်ဆိုင်ဆီ မောင်းထွက်ခဲ့သည်။

♥

"ဘုန်းဝေ သူငယ်ချင်း မုန့်ဆိုင်ရောက်ပြီ"

"ပင်လယ်. . . မုန့်ပျားသလက် (၂၁) ခု ဝယ်ပေးပါ"

"အေးပါကွာ"

ကျွန်တော် ကားပေါ်က အမြန်ဆင်းခဲ့သည်။ ဘုန်းဝေကိုတော့ သားရဲနှင့်ကျော်ဘိုတိုထွန်းတို့ ပွေ့ဖက်ထားကြသည်။

"အန်တီ မုန့်ပျားသလက် နှစ်ဆယ့်တစ်ခု အမြန်ထုပ်ပေးပါ"

အန်တီကြီးက မုန့်ပျားသလက်ကို တစ်ခုချင်း ရေထည့်နေသေးသည်။ အရေးထဲ မုန့်ဖြူလား၊ မုန့်နီလား မေးနေသေး၏။

"အဲတော့ ကောင်လေးရေ မုန့်က တစ်ဆယ့်ငါးခုပဲ ရှိသေးတယ်"

"ဒုက္ခပါပဲဗျာ၊ အိုးထဲက အမြန်ဆယ်ပေးပါ အန်တီရယ် အရမ်းအရေးကြီးနေလို့ပါ"

အန်တီကြီးက မီးမှုတ်နေသေးသည်။ ကားဟွန်းက အဆက်မပြတ်တီးနေပြီ။

"အန်တီ အိုးထဲကဟာတွေ ဆယ်လိုက်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မကျက်သေးဘူး၊ ခဏစောင့်"

"ကျက် ကျက် မကျက်ကျက် ဆယ်လိုက်ပါ၊ အန်တီရယ် အရမ်းအရေးကြီးလို့ပါ"

"ဟယ် ဘယ်လိုလူတွေနဲ့ လာတွေ့နေပါလိမ့်"

မုန့်ပျားသလက်သည် အန်တီကြီးက မကျက်သေးသော မုန့်ကို မရမက ဆယ်ထည့်ပေးသော်လည်း အိုးကင်းက သုံးခုထဲမို့ မုန့်က တစ်ဆယ့်ရှစ်ခုသာ ရသေးသည်။ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု အမြန်ဆုံးချလိုက်ပြီး. . .

"သားရဲ . . . ရော့ မုန့်တွေယူပြီး ဆေးရုံ အမြန်သွားနှင့်ကြ မုန့်က (၃) ခု လိုသေးတယ်။ ရတာနဲ့ ငါ ဆေးရုံလိုက်ခဲ့မယ်။ မြန်မြန်သွားကြ။ ငါ စိတ်ချပါရစေ ဘိုဘို"

"ဟယ် ရှင်က ဘာနဲ့လာမှာလဲ"

"စကားမရှည်နဲ့ သွားကြတော့"

ဘုန်းဝေ ငါးနာရီနှစ်ဆယ်၊ မုန့်ပျားသလက် နှစ်ဆယ့်တစ်ခု။

ငါ ဘယ်လိုနားလည်ရမှာလည်း ဘုန်းဝေ။ ငါ့ရင်ထဲမှာ မျက်ရည်မိုးတွေ ရွာနေပြီ ဘုန်းဝေရေ. . .။

♥

www.burmeseclassic.com

www.burmeseclassic.com

(၄)

"ရပြီ ကောင်လေးရေ ရော့ ကျန်တဲ့ (၃) ခု"

"ကျေးဇူးပါပဲ အန်တီ"

"ဟဲ့ ကောင်လေး မုန့်ဖိုးပေးသွားဦးလေ၊ ဟဲ့ကောင်လေး မုန့်ဖိုး"

"မေ့သွားလို့ အန်တီ"

သွားပြီ။ ကျွန်တော့်အိတ်ကပ်ထဲမှာ ငွေတစ်ပြားမှ ပါမလာခဲ့ပေ။ ဒီမနက်စောစော ဘုန်းဝေက နှိုး၍ မျက်နှာ ကပျာကယာသစ်ပြီး လိုက်ခဲ့ခြင်း ဖြစ်သည်။

"ကောင်လေး နှစ်ရာ့တစ်ဆယ်ကျတယ်၊ ဘာလဲ အကြွေမပါလို့လား၊ တစ်ထောင်တန်လည်း အန်းနိုင်ပါတယ်တော်၊ ဟမ်းဘောမုန့်သည်ဆိုပြီး အထင်မသေးပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းတွေသာ တဖြစ်ဖြစ် ကုတ်နေမိသည်။ ကျွန်တော် ကံကောင်းသွားပါသည်။ ခေါင်းကုတ်လိုက်မှ လက်က လက်စွပ်ကို သတိရသွားသည်။ လက်စွပ်ကို အမြန်ချွတ်လိုက်ပြီး . .

"စိတ်မရှိပါနဲ့ အန်တီ ကျွန်တော်တို့ဟာ ကျောင်းသားတွေပါ။ ခု ကျွန်တော့်သူငယ်ချင်း ဆေးရုံတင်လိုက်ရလို့ အရမ်းအရေးကြီးနေပါတယ်။ ကျွန်တော့်မှာ ပိုက်ဆံပါမလာခဲ့လို့ ဒီလက်စွပ် ခဏယူထားပေးပါ၊ ပြီးမှ လာရွေးပါ့မယ်"

"ဟယ် ပတ္တမြားလက်စွပ်ကြီးပဲ၊ မယူချင်ပါဘူး၊ နှစ်ရာ့တစ်ဆယ်ပဲ ပေးပါ ဈေးဦးမပေါက်သေးလို့"

"ယူထားလိုက်ပါ အန်တီရယ်၊ အရေးကြီးလို့ သွားပြီဗျို့"

ကျွန်တော် မုန့်ထုပ်ဆွဲပြီး ပြေးထွက်ခဲ့တော့သည်။ မုန့်သည်အန်တီကြီးတော့ ဘယ်လိုကျန်ရစ်ခဲ့မည် မသိ။

(မုန့်သည် အန်တီကြီးကတော့ အတွေးနွံနစ်၍ ကျန်ရစ်ခဲ့ရှာသည်။ ထိုနေ့က မုန့်ဆက်မလုပ်ဖြစ်တော့။ ဤနေရာတွင် စာရေးဆရာက မဆီမဆိုင် မုန့်သည်အန်တီကြီး၏ အတွေးများကို ဝင်အာချောင်ပါရစေ ခင်ဗျာ)

"ဘယ်လိုကောင်လေးလဲ မသိပါဘူး။ မုန့်နှစ်ဆယ့်တစ်ခုကို ပတ္တမြားလက်စွပ် အပေါင်ထားပြီး ဝယ်သွားတယ်။ အဲ လက်စွပ်က အစစ်ကော ဟုတ်ရဲ့လား၊ အင်းလေ အတုကြီးဆိုရင်လည်း နှစ်ရာ့တစ်ဆယ် တန်ကောင်းပါရဲ့"

"အတုတော့ မဟုတ်လောက်ပါဘူး။ ကောင်လေးကြည့်ရတာ ရည်ရည်မွန်မွန်ကလေး။ ကလေကချေရုပ် မပေါက်ရုံတမယ်လေးပါ။ ငါ့နှယ် အတွေးနည်းလိုက်တာ သူတို့ လာဝယ်တုန်းက ဟားနဲ့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား”

“ထူးပါဘူးလေ ပတ္တမြားလက်စွပ်ကလေး ဝတ်ဖူးတယ်ရှိအောင် ဝတ်ထားဦးမှ။ အို ပတ္တမြားလက်စွပ်ဝတ်ထားတဲ့လက်နဲ့ ဘာလို့ မုန့်ပျားသလက် ထိုးရောင်းနေရဦးမှာလဲ”

“ပတ္တမြားမှန်ရင် နှမြောစရာ ပတ္တမြားလက်စွပ်ကတော့ မုန့်ပျားသလက်နဲ့ ဖြစ်ပါဘူးအေ. . .။ ပတ္တမြားလက်စွပ်ကလေး မီးခိုးမွန်းသွားရင် ကျုပ် ရှုံးရလိမ့်မယ်”

♥

ကျွန်တော် ဆေးရုံရောက်သွားတော့ ဘုန်းဝေကို ဆေးကုသနေကြလေပြီ။ အေးစက်နေသော မုန့်ပျားသလက်တွေကိုကြည့်ပြီး ကြေကွဲသွားသည်။ ဒီနေ့မနက်ခင်းသည် အကျီတစ်ထည်ဖြစ်ခဲ့လျှင် ဘုန်းဝေ ဝတ်မည့်အစား ကျွန်တော် ဝတ်လိုက်ချင်ပါ၏။ ဘုန်းဝေ အကြောင်းကို အသိဆုံးလူမှာ ကျွန်တော် မဟုတ်သော်လည်း ဘုန်းဝေ၏ခံစားကြေကွဲမှု တချို့တစ်ဝက်ကိုတော့ ကျွန်တော် သိခဲ့ရပါသည်။

ဘုန်းဝေတို့သည် အရမ်းချမ်းသာကြသည်။ ဘုန်းဝေမှာ အစ်ကိုတစ်ယောက်သာ ရှိသော်လည်း အသက်ချင်း အရမ်းကွာသည်။ ဘုန်းဝေ ဆယ်တန်းကျောင်းသားဘဝက ဘုန်းဝေအစ်ကို နိုင်ငံခြားသွားရန်အတွက် မိသားစုလိုက် ရန်ကုန်လိုက်ပို့ခဲ့ကြသည်။ လမ်းခရီးမှာ သူတို့မိသားစု ကားကြမ္မာဆိုးနှင့် ပက်ပင်းတိုးခဲ့ရလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘုန်းဝေဖခင်ကိုယ်တိုင် မောင်းလာသောကားသည် ဘရိတ်ပေါက်ကာ ချောက်ထဲထိုးကျခဲ့လေသည်။ ပျော်ရွှင်ဖွယ်မိသားစုဘလေးကို ကံကြမ္မာမုန်တိုင်းက ရိုင်းစိုင်းစွာ ဆွဲဖြုပစ်ခဲ့သည်။ ထိုစဉ်က ဘုန်းဝေအမေနှင့် ဘုန်းဝေအစ်ကိုတို့မှာ ပွဲချင်းပြီး သေဆုံးခဲ့ကြသည်။ ဘုန်းဝေ၏ မိခင်ဖြစ်သူက တင်ပါးညှပ်ရိုးကျိုးသွားကာ ဒုက္ခိတ ဘဝရောက်ခဲ့ရသည်။ ကံကောင်းထောက်မစွာ ဘုန်းဝေ တစ်ယောက်တည်း ဘဲခါးပွင့်၍ လွင့်ကျကာ မြေပေါ်တင် ကျန်ရစ်ခဲ့ရှာသည်။

ဖြစ်မှဖြစ်ရလေ ဘုန်းဝေရယ်။

"ပင်လယ်"

ကျော်ဘိုဘိုထွန်း အသံကြောင့် ကျွန်တော် အတွေးတွေ လွင့်ပြယ်ကုန်ပါသည်။ ကျွန်တော် ရပ်နေတဲ့အနားကို အမျိုးသမီး နှစ်ယောက် ရောက်လာသည်။ ဒီအချိန်မှာ ကျွန်တော် ဘယ်သူနဲ့မှ စကားမပြောချင်ပါ။ ဘုန်းဝေ အခြေအနေကောင်းပါစေ။

"ကိုပင်လယ် ကျွန်မက မိုးစက်သီတာပါ။ သူကတော့ ကျွန်မ သူငယ်ချင်း နီလာမြင့်လို့ ခေါ်ပါတယ်။ နီလာက ကားမောင်း ဘတ်တာ မကြာသေးဘူး၊ ဒီမနက်စောစော လူရှင်းတဲ့ လမ်းတွေမှာ နီလာ ကားစမ်း မောင်းကြည့်ရင်း ခုလိုဖြစ်သွားရတာပါရှင်"

မိုးစက်သီတာဆိုသော အမျိုးသမီးက ကျွန်တော့်လက်ထဲက ခုနှ ပျားသလက်ထုပ်ကိုကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

"ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲဗျာ။ ဘုန်းဝေတစ်ယောက် အကောင်းဆုံး အခြေအနေရောက်ဖို့ပဲ အရေးကြီးတော့တာပါ"

"ဟုတ်ပါတယ်၊ ကျွန်မ နားလည်ပါတယ်။ ကိုဘုန်းဝေ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကင်းသက်သာသွားတဲ့ အခြေအနေအထိ ကျွန်မ အစစ အရာရာ တာဝန်ယူပါရစေ"

"ရပါတယ် မမိုးစက်သီတာ၊ ကျွန်တော်တို့ သူငယ်ချင်းတွေဝိုင်းပြီး ဘုန်းဝေကို ကုသသွားမှာပါ။ တစ်ခုတော့ ရှိတယ်၊ ဒီကိစ္စကို နယ်က ဘုန်းဝေအမေ မသိအောင်တော့ ကျွန်တော်တို့ ကြိုးစားရဦးမှာ"

မိုးစက်သီတာက ကျွန်တော့်ကို သေချာစိုက်ကြည့်နေသည်။ အတန်ကြာမှ. . .

"မဟုတ်တာရှင် ကျွန်မတို့ ကားနဲ့ အက်ဆီးဒင့် ဖြစ်ခဲ့တာပဲ၊ ကျွန်မတို့မှာ တာဝန်အပြည့်ရှိပါတယ်။ ကိုဘုန်းဝေအတွက် ကျွန်မတို့ တာဝန်ယူပါရစေ"

ကျွန်တော် ရင်ထဲမှာ 'ကျင်' ခနဲ ဖြစ်သွားသည်။ 'တာဝန်' သူမတို့ကားဖြင့် တိုက်မိ၍ လူနာတစ်ယောက် ဆေးကုသမှုခံယူရန်အတွက် သူမတို့ဘက်က တာဝန်ကျေချင်သည်တဲ့။ ကျွန်တော် ရွဲ့ပြောလိုက်မိ သည်။

"ဟုတ်ကဲ့ပါ မမိုးစက်သီတာ. . ခင်ဗျားတို့ တာဝန်ဝတ္တရားကျေချင်တယ်ဆိုရင်လည်း သဘောပါဗျာ"

သူမ တစ်ချက်ပြုံးလိုက်သည်။ ထိုအပြုံးက နှင်းဆီရိုင်းဆန်သည်။ ထိုအပြုံး၏ အဓိပ္ပာယ်က ပင်လယ်ပြင်ထက် နက်ရှိုင်းသည်။ ထိုအပြုံး၏ အဓိပ္ပာယ်တွေက ကောင်းကင်ပြင်ထက် ပြန့်ဝါးသည်။သူမက ဆက်ပြော၏။

"စိတ်ချပါ ကိုပင်လယ်၊ ကိုဘုန်းဝေ ကျန်းမာသွားတဲ့အထိ အစ အဆုံး ကျွန်မ တာဝန်ယူသွားမှာပါ။ ဒါပေမဲ့ . . တစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ပြောပါရစေ”

ကျွန်တော် ခေါင်းညိမ့်ပြလိုက်မိသည် ထင်ပါသည်။ သူမက ပျားတစ်ကောင်ကို ဖမ်းစားတော့မည့် အသားစား ပန်းရိုင်းဆန်သော အပြုံးကို အမြန်သုံးစွဲလိုက်သေးသည်။ ပြီးတော့ ရုတ်ချည်း အပြုံးသစ်ကို ပြောင်းသုံးလိုက်၏။ ထိုအပြုံးကတော့ စံပယ်ဆန်သော အပြုံးတစ်ပွင့်။

“ဒီလိုပါ ခုဟာက ယာဉ်တိုက်မှုဖြစ်နေတော့ ရှင်တို့ဘက်က အမှုပြေအေးကြောင်း လက်မှတ်အမြန်ဆုံး ထိုးပေးစေချင်ပါတယ်။ အဲဒီ အတွက် နစ်နာကြေးကို ရှင်တို့ ကြိုက်သလောက် တောင်းပါ။ ရှင်တို့ တောင်းသလောက်ပေးဖို့ ကျွန်မ ဝန်မလေးပါဘူး”

“ဘာကွ”

ကျွန်တော် ဒေါသပေါက်ကွဲသွားလေပြီ။ နစ်နာကြေးတဲ့၊ ရှင်တို့ ကြိုက်သလောက်တောင်းတဲ့။ တောက်. . .။ အိပ်မက် ဖန်ခွက်တစ်လုံးကို နံရံဆီ ပစ်ပေါက်လိုက်။

“မင်းတို့နှစ်ယောက် ငါ့ရှေ့က ထွက်သွားကြတော့ကွာ”

“ကိုပင်လယ် ရှင့်သူငယ်ချင်း ဘဝနစ်နာမှုအတွက် ရှင် စဉ်းစားပါဦး”

“တောက်. . . မကြားချင်ဘူး၊ မင်းတို့ သွားတော့”

ကျွန်တော့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရီနေသည်။ ကျွန်တော် လက်သီးတွေ ကျစ်ကျစ်ဆုပ်လိုက်မိ၏။ ထိုအချိန်မှာ ဘိုဘို ရောက်လာပြီး. . .

“စိတ်ထိန်းပါ ပင်လယ်ရာ၊ ပင်လယ် စိတ်ကိုလျှော့ထား လိုက်စမ်း ပါ။ ဆေးရုံကြီးထဲမှာ မမိုးစက်သီတာတို့လည်း သွားပါ

www.burmeseclassic.com

www.burmeseclassic.com



တော့ဗျာ. . .”

သူမတို့နှစ်ယောက် ထွက်သွားကြသည်။
တိတ်ဆိတ်မှုတွေ ကြွင်းကျန်ရစ်ခဲ့၏။

♥

www.burmeseclassic.com

www.burmeseclassic.com

(၅)

ဘုန်းဝေကို ကံကြမ္မာက ငဲ့ညှာလိုက်ပြန်ပြီ။ ဘုန်းဝေသည် ဘယ် ခြေတစ်ဖက် ကျိုးခဲ့ရုံမှအပ အခြားဘာဒဏ်ရာဒဏ်ချက်မျှ မရခဲ့ပေ။ ဆေးကုသမှုအားလုံး ပြီးမြောက်သွားသောအခါ ဘုန်းဝေက ဝေဒနာကြားက တောင်းဆိုလာသည်။

"မင်္ဂလယ် မုန့်ပျားသလက်တွေ ရှိသေးလား"

ကျွန်တော် စိတ်မကောင်းလိုက်တာ။ မုန့်ပျားသလက်တွေက အေးစက် မာကျောနေလေပြီ။ ဝေဒနာအပြင်းအထန် ခံစားနေ ရချိန်မှာ ဘုန်းဝေဟာ ဘာကြောင့် မုန့်ပျားသလက်ကို တောင်းတ နေရတာလဲ။ ဘုန်းဝေနှင့် မုန့်ပျားသလက် ဘယ်လိုပတ်သက် နေပါသလဲ။ ဘုန်းဝေ ရင်ထဲကို မုန့်ပျားသလက်ပိုးတွေ ဘယ်သူ ထည့်ပေးလိုက်ပါသလဲ။ ကဲပြော။

www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်"

"ရှိပါတယ် ဘုန်းဝေရယ်၊ မုန့်ပျားသလက် (၂၀) ခုလုံး ရှိပါသေးတယ်"

"ဒါဆိုရင် တို့ ပွဲကလေး စလိုက်ကြရအောင်"

"ဟေ"

ကျွန်တော်တို့ (၃) ယောက် အုံဩမှု ဖုန်ထသွားသည်။ ဆေးဝါးနံ့ တွေကြားမှာ ဝေဒနာ၊ ဒဏ်ရာဒဏ်ချက်တွေကြားမှာ ဘုန်းဝေဟာ ဘာပွဲ တော် ဆင်နွှဲဦးမှာလဲ။

"ဟုတ်တယ် သူငယ်ချင်းတို့ ဒီနေ့ဟာ ကြာသပတေးနေ့ ငါ့ရဲ့ အသက် (၂၀) နှစ်မြောက်တဲ့ မွေးနေ့ပဲ။ မေမေက ငါ့ကို ကိုယ်ဝန်ဆောင် ချိန်ကစပြီး ငါ့ကို မီးဖွားသန့်စင်တဲ့နေ့အထိ မုန့်ပျားသလက် မစားရ မနေနိုင်ခဲ့ဘူးတဲ့လေ။ မေမေက ငါ့ကို ဘုန်းဝေလို့ နာမည်မပေးဘဲ မုန့်ပျားသလက်လို့ နာမည်ပေးလိုက် ချင်တာတဲ့။ ငါ့ကိုမွေးတဲ့အချိန်ဟာ (၅) နာရီ (၂၀) မိနစ်တိတိမှာတဲ့၊ ဒီတော့ ငါ့မွေးနေ့ပွဲကလေး ဒီဆေးရုံမှာ ကျင်းပချင်တယ်ကွာ၊ ငါ့ကို ကူညီကြပါ"

"ဘုန်းဝေ မင်း နေသာသလိုနေပါကွာ။ မင်း ဖြစ်ချင်တဲ့ ဆန္ဒတွေအားလုံး မဖြစ် ဖြစ်အောင် ဖန်တီးပေးပါ့မယ် စိတ်ချ သူငယ်ချင်း"

ကျွန်တော်တို့ အပြည့်အဝ ကတိပေးလိုက်ကြပါသည်။ ဘာပဲဖြစ် ဖြစ်လေ ဘုန်းဝေ စိတ်ချမ်းသာဖို့က အဓိက မဟုတ်လား။ ထိုအချိန် အတောအတွင်းမှာပဲ မွေးနေ့ပွဲကလေး ကျင်းပနိုင် ခဲ့ပါသည်။ ထိုမွေးနေ့ပွဲ စတင်ချိန်မှာပဲ မိုးစက်သီတာ၊ နီလာမြင့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်တို့ ရောက်ရှိလာခဲ့လေသည်။

"အသက် (၂၁) နှစ်ပြည့် မောင်ဘုန်းဝေ"

"အသက် (၁၂၀) ရှည်ပါစေ"

ဤသို့ဖြင့် ဘုန်းဝေ၏ မွေးနေ့ပွဲကလေး ရှင်သန်ထမြောက်ခဲ့လေသည်။ မွေးနေ့ကိတ်အစား မွေးနေ့မုန့်ပျားသလက်ပေါ့။ ဘုန်းဝေကို ကုသပေးခဲ့သော အရိုးအထူးကု ဆရာဝန်ကြီးဦးတင်ရွှေ ကိုယ်တိုင် အေးစက်နေသော မုန့်ပျားသလက် တစ်ခုကို မြိန်ရည်ယှက်ရည် စားသောက်ခဲ့လေသည်။ နပ်(စ်)မလေးတွေက မုန့်ပျားသလက် တစ်ခုစီကိုင်ပြီး ပြုံးစိစိဖြစ်နေကြသည်။ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်နန်းယုဝေကဆို ရှမ်းသံဝဲဝဲကလေးဖြင့် ပြောလိုက်သေး၏။

"ဝေး မွေးနေ့မုန့်ပျားသလက်တော့ ဒီတစ်သက် မေ့တော့ဘူးဝေး မောင်ဘုန်းဝေကလေး မြန်မြန်ကျန်းမာပါစေကွယ်"

ကျွန်တော်တို့အားလုံး ဝမ်းနည်းကြေကွဲမှုကြားက ပျော်ရွှင်ခဲ့ရပါသည်။ ဘုန်းဝေသည် မနက် (၅) နာရီ (၂၀) မိနစ်မှာ မုန့်ပျားသလက် (၂၁) ခုဝယ်ပြီး ကျွန်တော်တို့အတွက် ပျော်ရွှင်ပွဲတစ်ခု ဖန်တီးရန် ရည်ရွယ် ခဲ့သော်လည်း မမျှော်လင့်သော ကြမ္မာဆိုးက ဝင်ရောက်ဖျက်ဆီးခဲ့လေသည်။ သို့သော်လည်း ဆေးရုံပေါ်မှာဖြစ်သလို ကျင်းပနိုင်ခဲ့လေပြီ။

"ဟာ ဘုန်းဝေ ငိုနေတယ်၊ သူငယ်ချင်း အားမငယ်နဲ့လေကွာ။ တို့အားလုံး မင်းအနားမှာ ရှိတယ်၊ ဘုန်းဝေ မငိုပါနဲ့ကွာ"

"ငါ ဝမ်းသာလို့ပါ သူငယ်ချင်းတို့ရယ်။ ပြီးတော့ ငါ မေမေ့ကိုလွမ်းတယ်၊ ပြီးတော့ ဖေဖေရယ် ကိုကိုကြီးရယ် အဟီး. . . အဟီး"

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဝေ ခုအချိန်မှာ ဘာမှမတွေးပါနဲ့ကွာ၊ မင်း စိတ်ချမ်းချမ်းသာသာနေနိုင်အောင် ကြိုးစားပါ သူငယ်ချင်း"

ဘိုဘိုနှင့် သားရဲတို့ ဘုန်းဝေကို နှစ်သိမ့်နေစဉ်မှာ ကျွန်တော် မမြင်အပ်သော မြင်ကွင်းတစ်ခုကို အမှတ်တမဲ့ လှမ်းမြင်လိုက်ရသည်၊ ကျွန်တော့်ဒေါသတွေ ဆူပွက်သွား၏။

"မင်း ဘယ်လို လုပ်လိုက်တာလဲ"

"ဘာလဲ၊ ဘာလဲ ဒီလို လမ်းဘေးမုန့်မျိုး ကျွန်မ မစားတတ်လို့ အမှိုက်ပုံးထဲ သွားပစ်တာ ဘာဖြစ်လဲ"

"မိုးစက်သီတာ မင်း သိပ်ရိုင်းတယ်၊ ဒါ ဘုန်းဝေရဲ့ မွေးနေ့ သူ ကျွေးတဲ့မုန့်ကို လွှင့်ပစ်တာ သူ မြင်သွားရင် သူ ဘယ်လောက် ခံစားသွားရမလဲ၊ မင်း ကိုယ်ချင်းစာဖို့ ကောင်းပါတယ်"

"အို မသိဘူး၊ ကျွန်မ နားမလည်ဘူး၊ ရှင်တို့ဟာက ဘာလဲ မွေးနေ့ပွဲလုပ်တာတောင် လမ်းဘေးမုန့်မှ ရွေးလုပ်ရသလား၊ အောက်တန်းကျလိုက်တာ"

"ဘယ်လို. . . ဘယ်လို"

"ရှင် ကျွန်မကို လှောင်စရာ မလိုဘူး"

"မင်း နာမည်ပြောင်းဖို့သင့်တယ် မိုးစက်သီတာ"

"ဘာရှင့်"

"ဟုတ်တယ် နာမည်နဲ့လူဟာ အာရှနဲ့ ဥရောပပဲ"

"ရှင်နော်. . . မစော်ကားနဲ့"

သူမ၏ဒေါသမျက်စောင်းကလေးကို မြင်လိုက်ရသော ရင်ထဲ လှိုက်ခနဲ ဖြစ်သွားသည်။ စူးစူးရှရှ လှပနေသော (၁၉) ဒီဂရီ မျက်စောင်း။ ခရမ်းရင့်ရောင် မျက်စောင်း။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းတို့က ဒီမှာလာပြီး ရန်ဖြစ်နေကြတာကိုး။ ပင်လယ် မင်းကို ဘုန်းဝေက တွေ့ချင်လို့တဲ့။ မမိုးစက်သီတာလည်း စိတ်လျှော့လိုက်ပါ ဗျာ"

"သားရဲ ခဏနေ ထမင်းသွားစားကြမယ်"

သားရဲ ရောက်လာသဖြင့် ကျွန်တော်တို့၏ ရန်ပွဲကလေး ခေတ္တ ရပ်ဆိုင်းခဲ့ရသည်။ တွေ့ကြသေးတာပေါ့ မိုးစက်သီတာရယ်။ ကျွန်တော် ဘယ်လိုဖြစ်သွားမှန်း မသိပါ။ ဒီကောင်မလေး မာန မီးခဲလေးနဲ့ ရန်ဖြစ်ရတာကို ကျေနပ်နေမိသည်။ ဟော့ကောင် ပင်လယ် မင်း ဘာကြောင်နေတာလဲ။ ကျွန်တော့်ရင်ထဲက မေးခွန်းအား ကျွန်တော် မဖြေနိုင်။

မသိဘူး၊ ဟုတ်တယ်။ ဘဝမှာ မသိတာတွေနဲ့ နေထိုင်ရတာ နားအေးတယ်။

ဆေးရုံမှာ ဘုန်းဝေ ဘယ်လောက်ဆက်နေရဦးမှာလဲ၊ ဆရာဝန်ကြီးတွေက ဘာမှမပြောသေးပေ။ ကျောင်းသားတွေမို့ အမြန်ဆုံး ဆင်းခွင့်ရမှာတော့ သေချာသည်။

"ဘုန်းဝေ ငါ ဘာလုပ်ပေးရမလဲ၊ မင်း ဘာပြောချင်လို့လဲ"

"ပင်လယ် မင်းနဲ့ငါ အပြေးပြိုင်ချင်တယ်"

"ဟေ"

ဘုန်းဝေစကားကြောင့် ကြားသူမှန်သမျှ သ…ဘာကျ ကုန်သည်။ နပ်(စ်)မလေးတစ်ယောက်ဆို မျက်ရည်ထွက်ကျသည် အထိ ရယ်လို့မပြီးတော့။

"ဟုတ်တယ် ပင်လယ်၊ မင်းနဲ့ငါ အပြေးပြိုင်မယ်၊ မင်း သတ္တိရှိရဲ့ လား"

www.burmeseclassic.com

www.burmeseclassic.com



"ကြံကြီးစည်ရာ ဘုန်းဝေရယ်၊ မင်းခြေထောက် အဲ ဆောရီး"

"ဘာလဲ ပင်လယ် မင်းက ငါ့ကို ခြေတစ်ဖက်ကျိုးနေတဲ့ကောင် ဆိုပြီး အပြေးပြိုင်လို့ မရဘူး ဆိုလိုတာလား။ ငါ့ဦးနှောက်တွေ အကောင်းအတိုင်း ရှိပါသေးတယ် ပင်လယ်ရယ်၊ ငါပြောတာက မင်းနဲ့ငါ စိတ်ကူးနဲ့ အပြေးပြိုင်မယ်လေ"

ဘုန်းဝေသည် သူ့ခြေတစ်ဖက်မှာ ကျောက်ပတ်တီး အပြည့်နှင့် မလှုပ်နိုင် ဖြစ်နေခြင်းအပေါ် ညည်းငွေ့နေပုံရသည်။ မှန်ပါသည်။ ဘုန်းဝေ၏ စိတ်ကူးကလေးက လှပပြီး ကြည်နူးစရာ ကောင်းနေပါသည်။ ကျွန်တော် လက်မထောင်လိုက်သည်။

"စိန်လိုက် ဘုန်းဝေ မင်းနဲ့ငါ စိတ်ကူးအပြေးပြိုင်ပွဲစမယ်"

'OK'

ကျွန်တော်တို့ အပြေးပြိုင်ပွဲကလေးကို အားလုံး စိတ်ဝင်စားသွားကြပုံရပါသည်။ ဘုန်းဝေ ကုတင်နားကို လူတွေဝိုင်းအုံလာကြသည်။ တာတိုလား၊ တာလတ်လား၊ တာဝေးလား။ ကျော်ဘိုဘိုထွန်းက. . .

"ဟိုး ခဏလေး၊ ဒီစိတ်ကူး အပြေးပြိုင်ပွဲမှာ ငါ ဒိုင်လူကြီးလုပ်မယ်"

"ပင်လယ်ဘက်က (၂၀၀၀) ရှိတယ်ဟေ့"

သားရဲက လောင်းမကြေး စခေါ်နေသည်။ ဒီကောင် အကျင့်ကိုမပျောက်ဘူး။

"ဒါဆို ကျွန်မ ကိုဘုန်းဝေဘက်က (၁၀၀၀၀) ရှိတယ်"

မိုးစက်သီတာက ကျွန်တော့်ကို မျက်စောင်းထိုးကြည့်လျက် ပြိုင်ပွဲထဲ ဝင်ရောက်လာလေသည်။ ဘယ်လိုကောင်မလေးလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့စိတ်တွေ 'ကျလိ ကျလိ' ဖြစ်အောင် မင်း ဝင်မရှုပ်ပါနဲ့။ နီလာမြင့်ကတော့ ဒဏ်ရာ ရထားသော ဘုန်းဝေကိုသာ အားနာနှစ်ရှိက်စွာ ငေးမောနေရှာသည်။ သူမ ကြောင့် ဖြစ်ခဲ့ရသည်မို့ ဝမ်းနည်းကြေကွဲနေပုံရသည်။ သူမ၏အလှက အေးစက်ရီဝေနေသည်။ ခေတ်ပေါင်းပန်းချီကားတစ်ချပ်ကို ခေတ်ပေါ် ဘောင်ခတ်ထားသည်နှင့် တူ၏။

မိုးစက်သီတာ၊ နီလာမြင့်တို့နှင့် အတူပါလာခဲ့သော ကောင်မလေးက အေးအေးအောင် ဖြစ်ပါသည်။ ကောင်မလေးက အရပ်ကလေး နည်းနည်းပုပျပ်ပျပ်ရှိုင်သော်လည်း နှုတ်ခမ်းထူထူ၊ မျက်လုံးဝိုင်းဝိုင်းကလေးမို့ ချစ်စရာကောင်းသည်။ (ဒီကောင်မလေးဟာ ကျော်ဘိုဘိုထွန်းရဲ့ ရည်းစား ဖြစ်လာမယ့် ကောင်မလေးပေါ့)

"ကဲ တို့ စိတ်ကူးအပြေးပြိုင်ပွဲကလေး စလိုက်ကြရအောင်"

ကျော်ဘိုဘိုထွန်းက သူ့အသံ ပိန်ပိန်ကလေးနဲ့ ပြိုင်ပွဲ စတင်ရန် အချက်ပေးလိုက်သည်။

"ဘုန်းဝေ မင်း စပြော"

ဘုန်းဝေက မျက်လုံးမှိတ်ပြီး စဉ်းစားလိုက်သေး၏။ ပြီးမှ. . .

"ဒီလိုကွ လူတစ်ယောက်ဟာ အမှားတစ်ခု ကျူးလွန်ခဲ့တယ်။ အဲဒီအမှားကို သူ့အမြင်မှာ မုန်းချင်တယ်။ အဲဒါကြောင့် သူဟာ မျက်မုန် တစ်လက် ဝယ်တပ်လိုက်တယ်။ သူ့အမြင်တွေ မှုန်သွားပြီလို့ ထင်သွား တယ်။ ဒါပေမဲ့ သူ မှားခဲ့တာ မိဘက လက်နဲ့ရေးတာကို ခြေနဲ့ ဖျက်ခဲ့မိလို့ တဲ့။ အဲဒီတော့ သူ့ခြေထောက်ကို မှုန်စေချင်တယ်။ သူဟာ မျက်မှန်ဆိုင် သွားပြီး 'ခြေမှန်' တစ်လက် သွားဝယ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်ဆိုင် ပိုင်ရှင်က ရှင် မှားနေပြီ ရှင့်အတွေးအခေါ်တွေ မှားနေပြီဆိုတော့ သူက ကျွန်တော့်ကို 'အတွေးအခေါ်မှန်' တစ်လက်လောက် ရောင်းပါတဲ့၊ ပင်လယ် မင်းကော မှန်ချင်သလား မှန်ကြည့်ချင်သလား"

ဘုန်းဝေက ပြောပြီးမောနေလေသည်။ ဒိုင်လူကြီး ကျော်ဘိုဘို ထွန်းက ပုတ်သင်ညိုလို ခေါင်းညိမ့်နေရှာ၏။ ကျွန်တော် မိုးစက်သီတာကို တစ်ချက်ခိုးကြည့်လိုက်မိသည်။ သူမသည် တစ်စုံတစ်ရာကို တွေးနေပုံရ၏။

"ကဲ ပင်လယ် ပြောလေကွာ"

ကျွန်တော် သူမကို တစ်ချက်လှမ်းကြည့်လိုက်သောအခါ သူမနှင့် အကြည့်ချင်း ဆုံသွား၏။ ကျွန်တော့်ဆီ စိတ်ကူးတွေ ပြေးဝင်လာတော့ သည်။

"သိပ်မာနကြီးတဲ့ ကောင်မလေးတစ်ယောက်ဟာ သူမ ရဲ့မာန တွေကို ဒေါက်ဖိနပ်လုပ်ပြီး နေ့တိုင်းစီးနေတယ်။ အဲဒီ ဒေါက်ဖိနပ်ကလေးဟာ စီးပါများလာတော့ ပျက်သွားခဲ့တယ်၊ အဲဒီအချိန်မှာ ကောင်မလေးဟာ ဒေါက်ဖိနပ်အစုတ်ကို လွှင့်ပစ် ရတော့တယ်။ သိပ်မာနကြီးတဲ့ ကောင် မလေးဟာ မာနတွေကြီး လွန်းများလာပြီး မာနတွေ ပျက်စီးသွားတဲ့အခါ သူမရဲ့ မာနတွေကို လွှင့်ပစ်နိုင်ပါ့မလား"

ကျွန်တော့်စကားဆုံးသောအခါ သူမ၏ သံလျက်မျက် စောင်းဒဏ်ကို ပြင်းပြင်းပျပျ ခံစားလိုက်ရလေသည်။ ထို့ပြင်

"ညီ့သည်များ အပြင်ထွက်ပေးကြပါရှင်။ ဒုတိယရာဝန်ကြီး (Round) ရောင်းလှည့်လာနေပါပြီ။ လူနာစောင့်တစ်ယောက်သာ

www.burmeseclassic.com

www.burmeseclassic.com



နေခွင့်ရှိ ပါတယ်။ အားလုံး အပြင်ထွက်ပေးကြပါ”

ဆေးရုံဝန်ထမ်းတစ်ယောက် အခန်းအပေါက်ဝက သာသတိ ပေးသဖြင့် ကျွန်တော်တို့ အပြင်ထွက်ခဲ့ကြရတော့သည်။ သားရဲက ဘုန်းဝေ ကို စောင့်နေရစ်ခဲ့သည်။

“တောက် ပြိုင်ပွဲက အရှိန်ရစရှိသေး”

ဒိုင်လူကြီးက ကွမ်းတံတွေးထွေးသလို တဗျစ်ဗျစ် ညည်းလာသည်။ ကျွန်တော်ကတော့ ဆေးဝါးနံ့တွေကြားက ထွက်ပြေးလာရသဖြင့် အသက်ရှူရတာ အရသာရှိနေမိသည်။ ဗိုက်ဆာလာသည်။

“ဘိုဘို တို့ အပြင်ထွက် ထမင်းသွားစားကြရအောင်၊ သားရဲနဲ့ ဘုန်းဝေဖို့ ပါဆယ် ဝယ်ခဲ့ကြတာပေါ့ကွာ”

“အေး ကောင်းသားပဲ၊ မမိုးစက်သီတာတို့ ထမင်းလိုက်စားပါလား”

“တော်ပါပြီရှင်၊ ကျွန်မတို့ အိမ်ပြန်လိုက်ဦးမယ်၊ ဩော် ကိုဘုန်းဝေ အတွက် ကျွန်မ ထမင်းလာပို့မှာနော်၊ သူ့အတွက် မဝယ်ခဲ့ပါနဲ့”

“ဒုက္ခမရှာပါနဲ့ မမိုးစက်သီတာရယ်၊ အဟဲ ကျွန်တော်တို့ အတွက်တော့ မပါဘူးပေါ့နော်”

“အိမ်မှာ ချက်ခိုင်းပြီးသားပါ။ ချက်ထားသမျှတော့ အကုန်ထုပ်လာမှာပဲ၊ ဒါနဲ့ ဒီည ဆေးရုံမှာ ဘယ်သူစောင့်အိပ်မှာလဲ၊ စောင်နဲ့ ခြင်ထောင် အပို့ယူခဲ့ရအောင်လို့ပါ”

“ရတယ် ရတယ်၊ စောင့်မှာကတော့ (၃) ယောက်စလုံးပဲ၊ ကျွန်တော်တို့က အလင်းဆိုင်မှာ တစ်ညလုံးထိုင်ပြီး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့် စောင့်ကြမှာလေ"

"အို ဘယ်ဖြစ်မလဲ၊ ဒီတစ်ညတည်းနဲ့ (၃) ယောက်စလုံး အိပ်ရေး အပျက်မခံကြနဲ့လေ။ တစ်ည တစ်ယောက်စောင့်အိပ်ပါ။ နောက်ညတွေ ရှိသေးတယ်နော်"

"ဟာ ဟုတ်သားပဲ၊ အကြံပေးတာ ကျေးဇူးပဲဗျာ"

"ကျွန်မတို့ သွားမယ်နော်၊ ထမင်းဆိုင် လိုက်ပို့ပေးရဦးမှာလား"

"ရပါတယ်၊ မနီလာမြင့် ကားမောင်းကျွမ်းကျင်မှ"

"အို ကိုကျော်ဘိုဘိုထွန်းကလည်း မနောက်ပါနဲ့ရှင်၊ ကျွန်မတကယ် စိတ်မကောင်းဖြစ်နေတာပါ"

"အလကားစတာပါ၊ ကျွန်တော်တို့ သွားမယ်"

ကျွန်တော် စကားတစ်လုံးမှ ဝင်မပြောလိုက်မိပါ။ မိုးစက်သီတာ ၏ မျက်စောင်းဒဏ်ကြောင့် ရင်ဘတ်တွေအောင့်ပြီး စကားလုံးတွေ ပျောက်ဆုံးနေတာလည်း ဖြစ်နိုင်ပါသည်။ သူမပြောတာ မှန်ပါသည်။ သုံးယောက်စလုံး အိပ်ရေးပျက်ခံလို့မဖြစ်။ ဒါဆို ဒီည ဘယ်သူစောင့်အိပ်မလဲ။ သားရဲကို စောင့်အိပ်ခိုင်းလိုက်တာ ကောင်းမည်။ ကျွန်တော်က မနက်ဖြန် မနက်စောစောထပြီး မုန့်ပျားသလက်သည်ဆီ လက်စွပ်သွားရွေးရဦးမည်။ ပြီးမှ ဆေးရုံသွားပြီး လူချင်းလဲမည်။ မနက်ဖြန်ည ဘိုဘို စောင့်အိပ်။ နောက်တစ်နေ့ မနက် သားရဲ။ အဲဒီညမှာ ကျွန်တော် စောင့်အိပ်လျှင် သုံးယောက်စလုံး မပင်ပန်းဘဲ လည်ပတ်သွားနိုင် မည်ဖြစ်သည်။ ဘုန်းဝေ အားငယ်နေမှာလည်း စိုးရိမ်ရသေး၏။

♥

www.burmeseclassic.com

www.burmeseclassic.com

(၆)

ဘုန်းဝေ ဆေးရုံက ဆင်းခဲ့သည်မှာ တစ်ပတ်ခန့်ရှိနေပြီ။ မိုးစက် သီတာ၊ နီလာမြင့်နှင့် အေးအေးအောင်တို့က မနက် တစ်ခေါက် ညနေတစ်ခေါက် အဆောင်ကို လူနာလာမေးကြပါသည်။ ကျွန်တော်ကတော့ သူမတို့ အုပ်စုလာလျှင် အဆောင်ရှေ့ရှိ စိန်ပန်းပင်ကြီးပေါ်တက်၍ စိန်ပန်းမျှားနေလိုက်သည်။ ကျွန်တော်က ပန်းမျှားခြင်းကို နှစ်ခြိုက်သည်။ ပန်းမျှားခြင်း ဆိုသည်မှာ ငါးမျှားခြင်းနှင့် ဆင်သော်လည်း ငါးမျှားခြင်းလို (တံ) ငါးစာ (မာယာ ဟင်းလျာ) တပ်ဆင်စရာမလိုပါ။ သစ်ပင်ခွကြားမှာ ထိုင်၍ မြေပြင်တွင် လေနင်ရာ ကူးခတ်နေသော စိန်ပန်းပွင့်အကြွေတွေကို မျှားချိတ်နှင့် လှမ်းမျှားရခြင်း ဖြစ်ပါသည်။ လေအဝှေ့မှာ တစ်ချို့ ပန်းတွေက မျှားချိတ်ကို လာဟပ်တတ်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးစက်သီတာတို့လာလျှင် သားရဲနှင့် ကျော်ဘိုဘိုထွန်းတို့က အပြုံး တွေတဖွာဖွာနဲ့ ဘုန်းဝေအနားက မခွာတော့ပေ။ သူတို့ အချင်းချင်းလည်း အတော်ရင်းနှီးနေကြပြီ ထင်ပါသည်။ ကျွန်တော်က သူတို့နှစ်ယောက်ကို စိတ်ချဉ်ပေါက်ပေါက်နဲ့ ပြောလိုက်မိသေးသည်။

"တောက်တဲ့နှစ်ကောင် ယောင်တောင်တောင် ဘယ်ကောင် စွံမှာလဲ"

ထုံးတမ်းအစဉ်အလာအရ သူတို့ကတော့ အပြုံးပန်းဆင် နေကြပါသည်။ ဘုန်းဝေအတွက် နီလာမြင့်က သတ္တုချိုင်းထောက် ဝယ်ပေးသည်။ မိုးစက်သီတာက မနက်ပိုင်းလာလျှင် ဘုန်းဝေအတွက် စားစရာတစ်ခုခု (တစ်နေ့တစ်မျိုး မရိုးရအောင်) ယူလာတတ် ပါသည်။

လောလောဆယ်မှာတော့ ဘုန်းဝေ ကျောင်းမတက်နိုင် သေး။ ကျွန်တော်တို့ (၃)ယောက်ဟာ တစ်ယောက်တစ်လှည့် စောင့်ပြီး နှစ်ယောက်က ကျောင်းတက်ရန် စီစဉ်သော်လည်း ဘုန်းဝေက လုံးဝလက်မခံပါ။ သူကြောင့် ဘယ်သူမှ ပညာရေး အနှောင့်အယှက် မဖြစ်စေချင်ဘူးတဲ့။ နောက်ဆုံးတော့ ကျွန်တော် တို့သည် ဦးစိုးသိန်း ရှာပေးသော ကောင်လေးတစ်ယောက်ကို ငှားလိုက်ရသည်။ စားရိတ်ငြိမ်း တစ်နေ့တစ်ရာ ပေးရသည်။ ချာတိတ်ကလေးနာမည်က ကေသီတဲ့။ ကျွန်တော်က 'ချာတိတ် မင်းနာမည်က မိန်းမနာမည်ဆန်တယ်ကွ' ဆိုတော့ 'အစ်ကိုတို့ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ဦးဝင်းမြင့်လည်း ရှိတယ်။ မစင်းမြင့် လည်း ရှိတာပဲ' လို့ ပြန်ပြောလေရဲ့။ ကျွန်တော် ဘာမှ ပြန်မပြော

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ပါဘူး။ ခေတ်လူငယ်တွေက ကိုယ့်ထက်ငယ်လေ ကိုယ့်ထက် ပန်ကာဆန်လေပါပဲ။

ဒီနေ့ အတန်းအစောပြီးတာနဲ့ အဆောင်ကို အစော ပြန်ခဲ့ကြသည်။ ကျွန်တော်က ကန်တင်းမှာထိုင်ပြီး ကိုယ့်ကိုယ် ကိုယ့်ကာရံမဲ့ကဗျာ တစ်ပုဒ်အဖြစ် ငုတ်တုတ်ဖွဲ့စည်းချင်သေးသည်။ ဟုတ်တယ်လေ၊ ကျွန်တော်တို့မှာ ပျော်ရွှင်မှုဆိုလို့ စိတ်ကူးယဉ် တိမ်တွေပေါ်တက်ပြီး အိပ်မက်ပျောက် လိုက်ရှာနေရုံမှတစ်ပါး အခြားမရှိပြီ။

ကျွန်တော်တို့ဟာ ခုအချိန်ထိ ဇီးပြားမစားဘူးသလို ရည်းစားလည်း မထားဘူးသေး။ ဘိုဘိုနှင့် သားရဲတို့ကတော့ အဆောင်ကိုသာ ပြန်ချင်နေကြသူတွေ။ မိုးစက်သီတာတို့က အဆောင်လာကြမှာ မဟုတ် လား။ ကျွန်တော် ရိပ်မိပါသည်။ ဒီကောင်တွေ ရင်ထဲမှာ အချစ်ဆိုတဲ့မြွေတွေ ဝင်ခွေနေကြပြီ။ သို့သော် ဘယ်သူက ဘယ်သူ့ကို ရင်ထဲဆွဲသွင်း မှာလဲ၊ ဘယ်သူ့ရင်ထဲကို ဘယ် သူက ဝင်ရောက်ခိုလှုံချင်တာလဲ ဆိုတာတွေ ကျွန်တော် မသိသေး။ ထို့ကြောင့် ကျွန်တော် အဆောင်ပြန်မရောက်ခင်မှာ ဒီကောင်တွေ၏ ရင်ခွင်ခေါင်းစဉ်တွေကို ဖတ်ကြည့်လိုက်ပါသည်။

"ဘိုဘိုနဲ့ သားရဲ"

"ဘာလဲကွ"

"ပင်လယ် ဘာဖြင်ကျယ်မလို့လဲ"

"ဟာကွာ ငါက မင်းတို့ကို ရင်ဘတ်စကား ပြောချင်လို့ပါ"

"ဟော ရင်ခွင်စကား. . ဟား. . ဟား. . ကြားပါရစေ ရှေ့ယောက်ျားရေ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ရည်းစားတစ်ယောက်လောက် ထားချင်တယ်ကွာ၊ အဲဒါ ငါ ဘယ်သူ့ကို ထားရင်ကောင်းမလဲ"

"ဟေ ဒါတော့ မင်းကြိုက်တာ မင်းရှာပေါ့ကွာ"

"ရှာနေရင် ကြာဦးမှာကွ၊ ထူးပါဘူးကွာ ဟို အေးအေးအောင် ဆိုတဲ့ ဂျပုမလေးကို ရွေးလိုက်ရင် ကောင်းမလားဟင်"

ကျွန်တော် သူတို့ကို အားကိုးဟန်နှင့် ကြည့်နေလိုက်သည်။ ဘိုဘိုက ပျာပျာသလဲ ခတ်သွားသည်။ ရည်းစားလူလု အူနု အဆိပ် ခတ်ခံလိုက်ရပြီထင်ပါ၏။

"ဟာ အဲဒါလေးတော့ မလုပ်နဲ့ကွ၊ အရပ်က ပုပု၊ နှာခေါင်းကပွပွ၊ နှုတ်ခမ်းက ထူထူ၊ မျက်လုံးက ပြူးပြူးနဲ့ မင်းရူးသွားလိမ့်မယ်"

"ဘိုဘိုက မအီမသာနှင့် ပြောနေရှာသည်။ ကျွန်တော် ပြုံး လိုက်မိပါသည်"

"ရူးတော့ ဘာဖြစ်လဲကွာ၊ အချစ်ဆိုတာ ရူးသွပ်နေတဲ့ သစ်သီး ဟစ်လုံးပဲကွ၊ ရူးသွပ်မှုကို စားသုံးရတာ သိပ်အရသာရှိ ဆိုပဲ။ ငါတော့ အေးအေးအောင်ကို ခိုက်နေပြီကွာ"

"ပင်လယ် မင်း မရူးချင်စမ်းပါနဲ့ကွာ။ မင်း ရူးစရာ မလို ပါဘူး"

"ဘာလို့လဲကွ"

"ငါက မင်းအရင်ရူးပြီးသားမို့ပါကွာ။ ငါလေ အေးအေး အောင်ကို ဆေးရုံမှာ စတွေ့ကတည်းက မီးကို စတင်တွေ့ ရှိခဲ့သော ကျောက်ခေတ်က လူသားတစ်ယောက်လို ရင်တွင်းလိုဏ်ဂူမှာ မီးပျိုးခဲ့သူပါကွာ"

ကျွန်တော် စိတ်ပျက်ချင်ဟန်ဆောင်လိုက်သည်။ ခေတ်

www.burmeseclassic.com

www.burmeseclassic.com



အဆက်ဆက် အချစ်အတွက် ရှုးခဲ့သူများစာရင်းမှာ ကျော်ဘို ဘိုထွန်းကို စာရင်းသွင်းလိုက်ပါသည်။ ကျော်ဘိုဘိုထွန်း ကတော့ ကျွန်တော့်ကို နောက်ဆုတ်လိုက်ပါ သူငယ်ချင်း ဟူသော အကြည့်ဖြင့် ကြည့်နေရှာ၏။

"ဒါဆိုလည်း ပြီးတာပဲကွာ၊ အေးအေးအောင်ကို ရှုးတဲ့နေရာမှာ မင်းက ငါ့အရင်ဦးသွားပြီဆိုတော့ မင်း ဆက်ရှုးပေတော့ ဘိုဘို၊ ဒါနဲ့ ငါ နီလာမြင့်ကို ရှုးကြည့်ရင် ကောင်းမလား"

ကျွန်တော်က ဘိုဘိုကို စိုက်ကြည့်ပြီး မေးလိုက်ခြင်း ဖြစ်ပါသည်။ ထိုအခါမှာ ကိုရွှေသားရဲက သွေးရှူးသွေးတန်း ဝင်ပြောလေ၏။

"မရှုးနဲ့ ပင်လယ်၊ နီလာမြင့်ဆိုတာ ငါ့ရဲ့ ကမ္ဘာဦးကျမ်း၊ ခေတ်ပေါ်ဂီတ၊ ပြဋ္ဌာန်းမဲ့ သီအိုရီ၊ မှားယွင်းတဲ့ အသိစိတ်. . ."

"တော်ပြီ သားရဲ၊ မင်း စာအုပ်ထဲက စကားလုံးတွေနဲ့ ရင်ခုန်သံတွေကို မဖြုန်းတီးချင်စမ်းပါနဲ့ကွာ"

"အဟဲ ငါ တကယ်ပြောတာပါကွာ၊ ငါ နီလာမြင့်ကို မနေ့က အမူအရာလေးကြောင့် ချစ်မိသွားတယ်"

"ဘယ်လို အမူအရာလဲ"

"ဟုတ်တယ်ကွ၊ မနေ့က နီလာမြင့် နှုပ်ညှစ်နေတာလေးကို မြင်လိုက်ရကတည်းက ငါ တမ်းတမ်းစွဲ ချစ်မိသွားတာ"

"ဟာကွာ မင်းဟာက နှပ်ညှစ်တာလေး မြင်ရတာတောင် ဒီလောက်ဖြစ်သွားရင် နီလာမြင့် ဘဝင်မြှောက်ပြီး ဆံပင်ကောက်တာ မြင်လိုက်ရရင်တော့ ငါ့ကောင် ရှုးသွားမလားပဲ"

"ဒါတော့ ဘယ်ပြောနိုင်မလဲကွ၊ အချစ်ဆိုတာ နှလုံးသား ထဲမှာတင် ခိုအောင်းနေထိုင်တာ မဟုတ်ဘူး။ အချစ်ဆိုတာ နှာခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာလည်း ပုန်းအောင်းနေနိုင်တာပဲလေ"

အဆောင်ရှေ့ ရောက်သောအခါ ဘိုဘိုက နောက်လိုက်ငယ်သားတွေအား ပစ္စည်းခွဲပေးသော ဓားပြခေါင်းဆောင် လေသံဖြင့် ပြောလိုက်သဖြင့် ကျွန်တော် ရင်ထဲ ကျင်ခနဲ ဖြစ်သွားလေ၏။

"ပင်လယ် စိတ်မပျက်ပါနဲ့ကွာ၊ ငါက အေးအေးအောင်ကို ရူး တယ်၊ သားရဲက နီလာမြင့်ကို ရူးတယ်။ ဒီတော့ မင်း ရူးစရာဆိုလို့ မိုးစက်သီတာ တစ်ယောက်ပဲ ကျန်တော့တယ်၊ ခွက်ကျန်ကလေးနဲ့ ကပ်မူးသလိုမျိုး မိုးစက်သီတာကို ရူးလိုက်တော့ကွာ"

ကျွန်တော် အတော်ကြာအောင် ငိုင်သွားမိသည်။ သူတစ်ပါးရင်တွေကိုသာ လျှောက်ကလိကြည့်နေတာ၊ ကိုယ့်ရင်ကိုတော့ 'မကလိ' ကြည့်ဘူးသေးသဖြင့် အချစ်ဆိုတာ နှင်းဆီပန်းပွင့်လား၊ နှင်းဆီဆူးခက်လားဆိုတာ မခွဲခြားတတ်သေး။

"မိုး စက် သီတာ"

"ဟုတ်တယ် ပင်လယ် မင်း တကယ်ရူးချင်နေပြီဆိုရင် မိုးစက်သီတာကိုသာ ရူး"

"မဖြစ်ဘူး လုံးဝမဖြစ်နိုင်ဘူး၊ သူမဟာ နှင်းဆီလို လှတယ်၊ ပြီးတော့ သူမမှာ နှင်းဆီဆူးတွေလို မာနဆူးတွေနဲ့။ မိုးစက်သီတာဟာ နှင်းဆီတစ်ပွင့်ဆိုရင် သူမဟာ နှုတ်ခမ်းနီဆိုးထားတဲ့ နှင်းဆီပဲကွ"

"ဘယ်လို"

"နှုတ်ခမ်းနီ ဆိုးထားတဲ့ နှင်းဆီ"

"နှုတ်ခမ်းနီ ဆိုးထားတဲ့ နှင်းဆီ"

"နှုတ်ခမ်းနီ ဆိုးထားတဲ့ နှင်းဆီ"

www.burmeseclassic.com

www.burmeseclassic.com



ဟိုးခပ်ဝေးဝေးမှာ နှင်းဆီရနံ့တွေ ပြင်းထန်စွာ ပေါက်ကွဲနေလေ သည်။

မိုးစက်သီတာ. . .။ နှုတ်ခမ်းနီ ဆိုးထားတဲ့ နှင်းဆီ. . .။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

"မိုးစက်သီတာရေ. . .
ငါ့ဒဏ်ရာတွေ ဆူပွက်အောင်
သံလျက်ထက် အသွားထက်တဲ့
အမုန်းတွေ
မသုံးစွဲပါနဲ့"

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

(၁)

*ကိုပင်လယ်*
*ကျွန်မ ရှင်နဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်။*
နီလာမြင့်

♥ ♥ ♥

ကျွန်တော် နီလာမြင့် စာတိုကလေးကိုဖတ်ပြီး တွေဝေသွားသည်။ စာလာပေးသော ချာတိတ်ကလေးက သူ့နောက် လိုက်ခဲ့ရန် ခေါ် နေသဖြင့် ကျွန်တော် ထလိုက်ခဲ့ရသည်။ ဘာမှတွေးလို့ မရဘူး။ နီလာမြင့်က ကျွန်တော်နဲ့ ဘာကြောင့် တွေ့ချင်ရတာလဲ။ ဘာစကား တွေ ပြောမှာလဲ။

(လူတွေဟာ မျောက်က ဆင်းသက်လာတာလား၊ မျောက်တွေ ဟာ လူက တိုးတက်သွားတာလား) မဟုတ်မှလွဲရော ဟိုကောင် 'သာ'ရဲ ပြဿနာ ရှာလိုက်ပြီထင်ရဲ့။ သားရဲ ရှာလိုက်သော ပြဿနာဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆီ ဘာကြောင့် မျှောလာရတာလဲ။ သား‌ရဲ့ ဘာပြဿနာတွေ ရှာထားသည်တော့ မသိ။ ခက်တာက ကျွန်တော်ဟာ ပြဿနာဆာလောင်နေသူ မဟုတ်။ ပြဿနာတွေ ရှာဖွေနေသူ မဟုတ်။ ခုတော့ ပြဿနာနဲ့ ခလုတ်တိုက်ရတော့မည်လေ။

ဒီနေ့ ကျောင်းပိတ်သောနေ့မို့ ကျောင်းထဲမှာ လူရှင်း နေသည်။ စိန်ပန်းပွင့်တွေက ပိတ်ရက်မရှိ ကြွေလိုက် ဝေလိုက်။ ဥသြသံတွေ ပျောက်ဆုံးနေသည်မှာ ကြာပြီ၊ ကြည်လင်နေသော ကန်ရေပြင်ကို ခဲလုံးကလေးတွေနှင့် ပစ်ပေါက် ဆော့ကစားနေကြသော ချစ်သူစုံတွဲ အနည်းငယ်ရှိသည်။ စိန်ပန်းပင်တန်းလွန်တော့ စွယ်တော်ပင်တွေ စိမ်းညို့နေသည်။ စွယ်တော်ပင်ရိပ်ရှိ ခုံတန်းမှာ နီလာမြင့်ကို လှမ်းမြင်နေရပြီ။

"အစ်ကို ကျွန်တော် သွားတော့မယ်"

"ကျေးဇူးပဲ"

ချာတိတ်က အခကြေးငွေယူ၍ အကျိုးဆောင်ပေးသူလား။ ဒါမှမဟုတ် ကူညီရုံ သက်သက်ပဲလား။ ကျောင်းမှာက ကြေးစားမြှားနတ်မောင်ဆိုတာတွေက ရှိနေပြီလေ။

"ဩော် ကိုပင်လယ် လာမှ လာပါ့မလားလို့ ထိုင်လေ"

နီလာမြင့် ပုံစံကြည့်ရသည်မှာ အေးအေးဆေးဆေးမို့ စိတ်အေးသွားပါသည်။ ပြဿနာကို ပေါက်ကွဲမည့်ဟန် မတွေ့ရ။ ငြင်သာစွာ ပေါက်ကွဲခြင်းဆိုရင်တော့ တစ်မျိုးပေါ့။ ကျွန်တော် သူမဘေးမှာ ဝင်ထိုင်လိုက်သည်။ စီးကရက်သောက်ချင်စိတ် ပေါက်သွားသော်လည်း ကျွန်တော် 'ဆေးလိပ်သောက်ခြင်း' ကို ဖျောက်သက်။

"နီလာမြင့် ဘာကိစ္စရှိလို့လဲ၊ ကျွန်တော်နဲ့ ပတ်သက်နေတယ်

www.burmeseclassic.com



ဆိုရင် ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"

ကျွန်တော်တို့ အားလုံးသည် ကိုယ့်ယုံကြည်ချက်ပေါ် ခုန်တက်နေကြသော တွားသွားသတ္တဝါများဖြစ်သည်။ အပျိုဖော်ဝင်စ နေမင်းမမသည် လှသွေးကြွယ်နေလေ၏။ နေမင်းမမသည် လင်ရွှေး မမှားရန်အတွက် ပူပန်နေသည်မှာ ကြာပြီ။

"ဟုတ်ကဲ့ ကျွန်မ ကိုပင်လယ့်ကို တိုင်ပင်ချင်လို့ပါ။ ကျွန်မလေ ညတိုင်း အိပ်မက်အရိုင်းတွေနဲ့ အိပ်စက်နေရတာ စိတ်ပျက်လှပါပြီရှင်"

"ကျွန်တော် ဘယ်လို နားလည်ပေးရမှာလဲ၊ ဘာအကူအညီပေးရမလဲ၊ နီလာမြင့် ပွင့်ပွင့်လင်းလင်း ပြောပါ"

သူမက အတန်ကြာ နှုတ်ဆိတ်နေလေသည်။ ကျွန်တော့်စိတ်တွေသည်လည်း ကန်ရေပြင်လို မငြိမ်သက်။ ဟိုးတောင်ဘက် ရုက္ခဗေဒအဆောင်တွေဆီက အလွမ်းတွန်ကျူးသံတွေ ကြားနေရသည်။ နေခြည်နုနု အောက်မှာ လေနုအေးက ပျင်းရိစွာ လမ်းလျှောက်နေရှာသည်။

"ကျွန်မကြောင့် ကိုဘုန်းဝေတစ်ယောက် အခုလို ဝေဒနာတွေ ခံစားနေရတာ ကျွန်မ မကြည့်ရက်ဘူး ကိုပင်လယ်၊ ကျွန်မသူ့ကို အတတ်နိုင်ဆုံး ပြုစုပေးချင်ပါတယ်။ ဒါပေမဲ့ ကိုဘုန်းဝေမျက်ဝန်း တွေထဲမှာ ကျွန်မ ကို နာကြည်းနေတဲ့ အရိပ်တွေ တွေ့နေရတယ်ရှင်။ ညတိုင်း အိပ်မက်ထဲ လာပြီး ကိုဘုန်းဝေက ကျွန်မကို ပြောတယ်၊ နင့်ကြောင့် ငါ့ဘဝ ပျက်ခဲ့ရတာတဲ့၊ ကျွန်မ သိပ်ဝမ်းနည်းတာပဲရှင်၊ မတော်တဆ ဖြစ်သွားရတာပါ ကိုပင်လယ်။ ကျွန်မဘဝမှာ လူတစ်ဦးတစ်ယောက် ထိခိုက်ဒဏ်ရာ ရအောင် လုပ်ဖို့နေနေ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တုန်းကမှ မရှိခဲ့ပါဘူး။ ဒါပေမဲ့. . .”

သူမက စကားကို ရုတ်တရက် ရပ်ထားသည်။ ကျွန်တော် နှုတ်ခမ်းတွေ ခြောက်သွေ့နေ၏။ လေဟာနယ်ထဲမှာ မနက်ခင်း၏ ရနံ့က သင်းပျံ့နေသော်လည်း ကျွန်တော့်စိတ်တွေ ‘နောက်ကျိ’ နေလေသည်။

“ဒါပေမဲ့ ကိုပင်လယ်ရယ် ကိုဘုန်းဝေရဲ့ အကြည့်တွေထဲမှာ ကျွန်မကို မုန်းတီးရွံရှာနေတယ်လို့ ကျွန်မ ခံစားနေရတယ်”

“ခဏလေး နီလာ၊ မင်း စိတ်ခံစားမှု အထားအသို လွဲမှားနေလို့ဖြစ်မှာပါ။ ပြီးတော့ ဘုန်းဝေရဲ့ အတိတ်က ကံကြမ္မာဆိုး အကြောင်းတွေ မင်း သိရဲ့လား”

“ကျွန်မ သိပါတယ်”

“တစ်ခုတော့ရှိတယ် နီလာ ဘုန်းဝေဟာ သူဒဏ်ရာရလိုက်တဲ့ အချိန်မှာ သူ့မိသားစုဘဝဆီ ပြန်ခံစားသွားမိလိမ့်မယ်။ သူ့ဆီကို တစ်ချိန်ကကြေကွဲမှုတွေ ရောက်လာကြမှာ အမှန်ပဲ။ သူ့ ရင်ထဲမှာ အတိတ်ကြေကွဲမှုနဲ့ ပစ္စုပ္ပန် ဒဏ်ရာဒဏ်ချက်တွေ ရောထွေးပြီး သူက ပျော်ရွှင်မှုတွေရဲ့ အဝေးဆုံးမှာ အထီးကျန်ဆန်နေတဲ့ ကလေးတစ်ယောက်အဖြစ် ခံစားနေပုံပါပဲ”

“ကျွန်တော်လည်း သတိထားမိပါတယ်။ ဒါပေမဲ့ သူ့အကြည့်တွေထဲမှာ နာကြည်းမုန်းတီးမှုတွေ ပျော်ဝင်နေတာ မှန်ပေမယ့် ဒါတွေဟာ နီလာ တစ်ယောက်တည်းကို ရည်ရွယ်ထားတဲ့ ခံစားမှုတွေ မဖြစ်နိုင်ပါဘူး”

ကျွန်တော် သက်ပြင်းရှည်တစ်ချက် ချလိုက်မိပါသည်။ ကျွန်တော့်ကို ကြည့်နေသော နီလာက ခေါင်းရမ်းနေရှာသည်။ အ

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းအကြောင်းတွေ ဥဩတွေကို မပြောပါနဲ့။

"ဒါပေမဲ့ ကိုပင်လယ်ရယ် ကိုဘုန်းဝေကို မြင်ရင် ကျွန်မ ကြေကွဲရပါတယ်။ ပြီးတော့ ကျွန်မဟာ အပြစ်ကြီးတစ်ခုကို ထမ်းပိုးထားရသလို ခံစားနေရတယ်။ ကျွန်မ ကိုဘုန်းဝေကို တစ်ခုခု ပေးဆပ်ချင်တယ် ကိုပင်လယ်။

"ကျွန်မကို ကူညီပါ ကျွန်မ ကိုဘုန်းဝေကို တစ်ခုခု ပေးဆပ်ပါရစေ"

"ဘာလဲ နီလာ နစ်နာကြေးဆိုပြီး စကားလုံး အလှ ကလေးတွေ သုံးစွဲထားတဲ့ မှားချင်တိုင်းမှားပြီးမှ ပေးတဲ့ လျော်ကြေးလား"

"မဟုတ်ဘူး ကိုပင်လယ် မဟုတ်ဘူး၊ ငွေပေးလို့ ရကြေးဆိုရင် ကျွန်မ ဒီလောကအထိ ညတွေရဲ့ နှိပ်စက်ခြင်းကို လည်စင်းခံနေမှာ မဟုတ် ဘူး။ ကျွန်မ ကိုဘုန်းဝေကို ပေးချင်တာ နှစ်သိမ့်မှု၊ ယုံကြည်မှု၊ အို. . . ကိုဘုန်းဝေအတွက်ဆိုရင် ပျော်ရွှင်ဖွယ်ရာမှန်သမျှ ကျွန်မ ပေးဆပ်ချင် တာပါ"

"ကျွန်တော် စကားပြောလောသွားတယ် နီလာ။ ဒဏ်ရာရနေတဲ့ ငှက်တစ်ကောင်ကို အစာကျွေးပြီးတော့ ထောင်ဖမ်းဖို့ မကြိုးစားတာ အကောင်းဆုံးနည်းပါပဲ။ ကျွန်တော် လိုအပ်တဲ့ အကူအညီပေးပါ့မယ်။ အချိန်နည်းနည်းတော့ ယူရဦးမယ်နီလာ။ ဘုန်းဝေရဲ့ စိတ်ခံစားမှု အထားအသိုကို လေ့လာရဦးမယ်"

"ကျေးဇူးပါပဲရှင်"

ကျွန်တော်တို့နှစ်ယောက် နားလည်မှုကိုယ်စီ ရရှိသွားကြလေပြီ။ ဟာ. . . တစ်စုံတစ်ရာ အဆင်ပြေပြီဆိုလျှင် အဆင်မပြေမှု တစ်စုံတစ်ရာ ဝင်ရောက်လာတတ်တာ သဘာဝတရားပါ။ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် ဗိုက်အရမ်းဆာလာသည်။ ဆင်ကန်းကြီးတစ်ကောင် တောမတိုးဘဲ ကျွန်တော့်အစာအိမ် ထဲ လာတိုးနေသည်နှင့်တူသည်။ ခက်တာက ကျွန်တော့်မှာ ပိုက်ဆံအိတ် ပါမလာခဲ့။ နီလာမြင့်နှင့် သွားတွေ့ရန် ချာတိတ်နောက်က အဆောတလျင် လိုက်ခဲ့မိ၍ ပိုက်ဆံအိတ် မေ့နေခဲ့သည်။

အဆောင်အထိရောက်အောင် မအောင့်နိုင်တော့ဘူးလား။ ထမင်း ခုနစ်ရက်၊ ရေ တစ်မနက် ဆိုရိုးရှိသေးတာပဲ။ မရပါဘူး ကျွန်တော်က ဗိုက်ဆာပြီဆိုလျှင် မနေနိုင် မထိုင်နိုင် ဖြစ်တတ်သည်။ မတတ်နိုင်ဘူးလေ။

"နီလာ"

"ပြန်တော့မလို့လား ကိုပင်လယ်"

"အဲ. . . ဟုတ်တယ်၊ အဲ. . . နီလာ့ကို တစ်ခုလောက် အကူအညီတောင်းချင်လို့"

"ပြောလေ ကိုပင်လယ်၊ နီလာ ကူညီနိုင်ရင် ကူညီမှာပေါ့"

"မိုးစက်သိတာတို့ အဲ ဘယ်သူ့မှ လျှောက်မပြောရဘူးနော်"

"စိတ်ချပါ ကိုပင်လယ်ရယ်၊ ပြောမှာသာပြော ကတိ. . . ကတိ"

"ဟိုလေ အဲ. . . ဒီနေ့ စနေနေ့နော်"

"ဟုတ်သားပဲ အဲဒါ ဘာဖြစ်လဲ ကိုပင်လယ်"

"စနေနေ့ဆိုတော့ ကျွန်တော့်ကို ပိုက်ဆံ (၅၀၀) လောက် ခဏ ချေးပါလား နီလာ"

"ရှင်"

"ညနေ ပြန်ပေးပါ့မယ်၊ အရေးတကြီး လိုက်လာခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ် ခမ့်ကျန်နေခဲ့လို့။ ခု ပိုက်က အရမ်းဆာနေပြီဗျာ"

"ဖြစ်မှ ဖြစ်ရလေ ကိုပင်လယ်ရယ်၊ လာ သွားစို့ နီလာလည်း မနက်စာ ဘာမှမစားရသေးဘူး၊ အတူတူသွားစားကြတာပေါ့"

ကျွန်တော် ခေါင်းငြိမ့်လိုက်မိသလား၊ မငြိမ့်မိဘူးလားဆိုတာ မသိ လိုက်။ အနည်းငယ်တော့ ရှက်ရွံ့နေမိသည်။ နေခြည်တွေက လှပနေဆဲ။ သမုဒ္ဒရာတွေက ခမ်းနားနေဆဲ။ မြစ်တွေက စီးဆင်းနေဆဲ။ ငှက်တွေက ပျံသန်းနေဆဲ။ ကျွန်တော်တို့ အစာအိမ်တွေက ဆာလောင်ငတ်မွတ်နေကြ ဆဲ. . .။ ငါ့ရိုးသားချင် တဲ့ စိတ်ခံစားမှု 'နှင်' နေတာ ဘယ်သူ 'ထွင်' ပေး မလဲ။

♥

www.burmeseclassic.com

www.burmeseclassic.com

(၂)

ဘုန်းဝေသည် ချိုင်းထောက်တစ်ဖက်ကို အားကိုးပြုလျက် ကျောင်းလိုက်တက်သည်။ ကျွန်တော်တို့ အဖွဲ့ကလေးဆီကို ပြောင်းလဲခြင်း တရားတွေ ကားမစီးဘဲ ရောက်လာခဲ့လေသည်။ အိပ်ရာထ နောက်အကျဆုံးဖြစ်သော ဘုန်းဝေက အိပ်ရာအစောဆုံးထသည်။ ပေါင်ဒါ မလိမ်းရ လျှင် မနေတတ်သော ကျော်ဘိုဘိုထွန်းက မျက်နှာသစ်ဖို့တောင် ပျင်းရိ ညည်းငွေ့နေပုံရသည်။ အမြဲတမ်း စပ်ဖြီးဖြီးနေတတ်သော သားရဲက မှုန်တေတေ နေထိုင်လာသည်။ ကျွန်တော်ကတော့ အလိုလိုရယ်ချင်နေမိသည်။

ကျွန်တော်တို့သည် ဘုန်းဝေ ကျောင်းပြန်တက်သည့် အထိမ်းအမှတ်အဖြစ် တစ်မနက်လုံး အတန်းမတက်ဘဲ ကန်စောင်းမှာ ကျောက်ချ ကြရန် ဆုံးဖြတ်လိုက်ကြသည်။ ဘယ်သူ တင်သွင်းလိုက်မှန်းမသိသော အဆိုကို ကန့်ကွက်သူ ဘယ်သူမှ မရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ကျစိမ့် (၄) ခွက်၊ စီးကရက် (၄) လိပ်၊ ရေနွေးကြမ်းအိုး (၄) လုံး၊ အိပ်မက်ကြော် (၄) ပွဲ"

စားပွဲထိုးကောင်လေးက 'စိတ်ချ အစ်ကိုတို့ရေ' ဟု ပြောပြီး ကျွန်တော်တို့ ဝိုင်းနားမကပ်တော့။ ဒီကောင့် 'စိတ်ချ' က ဖျားလောက်သည်။ ဟိုတစ်ခါကလည်း လက်ဖက်ရည် (၄) ခွက်နှင့် စီးကရက် (၄) လိပ်မှာလိုက်သည်။ (၁၅) မိနစ်လောက် ကြာတဲ့အထိ ကျွန်တော်တို့ဝိုင်းနား မလာတော့သဖြင့် နောက်တစ်ခါ ထပ်မှာရသည်။ ဒီကောင်လေး က 'စိတ်ချ အစ်ကိုတို့ရေ' ဟု ပြောပြီး ခဏမကြာခင်မှာ လက်ဖက်ရည် (၈) ခွက်နှင့် စီးကရက် (၈) လိပ် လာချပေးသည်။ ညီလေး မင်းကို (၄) ခွက်နဲ့ (၄) လိပ် မှာတာလေ ဆိုတော့ စောစောက မှာတာက (၄) ခွက် နဲ့ (၄) လိပ် ဟုတ်ပါတယ်။ လွန်ခဲ့တဲ့ (၁၅) မိနစ်လောက်တုန်းကလည်း (၄) ခွက်နဲ့ (၄) လိပ် မှာသေးတယ်လေ။ အဲဒါကြောင့် (၈) ခွက်နဲ့ (၈) လိပ် ယူခဲ့တာပါ အစ်ကိုတို့ရယ်ဟု ပြောပြီး စပ်ဖြီးဖြီးလုပ်နေရှာပါသည်။

"ရပြီ အစ်ကိုတို့ရေ၊ အိပ်မက်ကြော်ကတော့ မရဘူး၊ အင်ဖက်တွေ ကြော်ပေးရမလား"

"တော်ပါပြီကွာ"

သားရဲက သူမှာလိုက်သည်မို့ သူကိုယ်တိုင် ဝင်တားနေရသည်။ စားပွဲထိုးကလေးက မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်ပြီး ဘုန်းဝေကို ကြည့်နေရှာသည်။

"အစ်ကိုဘုန်းက အပြုတ်မိုက်နေပါလား၊ ခြေထောက်မှာ ဘောက်ပတ်တီးရှယ်လ်နဲ့ ချိုင်းထောက်နှစ်ပြန်ကြော်တွေနဲ့ စတန့်သမားအစ်ကို ဘုန်းတို့ ချစ်သူတွေ့နေပြီ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟော"

ဘုန်းဝေ မျက်လုံးပြူးသွားလေသည်။ စားပွဲထိုးလေးက သူ့အတွေးကို သူ့ရင်ထဲမှာ ထည့်မထား။

"စကားဆိုတာ ရင်ထဲမှာထားရင် ဗိုက်နာတတ်တယ်တဲ့ အစ်ကို။ ကျွန်တော်ကတော့ ပြောစရာရှိရင် ပြောရမှာပဲ။ ယောကျ်ားတွေက ချစ်သူတွေ့လာပြီဆိုရင် အလိုလို အားငယ်သွားတတ်တယ်ဗျ။ မိန်းမတွေရဲ့ ကစားစရာသတ္တဝါ အဖြစ် သနားစရာသတ္တဝါအဖြစ် ကိုယ့်ကိုယ်ကိုယ် ဖန်တီးပစ်လိုက်ကြတယ်။ ဥပမာ အစ်ကိုဘုန်းလိုပေါ့။ ကျောက်ပတ်တီးနဲ့ ချိုင်း ထောက်နဲ့ ထော့ကျိုးလုပ်ပြပြီး ကောင်မလေးဆီက. . . ဟိ ဟိ သွားလိုက်ဦး မယ်ဗျာ၊ ဆိုင်လူကျနေပြီ လူရှင်းမှ ဆက် ဆွေးနွေးကြတာပေါ့ ဟိ ဟိ"

"ကောင်စုတ်လေး"

ဘုန်းဝေက စပ်ဖြီးဖြီးလုပ်ပြီး ပြောလိုက်ခြင်း ဖြစ်ပါသည်။ စားပွဲထိုးကောင်လေးကတော့ တစ်ခြားဝိုင်းတွေ လှည့်လည်ပြီး စပ်ဖြီးဖြီးဒဿနတွေနှင့် လွင့်မျောနေလေသည်။

"ဒီကောင် ပြောသွားတာ ဖြစ်နိုင်တယ်ကွ၊ ခုတလော ငါ့အသည်း တွေ ယားကျိကျိ ဖြစ်နေတယ်"

ဘုန်းဝေက အေးစက်နေသော လက်ဖက်ရည်ခွက်ကို ကြည့်လျက် ပြောလိုက်သည်။ သားရဲက အရွှန်းဝင်ဖောက်သည်။

"ဘာရယ် ဘုန်းဝေ မင်းမှာ ယားနာတွေ ပေါက်နေပြီ ဟုတ်လား"

"သားရဲ မင်းရှေ့က လက်ဖက်ရည်ခွက်ကို ကိုင်လိုက် ဟုတ်ပြီ မြှောက် မြှောက် ဟုတ်ပြီ၊ ပါးစပ်မှာ တေ့လိုက်၊ ဟုတ်ပြီ ဗိုက်ထဲကို

www.burmeseclassic.com



လောင်းချလိုက်”

ကျွန်တော် ပြောသည့်အတိုင်း ‘သားရဲ’ က အတိအကျ လိုက် လုပ်ပါသည်။ ဘုန်းဝေနှင့် ဘိုဘိုတို့က တုပ်တုပ်မလှုပ် ထိုင်ကြည့်နေလေ သည်။ သားရဲက. . .

“ပြီးပြီလေကွာ၊ ဘာအဓိပ္ပာယ်လဲ ပင်လယ်”

“အေး လက်ဖက်ရည်သောက်ပြီးရင် အသာလေးနေစမ်း။ ဒီမှာ အချစ်အကြောင်း ပြောမလို့ မင်း ဝင်မနှောက်စမ်းနဲ့”

သားရဲ ငြိမ်ကုပ်သွားသည်။ ကျွန်တော်ကတော့ ရင်ခုန်သံ ဘွဲ့ ဆူဝေပွက်ထမှုကို သဘောကျချင်လာသည်။ ထိုစဉ်. . .

“ဟယ် ကိုဘုန်းဝေ ကျောင်းလာတက်တာနော်”

မိုးစက်သီတာ၊ နီလာမြင့်နှင့် အေးအေးအောင်တို့ (၃) ယောက် ရောက်လာခဲ့လေသည်။ မမျှော်လင့်ခဲ့သော်လည်း သူမတို့ ရောက်လာခြင်းအပေါ် မအံ့ဩမိပါ။ ကျွန်တော် နီလာမြင့်ကို တစ် ချက်ကြည့်မိသည်။ သည်ကောင်မလေး အိပ်ရေးပျက် များလွန်း နေပုံရပါသည်။

“သူ ကျောင်းလာတက်တာ မဟုတ်ဘူး၊ ကျောင်းလာ သစ်တာပါ”

“ရှင်”

“ဟုတ်တယ်လေ ဒီကောင်က ကျောင်းတက်မယ်ဆိုပြီး ကျောင်းကို ထွက်လာတယ်၊ ကျောင်းရောက်တော့ တစ်မနက်လုံး ဆန်တင်းမှာ ထိုင်ပြီး အချိန်ဖြုန်းတော့မယ်လေ”

ကျော်ဘိုဘိုထွန်းက အေးအေးအောင်ကို ကြည့်ရင်း ပြောလိုက်ခြင်း ဖြစ်သည်။ ကောင်မလေးတွေကတော့ ပြုံးလုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို နေကြာစေ့ အခွံနွာစားသလောက်သာ သဘောထားကြပုံရသည်။ ရယ်မောခြင်းကို အေးအေးဆေးဆေး ဆောင်ရွက်နိုင်ကြသည်။

ကျွန်တော် မိုးစက်သီတာ၏ ရယ်သံတွေကို ရင်ထဲ ဆွဲသွင်းလိုက်မိပြီ ထင်သည်။ သူမကို ငေးမောနေမိတော့သည်။ ဘုရားသခင်၏ နောက်ပြောင်မှုကြောင့် အချစ်ဆိုတဲ့ မြွေဟာ ငါ့ရင်ထဲ ဝင် ခွေနေရတာလား၊ ကျွန်တော် မတားဆီးနိုင်တော့။

"မိုးစက်သီတာ ကျွန်တော် တစ်ခုလောက် မေးပါရစေ"

"ရှင်"

မမျှော်လင့်ဘဲ ကျွန်တော့်ဆီက စကားကြားလိုက်ရတော့ သူမ အံ့ဩသွားပုံရသည်။ နှုတ်ခမ်းလေးတွေက ခက်ထန်မာကျောနေသော်လည်း မျက်ဝန်းတွေက ကြည်လင်ရွှန်းလဲ့နေသည်။ အသက်ရှူဖို့ မေ့သွားလောက်စေသော သူမ၏ အပြုံးတစ်ချက်က လင်းလက်သွားလေသည်။

"ကျွန်မတို့မေဂျာ ဓာတုဗေဒ ပုစ္ဆာကလွဲရင် မေးလေ"

ဓာတုဗေဒ အဓိကကျောင်းသူကြီးက ဓာတုဗေဒပုစ္ဆာတွေကို စိတ်ပညာကျောင်းသားတစ်ယောက်နှင့် ပတ်သက်စရာ မလိုဟု ထင်ထားပုံရသည်။ ကျွန်တော် တစ်ချက်ပြုံးလိုက်သည်။

"ဒီလိုပါ မိုးစက်သီတာတို့ အမေမှာ နှလုံးရောဂါ ဆိုတဲ့ ရုပ်ရှင်သုံး ရောဂါရှိလား သိချင်လို့ပါ"

"အို ဘာတွေ လာမေးနေတာလဲ၊ နှလုံးရောဂါလည်းမရှိဘူး သွေးတိုးလည်း မရှိဘူး"

"တော်ပါသေးရဲ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သူမအသံက သံမဏိရည် ရောထားသလို မာကျော လိုက်တာ။ စိတ်တက်လာသော ဒေါသအမှုန်အမွှား ကလေးတွေနှင့် သူမ နှုတ်ခမ်းကလေးကို ကိုက်လိုက်ပုံမှာ အသက်ရှူ မှားသွားနိုင်လောက်သည်။

"ဩော် ကျွန်တော် မေးကြည့်ရုံသက်သက်ပါ။ ဗီဒီယိုတွေ၊ ရုပ်ရှင်တွေထဲမှာ မိခင်က နှလုံးရောဂါကို ဗန်းပြပြီး သူ့သမီးကို သူတို့ ပေးစားချင်တဲ့လူနဲ့ ပေးစားလိုက်ကြတာပဲလေ။ မင်းသမီး တကယ် ချစ်တဲ့ ချစ်သူကတော့ အသည်းကွဲ ကျန်ရစ်ခဲ့တာပဲလေ။ အဲဒီနှလုံး ရောဂါကြီးဟာ မြန်မာ့ အသည်းအခွဲဆုံး ရောဂါပဲ"

"အဲဒါ ဘာဖြစ်လဲ၊ ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်မအမေ နဲ့တရော ဘယ်လိုပတ်သက်နေလို့လဲ"

သူမက မခံချိမခံသာ ဖြစ်နေပုံရသည်။ ကြည်လင်နေသော မျက်ဝန်းမှာလည်း ဒေါသအရောင်တွေ စွန်းထင်းနေလေပြီ။ နှင်းဆီ ဆန်သော အလှမှာ မာနဆိုးဆေးတွေ လွှင့်မျောနေသည်။

"မိုးစက်သီတာရဲ့ အချစ်ရေးမှာလည်း 'နှလုံးရောဂါ' ဆိုတာ ကြီးနဲ့ မပတ်သက်စေချင်လို့ပါ။ မိုးစက်သီတာရဲ့ ချစ်ခြင်းခံစားမှုတွေ ရုပ်ရှင်မဆန်စေချင်လို့"

"ရှင်နဲ့ ဘာဆိုင်လို့လဲ"

သူမ အသံက ပြတ်သားသည်။ ကျွန်တော် သူမကို တစ်ချက် စိုက်ကြည့်ပစ်လိုက်သည်။ အားလုံး တိတ်ဆိတ်နေကြသည်။ ကျွန်တော့် နှင်းခွန်သံတွေ မထစ်ချုန်းခင်မှာ ကျွန်တော် စားပွဲက ထလိုက်သည်။

www.burmeseclassic.com



"ကျွန်တော် မိုးစက်သီတာကို သိပ်ချစ်မိသွားလို့ပါ။ ကျွန်တော်မိုးစက်သီတာကို သိပ်ချစ်တယ်"

အိပ်မက်တွေ ချန်ထားရစ်ခဲ့ပြီး ကျွန်တော် အရာရာကို ကျော ခိုင်းခဲ့ရပါသည်။

♥

www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျွန်တော် မှားယွင်းခဲ့ပြီလား။ ချစ်ခြင်းအပေါ် ကျွန်တော့် ဖွင့်ဆိုချက်က ပေါ့ပျက်ပျက်နိုင်သွားလေမလား။ အချစ်ဆိုတာ ကလေးကစားစရာ ချိုးရုပ်တစ်ရုပ်မဟုတ်မှန်း ကျွန်တော် သိပါသည်။ အချစ်ဆိုတာ လူကြီးကစားစရာ ဂေါက်ကလပ်တစ်ခု မဟုတ်မှန်းလည်း ကျွန်တော် သိပါသည်။ သို့သော်. . .

ကျွန်တော် မိုးစက်သီတာကို ချစ်သွားမိပုံမှာ မယုံစရာ ဖြစ်သည်။ အချစ်သည် ဂတ်(စ်)မီးခြစ် ခြစ်သလိုမျိုး ‘ဖျစ်’ ခနဲ ‘မီး’ ထတောက်တတ်ပါသလား။ အချစ်ဆိုသော မီးခြစ်ကလေးသည်

ကျွန်တော့်ရင်ထဲကို ‘လှစ်ခနဲ’ ဝင်ရောက်စီးဆင်းသွားသည်။ မိုးစက်သီတာကို ချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲကို 'လှစ်ခနဲ' ဝင်ရောက် လောင်ကျွမ်း ပြီးပျက် နေသော 'မီး' ကို ပရိုးမီးသီးယပ်စ် နတ်သားလေး ဖတ် တတ်ပါ့မလား။

"ကိုပင်လယ်ကြီး ဒီမှာတစ်ယောက်တည်းလာပြီး ဘာတွေ ဆွေး နေတာလဲ"

"ဟာ နီလာ လာထိုင်၊ ဘာစားမလဲ၊ ဘာသောက်မလဲ"

"ရှင်"

နီလာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ကျွန်တော် ထိုင်နေ သည်က ကန်ထိပ်ရှိ စိန်ပန်းပင်ကြီးအောက်က ခုံတန်းကလေးမှာ ဖြစ်သည်လေ။ လေအဝှေ့မှာ စိတ်ကူးသစ်ရွက်တွေ မျောမျော လွင့် နေသည်။

"ဘာလဲ ဗိုက်ဆာနေပြန်ပြီလား၊ ကျွန်မ လိုက်ကျွေးမယ် လေ"

"နောက်တာပါ နီလာရယ်၊ ငါက အိပ်မက်တွေစားပြီး အလွမ်းတွေ သောက်နေတဲ့ကောင် မဟုတ်လား"

"ကိုပင်လယ် ကျွန်မ ရှင့်ကို ပြောစရာရှိတယ်။ ကျွန်မကို တော့ ဟားချင် ဟားနိုင်ပါတယ်။ ဒါပေမဲ့ ချစ်ခြင်းကိုတော့ ပြက်ရယ် မပြုစေချင်ဘူး"

နီလာက လေးလေးနက်နက် ပြောလိုက်သဖြင့် ကျွန်တော့် မျက်ဝန်းမှာ တည်ငြိမ်မှုစပြုသွားလေပြီ။ စောစောက အချစ်ရူး တစ်ယောက်လို စိတ်ကူးတွေနှင့် စိမ်းစိုနေမိသဖြင့် မျက်ဝန်းမှာ ခရမ်းရောင်တွေ စွန်းထင်း နေမှာ သေချာပါသည်။

"ပြောပါ နီလာ၊ အချစ်ဆိုတာ တစ်ခမ်းတစ်နား တည်

www.burmeseclassic.com



ဆောက်ရမယ့် အိပ်မက်နန်းတော်ဆိုတာ ငါ သိခဲ့ပါပြီဟာ။ အချစ်ဆိုတာ အပျော်ဖတ် ဝတ္ထုတစ်ပုဒ် မဟုတ်ဘူးဆိုတာ ငါ ယုံကြည်သွားပါပြီ"

နီလာမြင့်က တစိမ့်စိမ့် ပြုံးနေသည်။ သူမ ပါးပြင်မှာ သွေးကြော နီနီကလေးတွေသည် တစ်စုံတစ်ရာကို စိုးရွံ့နေပုံရသည်။ သူမ နှုတ်ခမ်းပါးလေးတွေက ပြတင်းတံခါးလေး စေ့ထားရုံကလေး နှင့်တူနေသည်။ သူမ ရင်ထဲမှာ ဘယ်လိုစကားလုံးတွေ ပြည့်သိပ်နေပြီလဲ။

"ကျွန်မ ယောကျ်ားလေးဖြစ်ရင် သိပ်ကောင်းမှာပဲ ကိုပင်လယ်"

"ဟေ ဘယ်လို နီလာ၊ မင်းက ယောကျ်ားလျာ လုပ်မလို့ လား"

"မနောက်ပါနဲ့ ကိုပင်လယ်ရယ်၊ ကျွန်မ ရင်ထဲမှာ မွန်းကြပ် သွန်း လို့ပါ။ ကျွန်မရဲ့ အိပ်မရတဲ့ ညခံစားမှုတွေကို ဒိုင်ယာရီထဲမှာ ယောင်းတိုင်မီးရောင်နဲ့ သွတ်သွင်းနေရတယ်ရှင်။ ကျွန်မ ကိုပင်လယ်ကို တကယ့်အစ်ကိုတစ်ယောက်လို ခင်ပါတယ်။ ဒါကြောင့် ကျွန်မ ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်း ရင်ဖွင့်တိုင်ပင်ချင် ပါတယ်"

"ပြောပါ နီလာ ငါ နားလည်ပေးနိုင်မယ်လို့ ယုံကြည် လိုက်ပါ။ ငါ နင့်ကို ကူညီနိုင်လိမ့်မယ် ထင်ပါတယ်"

"ကျွန်မအဖြစ်က ဆိုးပါတယ် ကိုပင်လယ်"

သူမက ဘာကို အားမလိုအားမရ ဖြစ်နေမှန်း မသိ။ သူမ ဆံနှာကလေး ညှိုးငယ်နေရှာသည်။ ကျွန်တော် ကန်ရေပြင်ပေါ်ကို ခဲ တစ်လုံးပစ်ချလိုက်မိသည်။ ဘဝဆိုတာ မတည်ငြိမ်မှုတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းထား သော လွင့်မျောမိုးတိမ်တွေလား။

"နီလာ"

"ရှင် ကျွန်မလေ. . . ကျွန်မ. . . ကျွန်မ ကိုဘုန်းဝေကို သိပ်ချစ်နေမိပြီ ကိုပင်လယ်ရယ်"

"ဟော. . . လက်စသတ်တော့ ငါ့ညီမက အစ်ကို့ကို အောင် သွယ်လုပ်ခိုင်းနေတာကိုး"

"ကိုပင်လယ်-ကျွန်မ ပြောတဲ့စကားတွေ ဘယ်သူမှ မသိပါ စေနဲ့ နော်၊ အထူးသဖြင့် ကိုဘုန်းဝေ မသိပါစေနဲ့။ ကိုပင်လယ်ကို အစ်ကို တစ်ယောက်လိုခင်လို့ ရင်ဖွင့်လိုက်မိတာပါ"

"စိတ်ချပါ နီလာရယ်"

ကျွန်တော် သူမကို ငြင်သာစွာ နှစ်သိမ့်လိုက်ပါသည်။ နီလာ ကို ကြည့်ပြီး ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။ တစ်ခါတရံမှာ အချစ်ဆို တာ မြားနတ်မောင်တွေ ဆော့ကစားနေသော ဂေါ်လီလုံး (သို့) အန်စာတုံး ကလေးတွေပါပဲ"

"ငါ့ကို နှုတ်ပိတ်ခအဖြစ် တစ်ခုတော့ ဝယ်ကျွေးရမယ် နီလာ"

"ဘာလဲ ဘာဝယ်ကျွေးရမှာလဲ"

"မုန့်ပျားသလက်"

"အို ကိုပင်လယ်ကြီးကလဲ"

"အလကား စ, တာပါဟာ၊ ကန်တင်းသွားပြီး ရှောက်သုပ် သွားစားကြရအောင် ပိတ်လျှောင်နေတဲ့ အချစ်တွေ ခွေ လိုက် ကြရအောင်လေ"

"ကောင်းသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် ကန်တင်းကို အတူလျှောက်ခဲ့ကြသည်။ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုတွေနှင့်အတူ ရင်းနှီးခဲ့ကြသည်။ ရင်းနှီးမှုတွေနှင့်အတူ ယုံကြည်ခဲ့ ကြသည်။

"ကိုပင်လယ် ရှင် မိုးစက်သီတာကို တကယ်ချစ်သွားတာ ကော ဟုတ်ရဲ့လား"

"သေချာပါတယ် နီလာရယ်၊ တစ်ခြားလူတွေကို ညာလို့ရပေမဲ့ ကိုယ့်ကိုယ်ကို ညာလို့မရတာ အချစ်ပဲ။ အဲဒီနေ့က ဘယ်လို ဖြစ်သွားမှန်း မသိပါဘူး နီလာရယ်၊ ငါ ဖွင့်ပြောလိုက်မိတာ မှားသွားတယ်ထင်တယ်"

နီလာမြင့်က မချိုမချဉ် ပြုံးနေသည်။ ကျွန်တော် ရင်ထဲမှာ ဝေဒနာတစ်မျိုးက ခိုးလုခုလု ဖြစ်နေသည်။

"အဲဒီနေ့က မိုးစက်သီတာက ဘာပြောသေးလဲ နီလာ"

"အမှန်အတိုင်း ပြောရမှာလား"

"ဒါပေါ့ ဒါပေါ့"

"သီတာက ပြောတယ်၊ ရှင်တို့လူတော့ ရူးသွားပြီတဲ့၊ ကျွန်မကတော့ ရည်းစားစကားအပြောခံရတာ ရိုးနေပြီတဲ့"

"ကောင်းတာပေါ့။ ငါ့ရူးသွပ်မှုတွေဟာ သူ့အတွက် ရိုးအီနေတဲ့ အရာတဲ့လား"

"ဟုတ်တယ် ကိုပင်လယ် သီတာက အချစ်ဆိုတာကို လမ်းဘေးက ရေခဲရေတစ်ခွက်လောက် သဘောထားတာ"

"အချစ်ဆိုတာ ဘောကျီးကန်းတစ်ကောင်မှ မဟုတ်တာ နီလာရယ်"

"ရှင် ဘာဆက်လုပ်မှာလဲ ကိုပင်လယ်"

www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီကို နှုတ်ခမ်းနီ ဆိုးပေးမယ်"

"ရှင်"

သူမ အံ့ဩသွားပုံရသည်။ ကျွန်တော်ကတော့ ရင်ခုန်သံတွေကို စွမ်းအင်တစ်မျိုးအဖြစ် အသုံးပြု၍ ဘဝကို အကွက်ရွှေ့ရဦးမည်လေ။

"ဟုတ်တယ် နီလာ၊ ငါ မိုးစက်သီတာကို သိပ်ချစ်တယ်၊ အဲဒီအတွက် ငါ့အိပ်မက်တွေကို ရင်းနှီးမြှုပ်နှံရတော့မယ်။ အချစ်ဆိုတာတွေကို သူ နားလည်လာတဲ့ တစ်နေ့မှာ ငါဟာ အရှုံးသစ်စေ့ကလေး တစ်စေ့အဖြစ်နဲ့ သူနဲ့ဝေးရာကို ထွက်သွား ရမှာပါ"

"မဖြစ်နိုင်မှန်း သိလျက်နဲ့ ငါ့အိပ်မက်တွေကို အသက်သွင်းကြည့်တာပါ နီလာ"

နီလာက နှုတ်ဆိတ်နေသည်။ ကျေးငှက်သံတွေ မဲ့နေသော တောအုပ်တစ်ခုလို တိတ်ဆိတ်နေ၏။

ကျွန်တော့် ရှုမျှော်ခင်းသည် ပန်းရနံ့တွေ သင်းချင် သင်းမည်။

ထို့အတူ...

ကျွန်တော့် ရှုမျှော်ခင်းသည် အလွမ်းရနံ့တွေ သင်းချင်လည်း သင်းနိုင်ပါသေး၏။

♥

www.burmeseclassic.com

www.burmeseclassic.com

(၄)

နီလာမြင့်က ကားပေါ်က ဆင်းလာသည်။ မိုးစက်သီတာက တော့ ကားပေါ်မှာ စာအုပ်ဖတ်ရင်း နေခဲ့သည်။ နီလာမြင့်သည် ကျွန်တော့်ကို မြင်သွားသောအခါ မရယ်ချင် ရယ်ချင်နှင့် ရယ် နေလိုက်သေး၏။ ကျွန်တော် ပန်းများတံကို ဆွဲမြှောက် လိုက်သည်။ စိန်ပန်းနီငါးတစ်ကောင် မျှားချိတ်မှာ ပါလာလေရဲ့။

"ကိုပင်လယ် မိုးစက်သီတာက ရှင်နဲ့ စကားပြောချင်လို့တဲ့"

ကားထဲမှာ စာအုပ်ဖတ်နေသော (ဖတ်ဟန်ဆောင်နေတာ လည်း ဖြစ်နိုင်သည်) သူမက ကျွန်တော်နဲ့ စကားပြောချင်တယ် ဆိုတာ မာယာကင်းစင်ပါ့မလား။

"အပေါ်တက်ခဲ့လို့ ပြောလိုက်ပါ နီလာ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



နီလာက မျက်လုံးအပြူးသားနှင့် ကျွန်တော့်ကို ကြည့်နေရှာသည်။ ကျွန်တော်က စိန်ပန်းပင်ခွကြားမှာ အသည်းကွဲနေသော မျောက်တစ် ကောင်လို ငြိမ်သက်လျက်။ နီလာမြင့်ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ နီလာမြင့်သည် မိုးစက်သီတာကို သွားပြောသည်။ သိပ်မကြာလိုက် မိုးစက်သီတာကိုယ်တိုင် စိန်ပန်းပင်အောက် ရောက်လာ၏။

"ကျွန်မ ရှင်နဲ့ စကားပြောချင်တယ်"

"အပေါ်တက်ခဲ့လေ မိုးစက်"

သူမ နှုတ်ခမ်းလေးကို တင်းတင်းစူထားသည်။ နှင်းဆီပန်းကလေး နှုတ်ခမ်းနီဆိုးထားသည်နှင့် တူနေ၏။

"ကျွန်မ ရှင့်ကို လူတစ်ယောက်လို့ ထင်ခဲ့မိတာ မှားတာပဲ။ တကယ်တော့ ရှင်ဟာ မျောက်တစ်ကောင်ပဲ"

(ကျွန်တော်သာ မျောက်တစ်ကောင်ဖြစ်ခဲ့လျှင် သူမကို ငှက်ပျောသီးလို အခွံနွှာပစ်ချင်သည်)

ကျွန်တော် ဘာမှပြန်မပြောလိုက်မိပါ။ စိန်ပန်းပင်ပေါ်က ကျွမ်းကျင်စွာ ဆင်းခဲ့မိသည်။ ပန်းမျှားကြိုးကို ပန်းမျှားတံမှာ ရစ်ပတ်လိုက်သည်။ ဒီနေ့ ပန်းပွင့် (၂)ပွင့်သာ ဖမ်းမိခဲ့သည်။ ပျင်းရိငြီးငွေ့မှုတွေ နှစ်ပိဿာလောက် ဖြေဖျောက်နိုင်ခဲ့လေ၏။

"ပြောလေ မိုးစက် ဘာကိစ္စလဲ ကျွန်တော်. . ."

"ရှင် ဘာမှ စကားရှည်မနေနဲ့ တစ်နေရာရာကို သွားစကားပြောကြမယ်၊ ရှင် လိုက်ခဲ့ပါ"

သူမက ပြောပြီး ကားဆီထွက်သွားသည်။ ကျွန်တော်သည် မြွေအလမ္ပာယ်ဆရာက ညှို့ယူသိမ်းသွင်းခြင်းခံသားသော မြွေ

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ကောင်နှင့်သာ တူနေတော့သည်။ ကျွန်တော် သူမနောက်က လိုက်သွားခဲ့မိလေသည်။

"မိုးစက် ကျွန်တော် လိုက်ခဲ့တာကတော့ ဟုတ်ပါပြီ။ အပြန်ကော ပြန်လိုက်ပို့မလား"

သူမက ဘာမှပြန်မပြော။ ကားစက်နှိုးနေလေပြီ။ ကျွန်တော် နောက်ခန်းထဲ ဝင်ထိုင်လိုက်သည်။

ကားကလေးသည် ပေါ့ပါးသွက်လက်စွာ ပြေးလွှားနေရာ သည်။ (Air-Con) ဖွင့်ထားသဖြင့် နေသာထိုင်သာ ရှိသည်။ (Hip-Hop) သီချင်းခွေ ဖွင့်ထားသောကြောင့် ခံစားမှုတွေ တောင့်တင်းနေလေသည်။

"မိုးစက် ဘယ်သွားမှာလဲ"

"ရှင် စကားမများနဲ့"

"မိုးစက် ကျွန်တော့်မှာ ပိုက်ဆံ မပါခဲ့ဘူးနော်"

"စကားမရှည်ပါနဲ့ဆို"

ကားကလေးဟာ လမ်းမကြီးပေါ်ကနေဆင်းပြီး လမ်းကြားတွေ ဆက်တိုက်ကွေ့နေရာသည်။ ဘယ်နေရာတွေ ရောက်နေမှန်းမသိ။ ကျွန်တော့်အတွက်တော့ နယ်မြေအစိမ်း။ နီလာကတော့ သီချင်းနားထောင်ရင်း ဖရုံစေ့လှော် စားနေလေသည်။

"မိုးစက်"

"မိုးစက် မင်းတို့ ကျွန်တော့်ကို ပြန်ပေးဆွဲလာတာလား"

"ရှင့်ကို ပြန်ပေးဆွဲလာတာ မဟုတ်ဘူး၊ ရှင့်ကို ကားတင်ခေါ်လာတာ သိလား"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဆတ်တောက်တောက်လေသံနှင့် ပြောသည်။ (Hip-Hop) သီချင်းထက်တော့ နားဝင်ချိုပါသည်။

"ဗျာ ကားတင်ပြေးလာတာ သွားပါပြီ ဗျာ၊ ကျွန်တော့်ဘဝတော့ ရေတိမ်နစ်ရပါပြီ"

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ၊ ရှင့်ကို ပြန်ပေးဆွဲလာတာ လည်း မဟုတ်ဘူး၊ ကားတင်ပြေးလာတာလည်း မဟုတ်ဘူး၊ ကော်ဖီဆိုင် တစ်ဆိုင်ကို သွားနေတာပါ ကိုပင်လယ်"

နီလာမြင့်က ပျာယီးပျာယာနဲ့ ဝင်ဖြေရှင်းနေသည်။ ကောင်မစုတ်ကလေး မသိဘဲနေပါ့မလား၊ စကားမရှိ စကားရှာ ပြောနေရတာ နားမလည်ဘူးလား၊ ဖြစ်နိုင်လျှင် ကျွန်တော် နီလာမြင့် နားရင်းကို (၃) ချက်လောက် နာနာတီးပစ်ချင်သည်။

Dream cafe center မှာ ကျွန်တော် ဆင်းခဲ့ရသည်။ မိုးစက်နှင့် နီလာတို့က ဆင်းသွားကြပြီ။ ကျွန်တော့်ကို မခေါ်သဖြင့် ကျွန်တော် ကားထဲမှာ ပေထိုင်နေလိုက်သေးသည်။ ငါးမိနစ်လောက်ကြာမှ ကျွန်တော် ဆင်းခဲ့ခြင်းဖြစ်သည်။

"ကိုပင်လယ် ထိုင်လေ ဘာကြောင်နေတာလဲ"

"ဝါရှင်တန်စီတီများ ရောက်နေသလားလို့ပါ"

သူမ၏ မျက်စောင်းတစ်ချက်က ရင်ကို လှိုက်ဖိုစေသည်။ ရင်ထဲမှာမောနေသည်။ သိပ်လှတယ် မိုးစက်သီတာ။ ငါ့ရဲ့ ကဗျာ သူမလေး။

"ကိုပင်လယ် ရှင့်လုပ်ရပ်တွေကို ရပ်တန်းက ရပ်ပါ"

မိုးစက်သီတာ၏ အသံက ကြည်လင်ပြတ်သားနေသည်။ နီလာမြင့်ကတော့ ကော်ဖီကို အရသာခံ သောက်နေလေသည်။

www.burmeseclassic.com



ကျွန်တော်တို့ နှစ်ယောက် လွတ်လွတ်လပ်လပ် ဆွေးနွေးရန်အတွက် သူမ ကော်ဖီသောက်နေခြင်းက အကောင်းဆုံးဖြစ်မည်ဟု ယုံကြည်နေပုံရသည်။

"ဗျာ မိုးစက် ကျွန်တော် နားမလည်ဘူး"

"ရှင့် လုပ်ရပ်တွေကို ရပ်ခိုင်းနေတာ"

"ဗျာ ကျွန်တော် ပန်းမျှားတဲ့ ကိစ္စလား၊ ဒါတော့ မဖြစ်နိုင်ဘူး။ ကျွန်တော့် အဘိုးနဲ့ ကျွန်တော့် အဖေတို့ဟာ ငါးမျှား သိပ်ဝါသနာကြီးကြတာ၊ ဗီဇက ဖျောက်မရဘူး။ ကျွန်တော်က အကုသိုလ်မလုပ်ချင်လို့ ပန်းမျှားနေတာပါဗျာ"

"ရှင့်ကို အဲဒါပြောနေတာ မဟုတ်ဘူး၊ ရှင်အူကြောင်ကြောင်လုပ်မနေနဲ့။ အိမ်က ကျွန်မကို သံသယတွေနဲ့ စောင့်ကြည့်နေကြပြီ၊ အဲဒါ ရှင့်ကြောင့် ရှင်ဟာလေ. . ."

ကျွန်တော် ကော်ဖီတစ်ငုံ ငုံလိုက်သည်။ ကော်ဖီငုံ နှုတ်ပိတ်နေလိုက်ခြင်း ဖြစ်ပါသည်။ ရင်ထဲမှာ မျောက်တစ်ကောင် ဂွမ်းပစ်နေပြီ။

"ရှင် ရပ်တန်းက ရပ်လိုက်ပါတော့ ကိုပင်လယ်"

"ကျွန်တော် ဘာမှနားမလည်ဘူး မိုးစက်"

"ရှင် အူကြောင်ကြောင် လုပ်မနေနဲ့။ ရှင် ညတိုင်း ကျွန်မတို့အိမ်ရှေ့လာပြီး ကျွန်မကို လာလာချောင်းနေတာ ကျွန်မ အားလုံးသိတယ် ကိုပင်လယ်။ ကျွန်မကို အိမ်က သံသယဝင်နေကြပြီ။ ရှင် ကျွန်မ အိမ်ရှေ့ ဘယ်တော့မှ မလာပါနဲ့"

ကျွန်တော် ရင်ထဲမှာ 'ထိတ်ခနဲ' ဖြစ်သွားမိသည်။ သူမက ကျွန်တော့်ကို စိုက်ကြည့်နေလေ၏။ ခံစားမှုပန်းက ပိုးကိုက်ခံထား

www.burmeseclassic.com

www.burmeseclassic.com



ရပြီလေ။

"ကဲ ပြောလေ"

"ကျွန်တော် ပြန်မယ်"

တစ်စုံတရာ လွဲချော်နေပြီဆိုတာ ကျွန်တော် နားလည်လိုက်ပါပြီ။ မိုးစက်နှင့် နီလာတို့ ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသည်။

"ဘယ်လိုဖြစ်ရတာလဲ ကိုပင်လယ်၊ ကျွန်မတို့ လိုက်ပို့မှာပေါ့"

"ရတယ် နီလာ၊ ငါ ပြန်တော့မယ်၊ မိုးစက်တို့ အိမ်ကို လာချောင်းနေတဲ့လူဟာ ဘယ်သူဖြစ်နိုင်မလဲ၊ ငါ မဟုတ်တာတော့ သေချာတယ်။ ငါ မိုးစက်ကို သိပ်ချစ်တယ်။ ဒါပေမဲ့ ငါ မဟုတ်ဘူး၊ နီလာ ငါ သွားတော့မယ်"

ကျွန်တော် မိုးစက်ကို မကြည့်မိအောင် နီလာကို ကြည့်ပြီး ပြောလိုက်မိသည်။ ကျွန်တော့်ရင်ထဲမှာ ရီဝေနေသည်။ မိုးစက်က စားပွဲကို လက်နှင့်ခေါက်နေလေသည်။

ကျွန်တော် သံသယကန္တာရက လွတ်မြောက်နိုင်ပါ့မလား။

မိုးစက်ရယ်. . . မင်းမျက်ဝန်းမှာ စွန်းထင်းနေတဲ့ စိုးရိမ်ရိပ်တွေကို ကင်းစင်ပပျောက်သွားအောင် ရင်တွင်းအောင်း ဒေါသတွေ ဖောက်ခွဲပစ်လိုက်စမ်းပါ။

ညတွေ ညတွေမှာ မင်းကို ချောင်းကြည့်နေတဲ့လူဟာ ဘယ်သူလဲ မိုးစက်သိတာ။

ကျွန်တော် သူမကို ကြည့်နူးဖြူစင်စွာ ငေးမောရင်းရင်တွေ ခုန်ချင်နေမိသည်။

မိုးစက်သိတာသည် ကျွန်တော့်အိပ်မက်ကမ္ဘာ၌ သာသော

www.burmeseclassic.com



လမင်း၊ လင်းလက်သော ကြယ်စင်၊ တိုက်ခတ်နေသော လေညှင်း၊ ပျံ့ချိနေသော နေခြည်နုနု။

ကျွန်တော် အဆောင်ပြန်ရောက်သောအခါ ဘုန်းဝေတစ်ယောက်တည်းကိုသာ တွေ့ရသည်။ သားရဲနှင့် ဘိုဘိုတို့က အေးအေးအောင်တို့အိမ် သွားလည်ကြသည်ဟု သိရ၏။

ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ညနေအလွန်မှာ နယ်ကျွံလာ သော အမှောင်အမှုန်အမွှားတွေနှင့် ပိုးစုန်းကြူးတို့ ဆော့ကစားနေကြသည်။ ပရစ်အော်သံတွေ ဆူညံနေသည်။ လမ်းဘေးဓာတ်တိုင်အောက်မှာ ကလေးတစ်ချို့ ပရစ်ကောက်နေကြသည်။

"ပင်လယ် မင်းကို ကြည့်ရတာ တစ်မျိုးပဲ၊ တစ်ညနေလုံး ဘယ်သွားနေတာလဲ၊ ဘာတွေ ဖြစ်လာခဲ့သလဲ"

ဘုန်းဝေက ဆီးမေးလိုက်သောအခါ ကျွန်တော့်ရင်ထဲမှာ ဟာလာဟင်းလင်း ဖြစ်သွားသည်။ ကျွန်တော့်မှာ လက်ဆုပ် လက်ကိုင်ပြစရာ ဘာအိပ်မက်မှ မရှိသေး။ ကျွန်တော် ဘုန်းဝေ၏ မေးခွန်းတွေကို ဘယ်လို ပြန်ဖြေရမလဲ။

"ငါ မိုးစက်သီတာနဲ့ သွားတွေ့တာ၊ ငါ မိုးစက်သီတာကို သိပ်ချစ် နေမိပြီ ဘုန်းဝေ၊ သူငယ်ချင်း ငါ့စီးဆင်းမှုတွေ လွဲချော်နေပြီလား။ ငါဟာ မျှော်လင့်ခြင်းမဲ့သားကောင် တစ်ကောင်လား။ ငါ ဘာလဲကွာ၊ ငါဟာ မိုးစက်သီတာ ရင်ထဲမှာ နေရောင်ခြည်ဆာလောင်နေတဲ့ ခပ်ကြောင်ကြောင် နေကြာပန်းတစ်ပွင့်လား"

"မင်း ရူးနေပြီ ပင်လယ်"

ဘုန်းဝေက ကျွန်တော့်စကားလုံးတွေကို စိတ္တဇပိုက်တွန်ဖြင့် ခမ်းဆီးပစ်လိုက်လေပြီ။ အမှောင်လမ်းမပေါ်က ညသည် အဘိုးအို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို ဒယီးဒယိုင် လမ်းလျှောက်နေရှာသည်။ ဒီည လသာလျှင် လရောင်နည်းနည်း ခိုးဝှက်ထားချင်သည်။ မနက်နေရောင်ခြည်အောက် မှာ လရောင်နည်းနည်းကို ခေတ်ခွဲကြည့်ချင်မိသည်။ စိတ်ကူးယဉ်ရသည်မှာ ပိုက်ဆံမပေးရသော်လည်း ပင်ပန်းပါသည်။

"ပင်လယ် မင်း လေးလေးနက်နက် စဉ်းစားဖို့ ကောင်းနေပြီ။ မိုးစက်သီတာကို တကယ်ချစ်တာ သေချာရဲ့လား၊ မင်းပြောခဲ့ဖူးတယ်လေ။ မိုးစက်သီတာဟာ အသွားသိပ်ထက်ပေမယ့် မာနသံချေးတက်နေတဲ့ ဓား တစ်လက်ပဲဆို"

"ဟုတ်တယ် ဘုန်းဝေ၊ မိုးစက်ဟာ သိပ်လှသလောက် သိပ်မာန ကြီးတယ်လို့ ငါ သိခဲ့ရတယ်။ ဒါပေမဲ့ အချစ်ဆိုတဲ့ ပန်းသီးကလည်း သံချေး တက်နေတဲ့ ဓားတုံးတုံးနဲ့ လှီးတာကိုမှ ပိုမက်မောတာကွ"

ကျွန်တော်တို့နှစ်ယောက် တိတ်ဆိတ်သွားကြသည်။ လရောင်တွေက တိတ်တဆိတ် ခုန်ချနေကြသည်။ ညသည် အမှောင်ထဲမှာ ငိုက်မြည်းနေလေ၏။

"ပင်လယ်ရေ. . . ဘုန်းဝေရေ"

သွားပြီ။ သားရဲနှင့် ဘိုဘိုတို့ လေရာမှ ပြန်ရောက်လာကြလေပြီ။ ကျွန်တော်တို့ ခံစားချက် ဆွေးနွေးပွဲကလေး ရပ်ဆိုင်းလိုက်ရလေသည်။

"မင်းတို့ ထမင်းဝင်စားခဲ့ပြီလား"

"ရည်းစားထားတာကလွဲရင် တို့အားလုံး အတူတူ 'ဉမကွဲ သိုက်မပျက်' အိပ်မက်အတူ မက်သွားကြမှာပဲကွာ။ ငါတို့လည်း

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့နဲ့ အတူတူ သွားစားမှာလေကွာ"

"ကောင်းပါတယ်၊ ဘိုဘိုရာ မင်းက ဟင်းခွက်အားလုံးထဲက အသားဖတ်၊ အသည်းဖတ်တွေ ရွေးစားပြီး တို့ကြတော့ အရိုးကိုက် အရည်သောက် လုပ်ရတာလေ"

ဘိုဘိုက ပြုံးဖြီးဖြီးကြီး လုပ်နေပါသည်။ သူ့မျက်နှာမှာ ပေါင်ဒါတွေ မပါတော့သဖြင့် သူ့အပြုံးတွေက မာကျောခက်ထန်နေပါသည်။ သို့သော် ကြည်လင်နေ၏။

♥

www.burmeseclassic.com

www.burmeseclassic.com

"တောက်"

'သားရဲ' က ဒေါသထွက်နေသည်။ သူ့မျက်နှာကြီးက ပုပ်သိုးနေ သော ပေါင်မုန့်တစ်လုံးနှင့် တူနေသည်။ ဘုန်းဝေ၊ ဘိုဘိုနှင့် ကျွန်တော်တို့ကတော့ သားရဲကို ဖျောင်းဖျရန် ခေါင်းစားနေကြသည်။

"ငါ နီလာကို ချစ်သလောက် နီလာက ငါ့ကို စိတ်နဲ့တောင် မပြစ်မှားဘူးကွာ"

"သားရဲ မင်းစကားပြောတာ မှားနေပြီနော်"

"ဘာမှားရမှာလဲကွ၊ ငါက သူ့ကို ချစ်သလောက် သူက ငါ့ကို စိတ်နဲ့တောင် မပြစ်မှား အဲ ဟိုဒင်း စိတ်ကူးထဲတောင် မထည့်ဘူးကွာ"

"သူက ပြောလိုက်သေးတယ်။ ရှင့်ကို စိတ်ကူးတောင် ယဉ်ကြည့်လို့ မရဘူးတဲ့။ ကျွန်မ ရှင့်ကို ဘယ်တော့မှ ချစ်လို့ရမှာ မဟုတ်ဘူးတဲ့"

"ငါ့ မျက်ရည်သိုးတွေ သားသတ်ရုံ မပို့ချင်ဘူးကွာ"

သားရဲက မျက်နှာငယ်ကလေးနှင့် ကြေကွဲနေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်မကောင်းပါ။ အချစ်ဆိုတာ ခုတ်ရာတစ်ခြား၊ ရှရာတလွဲ ဖြစ်တတ်သည်လေ။ သားရဲက နီလာမြင့်ကို ချစ်ခဲ့သည်။ နီလာမြင့်က ဘုန်းဝေကို ချစ်နေသည်။ ကျွန်တော် သူတို့အတွက် ဘာမှ မကူညီနိုင်သေးပါဘူး။ သားရဲကို နှစ်သိမ့်မှုတစ်ခုခုတော့ ပေးချင်ပါသည်။

"သားရဲ စိတ်မပျက်စမ်းပါနဲ့ကွာ၊ အိပ်မက်ဆိုတာ တန်ရာတန်ရာ မက်ရတယ်ကွ"

"ဘာလဲ ပင်လယ်၊ ငါ ကြေကွဲနေတဲ့အချိန်မှာ မင်း ဖရဲသီးလာရောင်းနေတာလား"

သားရဲက တရှူးရှူး တရှဲရှဲ ဖြစ်နေရှာသည်။ တစ်ခါတစ်ရံမှာ လူတွေဟာ အချစ်နဲ့ ပတ်သက်လာရင် မျောက်မီးခဲ ကိုင်မိသလို စပ်ပူစပ်လောင် ဖြစ်တတ်ကြတာပဲလေ။ ကျွန်တော် အညင်သာဆုံး သက်ပြင်းကလေး မှုတ်ထုတ်လိုက်မိသည်။

"သားရဲ ငါ ကြားဖူးတဲ့ ပုံပြင်တစ်ပုဒ် မင်းကို ငါ ပြောပြချင်တယ်ကွာ၊ ခဏလောက် နားငြီးခံပေးစမ်းပါ"

သားရဲက လက်ဖက်ရည်ခွက်ကို ငုံ့ကြည့်နေလေသည်။

"ပုံပြင်ထဲမှာ မိခင်ကြွက်မကြီးက အရွယ်ရောက်လာတဲ့ သူ့သမီး ကြွက်မကလေးကို ကမ္ဘာမှာ တန်ခိုးအကြီးဆုံး တန်ခိုးရှင်နဲ့ ထိမ်းမြားလက်ထပ်ပေးချင်တယ်။ တန်ခိုးအကြီးဆုံးလို့ ယုံကြည်တဲ့ နေမင်းကြီးဆီ သွားခဲ့ကြတယ်၊ နေမင်းကြီးက "ကျုပ် တန်ခိုးကြီးတာတော့မှန်ပါတယ်။ ကျုပ်ကို တိမ်တွေဖုံးအုပ်ထားရင် ကျုပ် ဘာမှ မတတ်နိုင်ဘူး" လို့ ပြန်ပြောလိုက်တယ်။ ကြွက်မကြီးဟာ နေမင်းထက် တန်ခိုးကြီးတဲ့ တိမ်တွေဆီ ရောက်သွားခဲ့ပြန်တယ်။ တိမ်စောင့်

www.burmeseclassic.com

www.burmeseclassic.com



နတ်သားကလည်း "ကျုပ် တန်ခိုးကြီးတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျုပ်တန်ခိုးတွေဟာ လေနဲ့တွေ့ရင် ဘာမှမစွမ်းတော့ဘူး။ ကျုပ် ဘဝဟာ လေနှင်ရာလွင့်နေတဲ့ တေလေဂျပိုးပါ" လို့ ပြန်ပြော လိုက်တယ်။ ဒီလိုနဲ့ ကြွက်မကြီးဟာ လေနတ်သားဆီ ရောက်သွား ပြန်ရော။ လေနတ်သားက "ကျုပ် ဘယ်လောက်စွမ်းစွမ်း တောင်ပို့ ကိုပြိုအောင် မဖြိုနိုင်ပါဘူး" လို့ ပြန်ပြောတယ်။ တောင်ပို့ဆီ ရောက်သွားတော့ တောင်ပို့က "ကျုပ်မှာ ဘယ်လောက် ခံနိုင်ရည်ရှိရှိ ကျွဲခတ်တာတော့ မခံနိုင်တော့ဘူးဗျ" ကြွက်မကြီးဟာ ကျွဲရိုင်းကြီးဆီ ရောက်သွားပြန်တယ်။ အဲဒီမှာ ကျွဲရိုင်းကြီးက "ကျုပ် ဘယ်လောက် သန်မာထွားကျိုင်းပါစေ ကျုပ်ကို ခိုင်းနေတာ နဖားကြိုးပဲဗျ" လို့ ပြန်ပြောလိုက်တယ်။ ကြွက်မကြီးဟာ သူ့သမီးအတွက် နဖားကြိုးဆီ ရောက်ခဲ့ရပြန်တယ်။ နဖားကြိုးက ဘာပြောတယ်မှတ်လဲ။

"ကျုပ်ဟာ သိပ်သန်မာထွားကျိုင်းတဲ့ ကျွဲတွေကို ဘယ်လို ခိုင်းနိုင် ခိုင်းနိုင် ကျုပ်ကို နိုင်တဲ့ တန်ခိုးရှင်ရှိသေးတယ်ဗျ။ ကျုပ်တို့ နဖားကြိုးတွေကို အမြဲတမ်း နှိပ်စက်ညှင်းပမ်း အနိုင်ယူနေတာ ကြွက် တွေပဲ" တဲ့။ နောက်ဆုံးတော့ ကြွက်မကြီးဟာ အပျိုဖော်ဝင်စ သမီး ကြွက်မလေးကို ကျင်းနီးချင်း ကြွက်ထီးတစ်ကောင်နဲ့ ထိမ်းမြား ပေး လိုက်ရတော့တာပဲလေ"

"ပုံပြင်ကတော့ အမိုက်သားပဲဟော့၊ ဟုတ်တယ်ကွ။ ကိုယ်နဲ့ တန်ရာတန်ရာမှန်းပြီး တန်ရာတန်ရာ နမ်းကြ၊ လွမ်းကြတာပဲ သပ္ပာယသင့်ပါတယ်ကွာ"

သားရဲက လက်ဖက်ရည်ခွက်ကို ငုံ့ကြည့်နေရာမှ မုန့် ပန်းကန်ဆီ အကြည့်လွှဲသွားပြန်သည်။ ဘိုဘိုက (ကို) မုန့်ပန်းကန်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ မုန့်တစ်ခု ကောက်ဝါးလိုက်သောအခါ သားရဲ အကြည့်သည် ရေနွေးကြမ်းခွက်ဆီ ရောက်သွားပြန်၏။ ဘုန်းဝေက (ထို) ရေနွေးကြမ်းခွက်ကို ကောက်မော့လိုက်သည်။ ထိုအခါ မှာ သားရဲက ဖြုန်းခနဲ မတ်တပ်ထရပ်သည်။ ကျွန်တော်တို့ (၃) ယောက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။ တစ်ခြားဝိုင်းကလူတွေ၏ အကြည့်တွေမှာ သားရဲဆီ ပုံအောရောက်ရှိလာကြသည်။ ကမ္ဘာကြီးဟာ ၂၃၇ ဒီဂရီ တိမ်းစောင်းလျက်ပါပဲ။

"အချစ်အတွက် လက်ဖက်ရည်တစ်ခွက်ကို ရေခဲပြင်ထက် အေးစက်စေခဲ့ပြီး မုန့်တွေ၊ ရေနွေးကြမ်းတွေဆိုတာ အချစ်နဲ့ ပတ်သက်လာရင် နှင်းခဲတွေ၊ နှင်းကြမ်းငွေ့ရည်တွေပါပဲကွာ"

သားရဲက မတ်တပ်ထရပ်ပြီး အရူးတစ်ယောက်လို အော်ဟစ် ပြောလိုက်ခြင်းဖြစ်သည်။ တစ်ချို့ကတော့ (Hip-Hop) သီချင်းဆိုနေသူဟု ယူဆနိုင်သေးသည်။ သို့သော် သားရဲကို ဝိုင်းကြည့်သူများမှာ ပြုံးဖြီးဖြီးကြီး တွေဖြစ်ကုန်သည်။ တစ်ချို့က ပေါ်တင် ရယ်မောကြသည်။ ဒီနေ့အတွက် ရယ်စရာကောင်းသောသူမှာ သားရဲ ဖြစ်သဖြင့် လက်ဖက်ရည် တစ်ဝိုင်းဖိုး ဒကာခံရပေမည်။

♥

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟိုမှာ ဂြိုဟ်ပြာတွေ လာနေကြပြီဟေ့"

ကျော်ဘိုဘိုထွန်းတစ်ယောက် အပျော်စိတ်ကလေး ငယ်ထိပ် ရောက်သွားပုံရသည်။ ဒီအချိန်မှာ သူ့ကို မတ်တပ်ရပ်ခိုင်းလျှင် ခပ်သွက်သွက် ထရပ်မည့်ပုံ၊ လက်ခုပ်တီးခိုင်းလျှင်လည်း ခပ်ကဲကဲ တီးမည့်ပုံ။

နီလာမြင့်နှင့် အေးအေးအောင်တို့ ရေးကြီးသုတ်ပြာ ရောက် လာကြလေသည်။

"နီလာ ထိုင်လေ ဟဲ ဟဲ"

သားရဲက ဖွဲ့ဆု မှန်းနေသေးသည်။ ကျော်ဘိုဘိုထွန်းကလည်း

"အေးအေး ထိုင်လေ၊ ဘာသောက်မှာလဲ ဟဲ ဟဲ"

ဟု မျက်နှာချိုသွေးနေလိုက်သေးသည်။ နီလာမြင့်က စက် ရုပ်ဆန်နေသည်။

"ဟို. . . ဟိုလေ မိုးစက်သီတာ ပျောက်နေလို့ရှင့်"

"ဟုတ်တယ်၊ ကျွန်မတို့ လိုက်ရှာတာ နှံ့နေပြီ"

အေးအေးအောင်က ဘိုဘို့ကို ငေးကြည့်နေသည်။ ဘိုဘိုက ခေါင်းငုံ့ထားသည်။ ခွေးကောင် သူက ရှက်နေရသေး။ သူက မျက်နှာပူနေရသေး။ Aဘေး။

"မိုးစက်သီတာ ပြန်ပေးဆွဲခံရပြီနဲ့ တူတယ်"

"အို မဖြစ်နိုင်ပါဘူး"

"တစ်ယောက်တည်း တူတူပုန်းတမ်း ကစားနေတာရော မဖြစ်နိုင်ဘူးလား"

"ရုပ်ရှင်သွားကြည့်တာနေမှာ"

"ရည်းစားနဲ့ သွားချိန်းတွေ့တာရော မဖြစ်နိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ အဲဒါ လုံးဝမဖြစ်နိုင်ဘူး"

ကျွန်တော် အလန့်တကြား ငြင်းဆန်နေမိသည်။ ကာရံမဲ့ ကဗျာ တစ်ပုဒ် ရွတ်ဆိုနေရသလို ရင်မှာလှိုက်ဖိုနေသည်။ ဥသြတစ်ကောင် နွေဦးကို အလန့်တကြား ကြိုဆိုနေသည်နှင့် တူပါလိမ့်မည်။

"သားရဲ ပိုက်ဆံ ရှင်းလိုက်တော့၊ တို့အားလုံး မိုးစက်သီတာကို လိုက်ရှာကြမယ်"

"ငါတို့ နှစ်ဖွဲ့ခွဲရှာရင် ကောင်းမယ်ထင်တယ်"

"အို မဟုတ်တာ တစ်ဖွဲ့တည်း အတူတူ လိုက်ရှာကြတာပေါ့"

သားရဲက လက်ဖက်ရည်ဖိုးတွေ ရှင်းလိုက်ရသဖြင့် စိတ်လက်မအီမသာ ဖြစ်သွားပုံရသည်။ ဘိုဘိုက အေးအေးအောင်အတွက် ရေသန့်ဗူးတစ်ဗူး ဝယ်လိုက်သေးသည်။

"ညီမလေး အေးအေးက ရေဆာတတ်တယ်ကွ"

"ဟကောင် ဘိုဘိုရ မင်းက ဘယ်လိုလုပ် သိတာလဲ"

"အေးအေးအောင်ရဲ့ ဒိုင်ယာရီကို ခိုးဖတ်ဖူးတယ်ကွ။ ဘာတဲ့ကွာ သူရေးထားတာ စမ်းချောင်းက နာရီဝယ်ခဲ့၊ ရေဖိုး (၃၀၀၀) ကျပ်တဲ့. . ."

ဘိုဘိုစကားကြားသွားသော အေးအေးအောင်တစ်ယောက် ရယ်အူပေါက်သွားရှာသည်။ အတန်ကြာအောင် ရယ်ပြီးမှ. . .

"အမလေး ကိုဘိုဘိုရယ်၊ အဲဒါ မော်ဒန်ကဗျာ မဟုတ်ဘူးရှင့်။ ကျွန်မ စမ်းချောင်းစတိုးက နာရီဝယ်ခဲ့တာရယ်၊ နဘဲ ရွှေထီးဘုရားမှာ ရေဖိုး (၃၀၀၀) လှူခဲ့တာရယ်ကို မှတ်ထားတာပါရှင်"

"သိဘူးလေ၊ ငါ့မှာတော့ ရေဆာနေတဲ့ ပန်းတစ်ပွင့်ဆိုပြီး ရေသန့်ဗူးနဲ့ ရှူးလိုက်ရတာကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကန်တင်းက ထခဲ့ကြသည်။ ဘယ်တွေ လျှောက်သွားပြီး ဘာတွေ ဖြစ်ပျက်နေမှန်း မသိနိုင်သော မိုးစက်သီတာကိုရှာပုံ တော်ဖွင့်ရဦးမည်လေ။ နွေဦးရဲ့ သစ်ရွက်ကျို သစ်ရွက်ကြားမှာ ဘယ်လို ခံစားမှု အထားအသိုတွေနဲ့ ပုန်းလျှိုး ကွယ်လျှိုး လွင့်မျောနေရတာလဲ မိုးစက်ရယ်။ မင်းရဲ့ စိတ်ကူးတည့်ရာအရပ်မှာ ဘယ်လို သဘော်တွေ ဆိုက်ကပ် တတ်ပါသလဲ၊ မင်း ဘယ်မှာလဲ မိုးစက်သီတာ။

"ဘုန်းဝေ မင်း စာကြည့်တိုက်ထဲမှာ စာအုပ်ဖတ်နေခဲ့ပါလား ကွာ"

ကျွန်တော်တို့ တစ်ဖွဲ့လုံး ဘုန်းဝေကို "နားနားနေနေ" နေရစ်ခဲ့စေချင်ပါသည်။ သို့သော် ဘယ်သူမှ ပြောမထွက်။ ခုတော့ သားရဲက ဖွင့်ပြောလိုက်သည်။

"OK သူငယ်ချင်း၊ ငါ စောင့်နေခဲ့မယ်။ မင်းတို့ လိုက်ရှာပေတော့။ငါ့ကိုယ်ငါ ဒုက္ခိတ တစ်ယောက်ဆိုတာ မေ့နေတယ်ကွာ"

"ဘုန်းဝေ ငါတို့ပြောတာ ဟိုကွာ မင်း ပင်ပန်းတာ မကြည့်ရက် လို့ပါကွာ"

"ရတယ် ရတယ်၊ ငါ နားလည်ပါတယ်။ ငါ့ကို တွတ်ပီစာအုပ် တစ်အုပ် ရှာပေးခဲ့ကွာ။ ငါ အမဲလိုက်ကြည့်ချင်တယ်"

"ဘုန်းဝေ ငါတို့ သွားရှာလိုက်ဦးမယ်ကွာ"

ကျွန်တော်တို့ နေရာအနှံ့ လိုက်ရှာခဲ့ကြပါသည်။ သူမသည် ကောက်ရိုးပုံထဲ ကျပျောက်နေသော အပ်တစ်ချောင်း မဟုတ်သော်လည်း ကျွန်တော့် ရှုမျှော်ခင်းထဲမှာ နစ်မြုပ်နေသော ပန်းတစ်ပွင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဟိုမှာ မိုးစက်သီတာ"

"ဟုတ်တယ် မိုးစက် စစ်စစ်ပဲ"

"မိုးစက်သီတာ မိတ္တူကြီးလည်း ဖြစ်နေဦးမယ်နော်"

မိုးစက်သီတာသည် အမျိုးသမီး သန့်စင်ခန်းတွေရှေ့မှာ ငုတ်တုတ် ထိုင်နေရှာသည်။ နီလာမြင့်က သူမဆီ ပြေးသွားသည်။ ကျွန်တော်တို့ကတော့ မလှမ်းမကမ်းမှာ ရပ်စောင့်နေလိုက်ကြသည်။

"သီတာရယ် ရှာလိုက်ရတာ၊ နင် ဘယ်တွေ လျှောက်သွားနေတာလဲ"

"ငါ ငါ လမ်းဘေး လက်သုပ်တွေ စားမိပြီး အခု. . ."

မိုးစက်သီတာ အသံတွေက နွမ်းလျနေသည်။ သူမသည် နီလာမြင့်လက်ကို ဆုပ်ကိုင်ရင်း ငိုနေလေသည်။

ဘယ်တုန်းကမှ လမ်းဘေးဆိုင်တွေက အစားအစာတွေ စားလေ့မရှိသော သူမဟာ လမ်းဘေး လက်သုပ်တွေ ဝင်စားမိပြီး ဝမ်းလျှောနေပုံရပါသည်။

ကျွန်တော် အံ့ဩသွားပါသည်။ ဒီကောင်မလေးဟာ မိုးစက်သီတာစစ်စစ်မှ ဟုတ်ရဲ့လား၊ နှုတ်ခမ်းနီဆိုးထားတဲ့ နှင်းဆီတစ်ပွင့်ဟာ ဘယ်လိုခံစားမှု အထားအသိုတွေနဲ့ လမ်းဘေးလွင့်မျောခဲ့ရတာလဲ။

"ငါ အိမ်ပြန်ချင်ပြီ၊ နီလာရယ်"

ကျွန်တော့်နှင်းဆီကလေး ဖျားနာနေလေပြီ။ မိုးစက်သီတာ သူမ ပိုက်ဆံအိတ်ထဲမှ ကားသော့ ထုတ်ပေးသည်။ နီလာမြင့်က ကားသော့ကို တစ္ဆေတစ်ကောင်ဟု ထင်နေပုံရသည်။

"ရှင်တို့အထဲက ကားဘယ်သူ မောင်းတတ်သလဲ အောင်. . . တိုဘိုဘိုနဲ့ အေးအေးအောင်တို့ကော"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ၊ ဒီနှစ်ယောက်က ဘယ်ကျန်ခဲ့တာလဲ"

မိုးစက်သီတာကို ရှာတွေ့တော့မှ ဘိုဘိုနှင့်အေးအေးအောင်တို့က ထပ်ပျောက်နေပြန်သည်။

"ကဲပါလေ ကိုသားရဲ့ ရှင် ကားမောင်းတတ်လား"

"ကျွန်တော်က မြင်းလှည်းပဲ မောင်းတတ်တာခင်ည။ ကားဆိုရင်တော့ ဆိုက်ကားပဲ ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တယ်"

"အရေးထဲ ရှင်က တမျှောင့်၊ ကိုပင်လယ် မောင်းတတ်တယ်နော်"

"ဟင့်အင်း ငါ မိုးစက်သီတာ စီးတဲ့ကားမျိုး မြင့်ဖူးတာ ဘုန်းဝေ အက်စီးဒင့် ဖြစ်တဲ့နေ့က ပထမဆုံးပဲလေ"

"ကဲပါ နီလာရယ်၊ ညည်းပဲ မောင်းစမ်းပါ၊ ဒေါက်တာ ထက်ငြိမ်းဝေ ဆေးခန်းမှာ ဝင်ပြဦးမယ်နော်"

"ငါ ကိုဘုန်းဝေ ပတ်တီးမဖြည်ရသေးခင် ကားမမောင်းချင်ဘူးဟာ"

နီလာမြင့် မျက်ရည်ဝိုင်းနေလေသည်။ ကျွန်တော် မိုးစက်သီတာ ကို အိမ်အရောက် ကိုယ်တိုင်ကားမောင်းပြီး လိုက်ပို့ချင်ပါသည်။ သို့သော် ကျွန်တော့်မှာ အင်အားမရှိ။ နှုတ်ခမ်းနီ ဆိုးထားသော နှင်းဆီကလေးကို အဝေးက ငေးကြည့်နေချင်ပါသည်။

"နီလာ ညည်းလည်း အရှုးပဲ၊ မေမေလည်း အရှုးပဲ၊ ငတိ ဆရာလည်း အရှူးပါ"

"ဘာ ဘာပြောတယ် သီတာ"

"ဟုတ်တယ် ငါ့ဆီကို စာတွေပို့ပြီး နှောင့်ယှက်နေတဲ့ လူကို

www.burmeseclassic.com

www.burmeseclassic.com



သိချင်ရင် နတ်ဆရာက လမ်းဘေးလက်သုပ် (၃) ပွဲ အင်္ဂါနေ့မှာ ဝယ်စားရမယ်လို့ ပြောခဲ့လို့ မေမေက ငါ့ကို လက်သုပ်တွေ ကျွေး လိုက်တာလေ၊ အားလုံး ဟာ အရူးတွေချည်းပဲ”

နီလာမြင့်က ဘာမှမပြောတော့ပေ။ မိုးစက်သီတာကို တွဲ ထူပြီး ကားထားရာနေရာကို ခေါ်သွားသည်။ နီလာသည် မိုးစက် သီတာကို တွဲလျှောက်ရင်း. . .

“ဒီလိုဆိုရင် နင်လည်း အရူးပဲ မိုးစက်သီတာ”

“ဘုရားရေ ငါလည်း အရူး ဟုတ်လား”

“သိပ်ဟုတ်တာပေါ့၊ နင့်ဆီကို စာတွေပို့နေတဲ့လူဟာ ဘယ်သူ ဆိုတာ နင်သိတယ်၊ နင်ဟာ သိလျက်နဲ့ ကိုယ့်အိပ်မက်ကို နတ်ဝှက် တယ်လို့ ဟန်ဆောင်နေတာ နင်လည်း အရူးပဲ”

ကျွန်တော့် အကြားအာရုံတွေထဲမှာ သူမတို့၏ စကားလုံး တွေသည် အေးစက်ဝေစီနေ၏။ ကျွန်တော်သည် သူမတို့၏ ခပ်လှမ်း လှမ်းမှာ ရပ်နေမိသူမို့ အိပ်မက်မဟုတ်မှန်းလည်း ကျိန်းသေ သိနေ သည်။

မိုးစက်သီတာ၏ ကားကလေး ထွက်ခွာသွားချိန်တွင် ကျွန်တော် နှင့် သားရဲတို့ စာကြည့်တိုက်ကို ပြန်လျှောက်ခဲ့ကြသည်။ စာကြည့်တိုက်မှာ ဘုန်းဝေကို ဝင်ခေါ်ပြီး ကန်ဘောင်ကို လျှောက် ခဲ့ကြသည်။

“မင်းတို့ စကားအရဆိုရင် ဘိုဘိုနဲ့ အေးအေးအောင်တို့ဟာ တစ်နေရာရာမှာ ကျန်ရစ်ခဲ့ကြတာပေါ့”

“မဟုတ်ဘူး ဘုန်းဝေ၊ သူတို့နှစ်ယောက် တစ်နေရာမှာ တမင် ချန်နေရစ်ခဲ့ကြတာလို့ ငါ ထင်တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်ပြောတာ ဖြစ်နိုင်တယ်ကွ၊ သူတို့နှစ်ယောက်ဟာ သမီးရည်းစားတွေ ဘာတွေ ဖြစ်နေလောက်ပြီ"

"ဒါဆို ဘိုဘိုက လက်သွက်လှချည်လား"

"အဲလိုလည်း ဟုတ်သေးဘူးလေကွာ။ ခုဟာက ယုန်က လည်းတိုး ပိုက်ကလည်း တိုး၊ ယုန်ကလည်း ရှူး ပိုက်ကလည်း ရှူးလို့ ဖြစ်မှာပါကွာ"

သားရဲက သူ့စကားသူ သဘောကျသွားပုံရပါသည်။ စပ်ဖြီး ဖြီးကြီး လုပ်နေသည်။ မသေးကြီး၏ ဘူးသီးကြော်ဆိုင် ရောက်သော အခါ ကျွန်တော်တို့ သုံးယောက် ရယ်ရခက် ငိုရခက် ဖြစ်သွားပါသည်။

ဘိုဘိုသည် သူ၏ ပူပူနွေးနွေး ရည်းစားလေးကို ဘူးသီးကြော် အခွံနွာ၍ ကျွေးနေခြင်းကြောင့် ဖြစ်သည်။

"ကိုဘိုရယ် ရှင်နဲ့ကျမှ ကျွန်မလည်း ဘူးသီးကြော် အခွံနွာ စားရတယ်ဆိုတာ ကြားဖူး ကြုံဖူးတော့တယ်"

"ပေါ့မလေး၊ ဂျပုမလေး၊ မျောက်တွေတောင် ငှက်ပျောသီး အခွံနွာ စားတတ်သေးတာပဲ၊ တို့လူတွေက ဗူးသီးကြော်တော့ အခွံနွာ စားတတ်ရမှာပေါ့၊ ငါ့ညီမလေး အေးအေးအောင်ရယ်"

အေးအေးအောင်က နှုတ်ခမ်းစူထားသော်လည်း ပြုံးနေလေ သည်။ ကျော်ဘိုဘိုထွန်းက အခွံနွာပြီးသော ဗူးသီးကြော်ကို အချဉ် ရည်ခွက်ထဲ နှစ်လိုက်ပြီး ချစ်သူကို ခွံ့ကျွေးလိုက်၏။

ဗူးသီးကြော် ညော်နံ့သင်းသော လေတို့သည် ကန်ဘောင် တစ်လျှောက် လမ်းလျှောက်နေကြလေသည်။

ဘိုဘိုနှင့် အေးအေးအောင်တို့ ရည်းစားတွေ ဖြစ်သွားကြပုံ ကလေးက ကဗျာမဆန်လှပါ။ ဘိုဘို လူလည်ကျပုံကလေးက ချစ်စရာ

www.burmeseclassic.com

www.burmeseclassic.com



တော့ကောင်းသည်။

"အေးအေးအောင် နင် ဘာနေ့သမီးလဲ"

"တနင်္ဂနွေသမီးလေ ကိုဘိုဘို့ရဲ့ ဘာဖြစ်လို့လဲ"

"တနင်္ဂနွေသမီးဆိုတာ လူပျောက်တာလည်း မရှာကောင်းဘူး။ ရေနစ်တာလည်း မဆယ်ကောင်းဘူး၊ အဲ တစ်ခုတော့ ရှိတယ်၊ သံသယဝင်နေတာတော့ ကယ်ကောင်းတယ်တဲ့"

"ကျွန်မက သံသယဝင်တာကို ဘယ်လို ကယ်ရမှာလဲဟင့်"

"လာ ငါ့နောက် လိုက်ခဲ့၊ သံသယဝင်တာကို ကယ်တင်ပေတော့"

ဆိုပြီး ဘိုဘိုက အေးအေးအောင်ကို ခေါ်သွားလေသည်။ (ကျွန်တော်တို့ သတိမထားမိခဲ့ကြပါ) လူရှင်းသော လမ်းရောက်တော့ ဘိုဘိုက အေးအေးအောင်ကို ပြောသည်။ နီရိုးဘုရင်ကြီး တယော ထိုးသလိုမျိုး စိတ်အေးလက်အေးပေါ့။ ပျင်းတယ် နီရိုးကြီး။

"ခုအချိန်ဆိုရင် တို့နှစ်ယောက် ပျောက်သွားတာကို ကျန်တဲ့လူတွေက တစ်မျိုးထင်ကုန်တော့မှာ သူတို့တစ်တွေ တို့နှစ်ယောက်အပေါ် သံသယဝင်ကုန်တော့မှာပဲ"

"ဘယ်လို သံသယဝင်မှာလဲ ကိုဘိုဘို"

"နင်နဲ့ ငါ့ကို ချစ်သူတွေ ရည်းစားတွေ ဖြစ်နေကြပြီလို့ သံသယ ဝင်ကုန်မှာပေါ့"

"ဟယ်တော့ ဒုက္ခပါပဲ။ သံသယမဝင်အောင် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ကိုဘိုရယ်"

"ဒါများ အေးရယ်၊ မင်းက သံသယတွေကို ကယ်တင်တဲ့အနေနဲ့ တို့နှစ်ယောက် တကယ်ချစ်သူ ရည်းစားတွေ ဖြစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြစို့နော်"

"သွား လူလည်ကြီး"

ဒီလိုနဲ့ သူတို့နှစ်ယောက် ချစ်သူဘဝ ရောက်ခဲ့ကြခြင်း ဖြစ်သည်။

♥

"ဟော့ကောင် ဘိုဘို အပိုတွေ ပြောမနေနဲ့"

"ဟော့ အေးအေးအောင် လက်ညှိုးထောင်"

ကျွန်တော်နှင့် သားရဲတို့ ချစ်သူနှစ်ယောက်ကို အလစ်ဝင် နှောင့်ယှက်လိုက်ပါသည်။ ဘိုဘိုက ဗူးသီးကြော်ကို အခွံနွှာလျက် တန်းလန်းကြီးနှင့် ကြောင်အမ်းအမ်း ဖြစ်နေရှာသည်။ အေးအေး အောင်ကတော့ လက်ညှိုးကလေးထောင်ရင်း ရှက်သွေးဖြာနေလေ၏။ သားရဲက. . .

"ဟဲ့ အေးအေးအောင် လက်ညှိုးထောင်"

"ထောင်ထားတာပဲ။ ကိုသားရဲကလည်း ဘာမှန်းလဲ မသိဘူး"

"ထောင်တဲ့လက်ညှိုး ချေးပုံထိုး"

"ဟွန်း ရွှံ့စရာကြီး"

ဘိုဘိုက ဗူးသီးကြော် တစ်ချောင်းကို ကောက်ကိုင်လိုက်ပြီး သားရဲ ကို ချိန်လိုက်သည်။ ဗူးသီးကြော် သေနတ်ပေါ့။ ဗိုလ်အောင်ဒင်

www.burmeseclassic.com

www.burmeseclassic.com



စတိုင်လ်နဲ့လေ။

“ခွေးကောင် သားရဲ၊ လှုပ်ဖို့ မကြိုးစားနဲ့၊ ပစ်ထည့်လိုက်မှာနော်”

“ဘိုဘိုရယ် ပစ်မှာဆိုရင်လည်း အချဉ်ရည်နည်းနည်းတော့ တို့လိုက်ဦးကွာ”

♥

www.burmeseclassic.com

www.burmeseclassic.com

(၆)

"ကိုပင်လယ်၊ မိုးစက်သီတာ ရှင့်ကို အရမ်းစိတ်ဆိုးနေတယ်"

"ဘယ်လို၊ အေးအေးအောင် ငါ ဘာမှ နားမလည်ဘူး"

"ဩော် မိုးစက်သီတာ ရှင့်ကို အရမ်းစိတ်ဆိုးနေတယ်လို့ ပြောတာပါ"

"ငါနဲ့ ဘာဆိုင်လို့လဲဟာ သူ့ဘာသာ နတ်ဆရာရဲ့ ကစားနည်းသုံးပြီး ကစားပွဲ ကျင်းပခဲ့တာပဲ"

ကျွန်တော် စိတ်ထဲက ကြိတ်ရယ်နေလိုက်မိသေးသည်။ မိုးစက်သီတာလို ခေါင်းမာပြီး ထက်မြက်သော မိန်းမက နတ်ဆရာ၏ ယတြာကို ကဗျာတစ်ပုဒ်အဖြစ် ရွတ်ဆိုခဲ့သည်လေ။

"မဟုတ်ဘူး၊ ကိုပင်လယ် အခုဟာက ရှင် သူ့ရဲ့ မွေးနေ့ကို သိသွားလို့ပဲ။ သီတာက သူ့မွေးနေ့ကို လူသိခံချင်တာ မဟုတ်ဘူး။ သူက မွေးနေ့ပွဲကို တစ်ယောက်တည်း ကျင်းပချင်တာလေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြုံးကြောင်ကြောင် ဖြစ်သွားပါသည်။ အေးအေးအောင်ကလည်း ကျွန်တော့်ကို ပြုံးကြောင်ကြောင် ပြန်ကြည့်နေလေသည်။

"ငါ မိုးစက်ရဲ့ မွေးနေ့ကို မသိဘူး၊ အေးအေးအောင်ရဲ့"

"ကိုပင်လယ်ရယ် ခုမှတော့ ညာမနေတော့ပါနဲ့။ ရှင် သီတာရဲ့ (၂၁) နှစ်မြောက် မွေးနေ့အတွက် နှင်းဆီ (၂၁) ပွင့်နဲ့ စံပယ် (၂၁) ပွင့် မနေ့က ပို့ခဲ့ပြီးပြီပဲ"

'ဘုရားသခင်' ဟုသာ ကျွန်တော် အော်ဟစ်လိုက်ချင်တော့သည်။ ဘာတွေဖြစ်ကုန်ပြီလဲ။ တစ်စုံတစ်ရာတော့ လွဲချော်နေလေပြီ။ မိုးစက်သီတာသည် သူမကို ချောင်းကြည့်နေသူအဖြစ် ကျွန်တော့်ကို စွပ်စွဲခဲ့သည်။ သူမဆီကို စာတွေပို့ခဲ့သူအဖြစ်လည်း သံသယ ဝင်သွားခဲ့သည်။ အခု. . . သူမ၏ (၂၁) နှစ်မြောက် မွေးနေ့အတွက် မွေးနေ့လက်ဆောင် နှင်းဆီ (၂၁) ပွင့်နှင့် စံပယ် (၂၁) ပွင့် ပို့ခဲ့သူအဖြစ် သတ်မှတ်လိုက်ပြန်ပြီလေ။ ကျွန်တော့် ကံဇာတာ ကတော့ မြားနတ်မောင်ကို ရန်ရှာနေပြီလား။

ကျွန်တော် တွေဝေနေလို့ မဖြစ်တော့။ ကျွန်တော်နှင့် မိုးစက်သီတာတို့ကြားမှာ တစ်စုံတစ်ယောက်တော့ ရှိနေလေပြီ။ ထိုတစ်စုံတစ်ယောက်ဟာ ဘယ်သူလဲ။ ဘာကြောင့် ကျွန်တော်တို့ နှစ်ယောက်ကြား ထဲဝင်ပြီး ချစ်ခြင်းကို ဆော့ကစားချင်နေရတာလဲ။ ဘာ ရည်ရွယ်ချက်တွေနဲ့ ကျွန်တော့် အိပ်မက်တွေကို 'ဖွ' နေရတာလဲ။

ကျွန်တော် 'မိုးစက်သီတာကို ချစ်တယ်' ဟု ဖွင့်မပြောခဲ့ဖူးသော်လည်း သူမ၏ ဘဝကို မတူးဖော်ခဲ့ပါ။ ကျွန်တော်၏ ရှေ့ချော်ခင်းအတွင်း ဆွဲမသွင်းခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရိုးရိုးသားသား ချစ်မြတ်နိုးခဲ့ပါသည်။

"ပင်လယ် မင်းဘာတွေ လျှောက်လုပ်နေတာလဲကွာ။ အချစ်ဆိုတာ လျှို့ဝှက်ချက်တွေနဲ့ ကခုန်ရမယ့် ပြဇာတ်ဇာတ်လမ်း မဟုတ်ဘူးနော်"

ဘိုဘိုက အေးအေးအောင်အနားကို တိုးကပ်လျက် အေးအေးအောင် စမူဆာ စားနေတာကို ငေးမောရင်း ပြောလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်လည်း စမူဆာတစ်ခုကို အမဲဖျက်နေသော ဂျပုမလေးကိုသာ ငေးနေလိုက်သည်။ မိုးစက်သီတာနှင့် ပတ်သက်နေသမျှ ကျွန်တော့် အတွက် တွက်ရခက်သော သင်္ချာပုစ္ဆာတွေသာ ဖြစ်သည်။ နားလည်ရခက်သော အဏုမြူဖတ်စာတွေသာ ဖြစ်သည်။

"ဟုတ်တယ် ကိုပင်လယ်၊ ရှင် မိုးစက်သီတာကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီး လေးလေးနက်နက် အဖြေ တောင်းသင့်တယ်။ အချစ်ဆိုတာ တစ်ယောက်တည်း မီးခိုးတိတ် ဧကစာရီကျင့်နေလို့ကတော့ ဘယ်တော့မှ ပွင့်လာမယ့်ပန်း မဟုတ်ဘူး။

ဂျပုမလေး အေးအေးအောင်က အချစ်အထက်တန်းစာမေးပွဲမှာ ဂုဏ်ထူးတွေ တသီကြီးနှင့် အောင်ထားသူ တစ်ယောက်၏ လေသံကို သုံးစွဲထားသည်။ သို့သော် စမူဆာစော် နံနေ၏။

သူတို့ ပြောပုံအရဆိုလျှင် ကျွန်တော်ဟာ ပေါ့ပျက်ပျက် အိပ်မက်တွေ မက်နေသူသာ ဖြစ်နေလေပြီ။ အချစ်ဆိုတာ ကြော်ငြာဆိုင်းဘုတ် တစ်ခုလို မြို့လည်ခေါင် လူပုံအလယ်မှာ တည်ဝါစွာ ထောင်ပြထားစရာ မလိုပါဘူး။

အချစ်ဆိုသည်မှာ ကျွန်တော်အတွက် ရှုကြည့်ဖို့ ကောင်း

www.burmeseclassic.com



သော ကစားကွင်းတစ်ကွင်း ဖြစ်သည်။ (အိမ်ကွင်း၊ အဝေး ကွင်း)

တကယ်တော့ အချစ်ဆိုတာ ကွမ်းယာလိုမျိုး ဝါးပြီး ထွေးပစ်ရသော အရည်မရ အဖတ်မရ ကခုန်ပွဲ မဟုတ်ပါ။

"ဟော့ လင်းကြက်ကြီးနဲ့ လင်းတကြီး"

သားရဲနှင့် ဘုန်းဝေတို့ ရောက်လာကြသဖြင့် ကျွန်တော် အတွေးတွေ လွင့်ပြယ်ကုန်လေပြီ။ သားရဲနှင့် ဘုန်းဝေတို့က ကျော်ဘိုဘိုထွန်းကို လင်းကြက်ကြီးဟု ခေါ်ကြသည်။ ဘိုဘိုကလည်း 'အောက် အီး အီး အွတ်' ဟုသာ မတွန်ရုံတမယ်။ မိုးလင်းတာနဲ့ အေးအေးအောင် စီးလာမည့်ကားကို သွားစောင့်ကြိုလေ့ရှိသည်။ ဘိုဘိုက သူနိုးလျှင် ကျွန်တော်ကိုလည်း နှိုးခဲ့သေးသည်။ ကျွန်တော်မှာ သွားတိုက် မျက်နှာသစ်ရင်း တစ်စုံတရာကို ငေးမောနေရတော့သည်။ ထို့ကြောင့် သားရဲနှင့် ဘုန်းဝေတို့က ကျွန်တော့် ကို လင်းတကြီးဟု ခေါ်ကြလေသည်။ 'ငှင်းတ' မဟုတ်ပါ။

ကိုယ်နိုင်ပြောရပါသည်။ ကျွန်တော်သည် တစ်စုံတရာကို ငေးမောရုံ သက်သက်သာ ခံစားချက်ခလုတ်ကို ဖွင့်ထားသူ ဖြစ်ပါသည်။

တစ်စုံတရာကို တမ်းတလွမ်းမောနေရအောင် ကျွန်တော်ဟာ နေရောင်ခြည်ကြိုးတွေ တပ်ထားသော တယောတစ်လုံးမှ မဟုတ်တာ။

စက်ရုပ်ဆန်သော ငေးမောမှုများနှင့်အတူ မနက် နေရောင်ခြည်တွေအောက်မှာ ကျွန်တော်တစ်ယောက်တည်း သင်းကွဲနေခြင်း ဖြစ်သည်။ ပျင်းရိငြီးငွေ့ဖွယ် အိပ်မက်တွေကို နေလှမ်း အခြောက်ခံနေခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဝေ မနက်ဖြန်ဆို မင်း ပတ်တီးဖြည်ရတော့မှာနော်"

ကျွန်တော် စကားလမ်းကြောင်း အသစ်ပေါ် ခုန်တက်လိုက်မိသည်။ ဘုန်းဝေက သူ့ခြေထောက်တွေကို အလန့်တကြား ငုံ့ကြည့်သည်။ သူ တစ်ခုခုကို စိုးထိတ်သွားပုံရသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး ငါက ပတ်တီးနဲ့ နေသားကျနေပါပြီကွာ။ ငါ ပတ်တီး မဖြည်ချင်သေးဘူး"

"ဟေ"

ဘုန်းဝေ စကားကြောင့် ကျွန်တော်တို့တစ်တွေ ပြူးကြောင်ကြောင်တွေ ဖြစ်ကုန်သည်။ ဘုန်းဝေဟာ ရှူးချင်ယောင်ဆောင်နေတာလား။

"ဘယ်ဖြစ်မှာလဲ ဘုန်းဝေ၊ မနက်ဖြန်ဆို ရက်စေ့နေပြီပဲ"

"ဒီအတိုင်းပဲ ကောင်းပါတယ်ကွာ"

"ဘုန်းဝေ ဒါ မင်းရဲ့ ကစားနည်း အသစ်လား"

"မဟုတ်ပါဘူးကွာ။ ဂျင်းဘောင်းဘီ ကြိုက်တဲ့လူဟာ ဂျင်းဘောင်းဘီ မချွတ်တမ်း ဝတ်သလိုမျိုး ငါလည်း ကျောက်ပတ်တီးကို ကြိုက်သွားမိပြီ"

ကျွန်တော် ဘုန်းဝေ စကားကို မရယ်မောမိပါ။ ကျွန်တော့်ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားလေသည်။ ကျွန်တော် နားလည်လိုက်ပါပြီ။ ဘုန်းဝေဟာ မီးကိုး စတင်တွေ့ရှိသွားလေပြီ။ ဘုန်းဝေရင်ထဲမှာ အချစ်ဆိုတာ မြစ်တစ်စင်း ဝင်ရောက်စီးဆင်းနေလေပြီ။

ဘုန်းဝေသည် မိုးစက်သီတာ၊ နီလာမြင့်၊ အေးအေးအောင်တို့၏ ပြုစုယုယမှုအောက်မှာ ဒူးထောက်မိလျက် ဖြစ်သွားလေပြီ။ ကျောက်ပတ်တီးသည် ဘုန်းဝေ၏ ခြေထောက်မှာ စည်းထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့။ ဘုန်းဝေ၏ အသည်းနှလုံးကို ကျောက်ပတ်တီး အစီး ခံလိုက်ရလေပြီ။

♥

www.burmeseclassic.com

www.burmeseclassic.com

(၇)

ကျွန်တော် ခေါ်ရာနောက်ကို ဘုန်းဝေတစ်ယောက် ထော့နင်း ထော့နင်း လိုက်လာခဲ့လေသည်။ မနက် (၇) နာရီ လောက်တော့ ရှိပါလိမ့်မည်။ ကိုချို့တို၏ လက်ဖက်ရည်ဆိုင်နှင့် ခြေလှမ်း သုံးဆယ်လောက် အကွာမှာရှိသော ထုံးဖြူကွက်ကြား တံတားအိုကလေးမှာ ကျွန်တော်တို့ နှစ်ယောက် ထိုင်ဖြစ်ကြသည်။ နှစ်ယောက်စလုံး မျက်နှာမသစ်ခဲ့ကြရသေး။ အိပ်မက်တွေ မစစ်ဆေးရသေး။

ဒီနေ့ ဘုန်းဝေ ကျောက်ပတ်တီး ဖြည်ရမည့်နေ့ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် ဘုန်းဝေတို့မှာ ဆွေးနွေးတိုင်ပင်စရာလေးတွေ ရှိနေလေသည်။ မနက် ကိုးနာရီထိုးလျှင် ဘုန်းဝေ ပတ်တီး ဖြည်ရန်အတွက် မိုးစက်သီတာတို့က ကားနှင့် လာခေါ်ကြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကို့တစ်တွေ ဘုန်းဝေကို လာမခေါ်ခင်မှာ ကျွန်တော် ဘုန်းဝေကို ခေါ်ထုတ်ခဲ့ခြင်း ဖြစ်ပါသည်။ ပြီးတော့ တစ်စုံတစ်ယောက်နှင့်လည်း မနေ့ညနေကတည်းက အချိန်းအချက် လုပ်ခဲ့ပြီးသား။ လျှို့ဝှက်စီမံကိန်းတွေ ရေးဆွဲပြီးသား။

"ပင်လယ် ဘာလဲကွာ၊ မင်း ဘာပြောချင်တာလဲ၊ ဘာတွေက ဘဝမှာ အရေးကြီးနေရတာလဲ"

ဘုန်းဝေ၏ မေးခွန်းတွေက မီးခိုးတွေလို အူထနေသည်။ ကျွန်တော် သူ့ကို မချိုမချဉ် ပြုံးပြလိုက်ချင်ပါသည်။ သို့သော် ကျွန်တော်၏ ဆတ်ကော့လက်ကော့နိုင်သော မျက်နှာပိုးတွေခမျာ သူတို့အလိုလို သေပြီးသားတွေ ဖြစ်နေသည်။ မျက်နှာပိုးသတ်စရာ မလိုသဖြင့် မနက်ခင်းသည် ပျင်းစရာ ကောင်းနေသေး၏။

"ဒီနေ့ မင်း ပတ်တီးဖြည်ရတော့မယ်နော်"

"ဒီမှာ ပင်လယ် မင်း ဒီပြဿနာကို ခင်းကျင်းပြသမှာဆိုရင် ငါတို့ ပြန်ကြရအောင်"

"ဘုန်းဝေ မင်း ငါ့ကို အမှန်အတိုင်း ဖြေစေချင်တယ်။ မင်း ရင်ထဲက ခရမ်းရောင် ပုံပြင်တွေကို ငါ မြင်နေရတယ် သူငယ်ချင်း"

ကျွန်တော် ဘုန်းဝေကို စိုက်ကြည့်ပြီး ပြောချလိုက်သည်။ တစ်ချို့ စကားလုံးတွေဟာ ရင်မှာ ပိုက်ထွေးပြီး အဆွေးခံလို့ မဖြစ်။ ဘုန်းဝေဆီက အနားမညီသော သက်ပြင်းချသံသဲ့သဲ့ ကြားရသည်။

"မင်း ဘာကို ဆိုလိုတာလဲ ပင်လယ်၊ ငါ နားမလည်ဘူး။ ဒီနေ့ ငါ ပတ်တီးဖြည်ရမယ့်နေ့ဆိုတာ သိတယ်။ ဒါပေမဲ့ ငါ ပတ်တီး မဖြည်ချင်ဘူး။ ဥယျာဉ်အတွက် ပျိုးပင်တစ်ပင်ဟာ အရမ်းလိုအပ်သလိုမျိုး ငါ့ကွက်လပ်တွေအတွက်လည်း ပတ်တီးဟာ လိုအပ်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဘုန်းဝေဟာ အိပ်မက်တစ္ဆေ အချောက်ခံနေရပြီလား။ ဂန္ထဝင်မြှောက်သော အထီးကျန်မီးတွေ (ဒီကောင့်) ရင်ထဲမှာ လောင်ကျွမ်း တောက်စားနေပြီလား။ ရာဇဝင်ထဲမှာ ကျောက်ပတ်တီး ကြီး ထားခဲ့ပါတော့ ငဝေရယ်။

"မင်း ရူးနေပြီဆိုတာ ငါ သိတယ် ဘုန်းဝေ။ မင်းရဲ့ ခံစားမှု အထားအသိုတွေဟာ စိမ်းစိုနေပေမယ့် စိမ့်ယိုပေါက်တွေ ဗရပွနဲ့ပါ။ မင်း ငါ့ကို မညာနဲ့တော့၊ အသက်ပြည့်နေလျက်နဲ့ ဖဲတစ်ချပ်ကို ဝှက် ထားနဲ့တော့ကွာ"

ဘုန်းဝေက ကသုတ်ကယက် ရယ်သည်။ ကာရံညီတာ မညီ တာ အရေးမကြီး။ သူ့ ကြိုတ်မှိတ်ဟန်ဆောင်မှုတွေ မဖိတ်စင်ဖို့ အရေးကြီးပါသည်။ သူ ရှိုးတိုးရှန်းတန့် ဖြစ်နေပုံကြည့်ပြီး ကျွန်တော် စိတ်တွေ ယားကျိကျိနှင့် လိပ်ပြာမသန့်ချင်တော့။ မင်းဘဝကို ဆော့ ကစားချင်စိတ်နှင့်တော့ ကစားနည်း ချီးမွမ်းခန်း မဖွင့်ချင်ရိုး အ မှန်ပါ။

"ဘုရားရေ မင်းက ငါ့ကို အတန်းတင်စာမေးပွဲ စစ်သလို အမျိုးမျိုး ခေါင်းတိုးဝင်နေတာလား"

ဘုန်းဝေပုံစံက ကလန်ကဆန် မဟုတ်ပေမယ့် သူ့အတွက် တော့ ကျွန်တော်ဟာ ခံစားမှု ခါးပိုက်နှိုက်သမား။ စိတ်ကူးစစ်စစ်တွေ အလစ်သုတ်မဲ့ ငနဲ။ ဖရိုဖရဲ အိပ်မက်တွေကို အဆုပ်လိုက် အခိုင်လိုက် ခုတ်ချမယ့် အိပ်မက်သစ်ခုတ်သမား။

"ဘုန်းဝေ ငါဟာ ဘယ်သူ့ဒိုင်ယာရီမှ ခိုးဖတ်မဲ့တဲ့ကောင် မဟုတ်ဘူး။ ဒါပေမဲ့ ငါဟာ မင်းရင်ဘတ်ကို မြင်ရတယ်။ ရင်ဘတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခိုးကြောင် ခိုးဝှက် ကပ်ထားတဲ့ အဏုမြူ ဖတ်စာကိုလည်း မတော်တဆ ဖတ်လိုက်ရတယ်”

ဘုန်းဝေက အင်တင်တင် ငေးနေသည်။ သူ့ရင်မှာ စူး ဝင်နေသော ခံစားချက်တွေကို လူမြင်မှာ စိုးရိမ်နေပုံလည်းရသည်။

“ပြောလေ ဘုန်းဝေ မင်း ဘယ်သူ့ကို ချစ်မိနေတာလဲ၊ ကျောက်ပတ်တီးထဲမှာ ဘယ်သူ့ အကြင်နာတွေကို မင်း ရှာတွေ့ခဲ့တာလဲ၊ တကယ် တော့ အရာရာဟာ မင်း ထင်သလို မဟုတ်ပါဘူး။ ဘုန်းဝေရာ မင်းကို အထီးကျန်ခြင်းတွေနဲ့ ထားရစ်ခဲ့မှာ မဟုတ်ပါဘူး”

ဘုန်းဝေက ခနိုးခနဲ့ ရယ်ပြန်သည်။ မနက်နေရောင်ခြည်အောက်မှာ ရယ်နေသော ဘုန်းဝေမျက်နှာသည် လန်းဆန်းတောက်ပမနေဘဲ နွမ်းလျနေရှာ၏။ ကျွန်တော်တို့နှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီး၏အကွယ်မှာ လူရိပ်တစ်ခု ဖျတ်ခနဲ မြင်လိုက်ရသဖြင့် ကျွန်တော်ရင်ထဲ ထိတ်သွားသည်။

“ဟုတ်တယ် ပင်လယ်၊ ငါ နီလာ့ကို ချစ်မိခဲ့ပါတယ်။ နီလာရဲ့ မြူစုကြင်နာမှုတွေဟာ ငါ့ကို အချစ်ဆိုတဲ့ ပိုက်ကွန်ထဲကို ဖြားယောင်းသိမ်းသွင်းသွားတယ်။ ငါဟာ နီလာရဲ့ သနားညှာတာ ကြင်နာမှုတွေအောက်မှာ ဒူးထောက် အညံ့ခံလိုက်ရတယ်”

“ဒါတွေဟာ ငါ့အမှားတွေပဲ၊ ငါ့အပြစ်တွေချည်းပါပဲ။ ငါ နီလာ့ကို သိပ်ချစ်တယ်။ ဒါပေမဲ့ ငါ နီလာ့ကို ဘယ်တော့မှ ချစ်တယ်လို့ ဖွင့်ပြောဖြစ်မှာ မဟုတ်တော့ပါဘူး”

“ဘုန်းဝေ မင်း ဘာဖြစ်သွားတာလဲကွာ အချစ်ဆိုတာ ပုလင်းထဲ ထည့်ပိတ်ထားရတဲ့ အဆိပ်မဟုတ်ဘူးကွ။ လူတွေဟာ မျှော်လင့်ချက်နဲ့ အသက်ရှင်တယ်။ ချစ်ခြင်းနဲ့ ကြည်နူးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တွေနဲ့ ခွန်အားတွေ ဆောက်တည်ကြတယ်"

"မဟုတ်သေးဘူး ပင်လယ်။ ငါ့ကို အရူးကြီးလို့ သတ်မှတ်လိုက်ပါ။ ငါ နီလာကို မြတ်မြတ်နိုးနိုး ချစ်ပါတယ်။ ဒါပေမဲ့ ငါဟာ အချစ်ဆိုတာကို ဖြစ်ဖြစ်မြောက်မြောက် ချစ်တတ်တဲ့ကောင် မဟုတ်ဘူးကွ"

ဘုရားရေ။ ဘုန်းဝေအတွက် အချစ်သင်တန်းကျောင်းတွေ တစ်ဒါဇင်လောက် တည်ဆောက်ပေးရမလို ဖြစ်နေပါပြီ။ ထိုစဉ်. . .

မလှမ်းမကမ်းရှိ သစ်ပင်အောက်က အရိပ်ကလေး ပျောက်ကွယ်သွားသည်။ ခဏကြာသောအခါ သစ်ပင်အောက်က အရိပ်ကလေးသည် တရွေ့ရွေ့ ထွက်ခွာသွားလေ၏။ ကျွန်တော် စိတ်မကောင်း ဖြစ်သွားမိသည်။ ရုပ်ရှင်ဇာတ်ဝင်ခန်း တစ်ခုဆိုလျှင် ဒီအခန်းကို လုံးဝမကြည့်ချင်။ ကျွန်တော့်ရင်ထဲမှာ ဘယ်အရာမှ ကဗျာမဆန်တော့။ ထိုစဉ် ဘုန်းဝေက ဝုန်းခနဲ ထလိုက်သဖြင့် ကျွန်တော့် ခံစားမှုတွေ ဖုန်တထောင်းထောင်း ထသွားသည်။

ဘုန်းဝေသည် တရွေ့ရွေ့ ထွက်ခွာသွားသော အရိပ်ကလေး နောက်ကို ထောင့်နင်းထော့နင်း လိုက်သွားလေ၏။ ပုံပြင်ဆန်သော မြင်ကွင်း။ နေရောင်ခြည်က ပြိုးတီတီ ဖြာဆင်းလျက်။ ညှင်းလေက တဖြူးဖြူး တိုက်ခတ်နေသည်။ အရိပ်ကလေးက တရွေ့ရွေ့။ ဘုန်းဝေက ထော့နင်း ထော့နင်း။

"ဟေ့ နေဦး. . . ဟေ့ စကားလုံးတွေကို ခိုးနားထောင်တဲ့ ကောင်မလေး နေဦး"

"ဟို ဟို ကျွန်မ"

ဘုန်းဝေက သူမ၏ လက်မောင်းကို လှမ်းဆွဲကိုင်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကောင်မလေး အသားတွေ တဆတ်ဆတ် တုန်ရီနေသည်။ ကျွန်တော် သူတို့နှစ်ယောက်ကို ငေးကြည့်ရင်း သက်ပြင်းတွေ အခါခါ ချနေမိတော့သည်။

"ကိုယ့်ကို မထားရစ်ခဲ့ပါနဲ့ နီလာရယ်"

သူမက ခေါင်းငုံ့ထားသည်။ ရှက်သွေးဖြာနေသော မျက်နှာကလေးကို ဝှက်ထားခြင်း ဖြစ်သည်။ သို့သော် ဘုန်းဝေက သူမ၏ မျက်နှာလေးကို ဆွဲယူမော့လိုက်သည်။ သူမ မျက်ဝန်းမှာ မျက်ရည်ဥကလေးတွေ ရွှဲရောင်လဲ့နေရှာ၏။

"ကိုယ် မင်းကို သိပ်ချစ်တယ် နီလာ။ ဒီနေရာကို ရောက်လာမယ် ဆိုတာ ကိုယ် ကြိုသိပါတယ် နီလာရယ်။ မနေ့ညက ပင်လယ်နဲ့ မင်းတို့ ပြောတဲ့ စကားတွေကို ကိုယ် ခိုးနားထောင်ခဲ့မိပါတယ်"

"ရှင်"

"ဟုတ်တယ် နီလာ ကိုယ် နီလာ့ကို ချစ်သလို နီလာလည်း ကိုယ့်ကို ချစ်တယ်ဆိုတာ သိသွားပဲ။ ဟိုကောင် ပင်လယ်ကြီးကို ခံချိ မခံသာဖြစ်အောင် တမင်လုပ်တာပါ နီလာရယ်"

"အို"

"ဘာလဲ နီလာ ကိုယ့်ကို မယုံဘူးလား"

နီလာမြင့်သည် 'စိတ်ညို့ခံထားရသူ တစ်ယောက်ပုံစံ ပေါက်နေသည်။

သူမ၏ နှုတ်ခမ်းပါးကလေးတွေ တဆတ်ဆတ် တုန်ခိုက်နေသည်။ မျက်ဝန်းတွေက အေးစက်သက်ငြိမ်နေ၏။ ဘုန်းဝေက သူမကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"ဟင့်အင်း ဟင့်အင်း ကျွန်မ ရှင့်ကို..."

www.burmeseclassic.com

www.burmeseclassic.com



နီလာမြင့်က အကြောက်အကန် ငြင်းဆန်ရင်း ဘုန်းဝေ ရင်ခွင်ထဲက ရုန်းထွက်လိုက်သည်။ ဘုန်းဝေ ချိုင်းကြားက ချိုင်းထောက် လွတ်ကျသွားသဖြင့် ဘုန်းဝေ ဒယီးဒယိုင် ဖြစ်သွားသည်။ သိပ်မကြာလိုက်ပါ ဘုန်းဝေ ပြိုလဲကျသွား၏။

"အို ကိုဘုန်းဝေ"

နီလာမြင့်က ဘုန်းဝေကို ဆွဲထူဖို့ ကြိုးစားနေသည်။ ကျွန်တော် သူတို့နှစ်ယောက်ဆီ ပြေးသွားမိသည်။

"နီလာ ကိုယ် သတိလစ်တော့မယ် သိလား"

"ရှင်"

ဘုန်းဝေ၏ ချစ်ခြင်းအင်အားတွေက ကြီးမားလှပေစွ။ သူ သတိ လစ်တော့မည့်အရေးကို သူ့ချစ်သူအား အသိပေးနေရှာသည်။ နီလာက တော့ မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် သတိလစ်တော့မည့် ချစ်သူကို ငြိတိတိ ကြည့်နေရှာသည်။

"ဟုတ်တယ် နီလာ ကိုယ့်အချစ်တွေကို နီလာ မယုံကြည်မှတော့ ကိုယ် သတိလစ်လိုက်တာပဲ နားအေးပါတယ်ကွာ"

"ကိုဘုန်းဝေ ရှင် သတိလစ်မှာ ဆိုရင်လည်း မြန်မြန်လစ်တော့လေ၊ ကျွန်မ ရှင့်ကို ပွေ့ထားရတာ လက်တွေညောင်းလှပြီ"

"ကိုယ့်ကို (၃) မိနစ်လောက်တော့ အချိန်ပေးပါဦး နီလာရယ် ကိုယ် နီလာ့ရင်ခွင်ထဲမှာ (၃) မိနစ်လောက် ခိုလှုံပြီးရင် သတိလစ်တော့မှာပါ။ အဲ နီလာ ကိုယ် သတိလစ်သွားရင်တော့ ဒီနေရာမှာ တစ်ယောက်တည်း မထားခဲ့ပါနဲ့နော်။ ဒီနေရာက နာနာဘာဝတွေ တူတူပုန်းတမ်း ကစားတဲ့ နေရာတဲ့"

"တော်ပါ ပေါက်တတ်ကရတွေ လျှောက်ပြောမနေပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



...းမိနစ် ပြည့်ပြီ ဆရာ သတိလစ်ပေတော့"

နီလာက ဇွတ်သတိလစ်ခိုင်းနေသဖြင့် ဘုန်းဝေ စိတ်အိုက်နေသည်။ ချစ်သူဆီက သင်းပျံ့ပျံ့ ရနံ့တွေ ရှူရှိုက်နေရ၍ လူက ...န်းဆန်းနေသည်။

"အဲဒါမှ ဒုက္ခပါပဲ နီလာရယ်။ ကိုယ် သတိလစ်နည်းတွေ ...လွတ်ကျက်ထားတာ၊ အခု မေ့နေပြီကွာ"

"ဟင်း ရှင်ဟာ. . . လေ"

နီလာ ညည်းဟန်ကလေးက 'လေနုအေး' ကလေး ဖြတ်ပြေး...ည်နှင့် ရှင်လား၊ ကျွန်မလားပါပဲ။ တော်ပါသေးသည်။ ရှင်ဟာ ...နှင့် တင်စကားရပ်ထားပေလို့။ ရှင်ဟာ နေ။ ရှင်ဟာ မြေ။ ...င်ဟာ ရေ' ဆိုရင် ခက်ရချည်ရဲ့။

"ဒါဆို ကိုယ့်အချစ်တွေကို ယုံပြီပေါ့နော်"

"ယုံပါပြီ ကိုဘုန်းဝေရယ်။ မယုံရင်လည်း နီလာ လက်တွေ ...တ် ထွက်ကုန်ပါလိမ့်မယ်"

"ဟေး"

ဘုန်းဝေက နီလာရင်ခွင်ထဲက ရုန်းထွက်ပြီး မတ်တတ် ...ရပ် လိုက်သည်။ ပျော်ရွှင်နေသော လေတစ်ချက်အဝှေ့မှာ ဘုန်းဝေ ...သွားပြန်သည်။

"ဟာ ဘုန်းဝေ"

ကျွန်တော် ဘုန်းဝေကို ပြေးပွေ့လိုက်မိသည်။ ဘုန်းဝေသည် ...ချင်မှုဒဏ်ကြောင့် သတိလစ်သွားပုံရသည်။ သူ့မျက်လုံးအိမ် ...တော့ မျက်ခွံတံခါးတွေကို တင်းတင်းစေ့ထားသည်။ သူ့

www.burmeseclassic.com



မျက်လုံးတွေထဲက မျက်ရည်တွေကို သူခိုး၊ ဓားပြ၊ တောခွေး၊ လင်းတ တွေ မတွေ့မမြင်အောင် ဖုံးဝှက်ထားသည်နှင့်တူသည်။

"ဘုန်းဝေ ဘုန်းဝေ"

ကျွန်တော် ဘုန်းဝေကို လှုပ်ခါလျက် တဘုန်း-ဘုန်း-တဝေ ဝေ လုပ်နေမိသည်။ နီလာကလည်း ပြုံးကြောင်ကြောင် ကြည့် နေသည်။

"ကိုဘုန်းဝေရယ် ဖြစ်မှဖြစ်ရလေတယ်ရှင်။ သတိလစ် နည်း တွေ မေ့နေပြီဆို။ ရှင်ဟာ သတိလစ် စာမေးပွဲမှာ ဆုတ်ဖြေမအော ပေမယ့် ပရယ်တီကယ်မှာတော့ အမှတ်ပြည့်ပါပဲရှင်"

နီလာက ကြဲဖန်ပြီး ချစ်သူအပေါ် ဂုဏ်ယူနေရှာသည်။ ကျွန်တော် သိပ်မသက်ာတာနှင့် ဘုန်းဝေကို လက်တွေ့ စမ်းသ လိုက်မိပါသည်။

"အားပါးပါး နာလိုက်တာ"

"ဟင် ရှင် သတိမမေ့ဘူးပေါ့"

ကျွန်တော် ဘုန်းဝေကို တစ်ချက်သာ ဆွဲဆိတ်လိုက်ရသည် ဒီကောင် ခေါင်းထောင်လာသည်။ သူ့မျက်နှာပေါ်က အရောင်တွေ တော့ ဖျော့ဖျော့တော့တော့ မဟုတ်။ ထင်းမီးဖိုကထွက်သော မီး ရောင်တွေ တလက်လက်။

"ပင်လယ် မင်း ဘာလာရှုပ်တာလဲ။ မင်း အလိုက်ကန်း ကို မသိဘူး။ မင်း သွားတော့ကွာ"

'ဟိုက်' ဟုသာ အော်ဟစ်လိုက်ချင်ပါ၏။ လဲ သူကို ပေးမိသော အပြစ်တွေနှင့်အတူ ငမိုက်သား ကျွန်တော် ခေါ် ဖော်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဘာငေါင်နေတာလဲ။ သူများ ရည်းစားကြွား ဝင် မရှုပ်ချင်နဲ့။ ကိုယ့်ကိုယ်ကို ကယ်တင်ရှင်ကြီးဆိုပြီး လူအထင်ကြီး မခံချင်စမ်း ပါနဲ့ကွာ။ မင်း သွားတော့ ပင်လယ်"

ဘုန်းဝေက ကျွန်တော့်ကို မောင်းထုတ်လိုက်သည်။ နီလာက မျက်နှာပျက်နေရှာသည်။ ကျွန်တော် ပျင်းရိစွာ ထရပ်လိုက်သည်။ ကျွန်တော့်ဂုတ်ကို တစ်စုံတစ်ရာက ခွစီးထားသလို လေးလံလိုက်တာ။ ရယ်စရာတော့ အကောင်းသား။

"အားနာစရာ ကောင်းလိုက်တာ ကိုဘုန်းဝေရယ်"

"အဟီး ဒီကောင်ကြီးက ရည်းစားမထားဖူးသေးတော့ တို့နှစ်ယောက်အနားမှာ ရှိနေရင် ကလေးပုံပြင်တွေ ပြောပြနေရဦးမှာကွ"

ကျွန်တော် သူတို့နှစ်ယောက်ကို ကျောခိုင်းထွက်ခဲ့ပါသည်။ ပူပူ နွေးနွေးအတိုင်း (ရေငုပ်၊ တုံးခုန်၊ မီးလုံး၊ ဇယ်ခတ်၊ အဲ အဲသလို မလုပ်ကြနဲ့ နော်) ဇာတ်ကို ကတိုက်ကရိုက် ကလိုက်ကြပေတော့။

အချစ်ဆိုတာ ကြက်ခွပ်တမ်း၊ ဇယ်တောက်တမ်း ကစား အပ်တဲ့ အရာမဟုတ်ဘူး။

ကျွန်တော် ကျေနပ်ပါသည်။ ရင်ထဲမှာ ကြည်နူးပြီး ရှုးချင် သလိုလို ဖြစ်နေမိသည်။ ကျွန်တော်တို့ ရှေ့မှာတင် ကျော်ဘိုဘိုထွန်း နှင့် အေးအေးအောင်တို့ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ ကျွန်တော့် ရှေ့မှာတင် ဘုန်းဝေနှင့် နီလာမြင့်တို့ ချစ်သူတွေ ဖြစ် သွားကြလေပြီ။ သားရဲတစ်ယောက်ကတော့ နေဖင်မထိုးမချင်း အသည်းကွဲခြင်းနှင့် ခေါင်းခုအိပ်မောကျနေပေလိမ့်မည်။ ကျွန်တော် က. . .

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော်က. . .။ ကျွန်တော်က မိုးစက်သီတာ၏ မိုးဦးကျ အိပ်မက် ဖြစ်ချင်သူ။ ဟုတ်ကဲ့။ သူမ၏ အေးစက်ဆိတ်ငြိမ်သော အပြုံး တွေက ကျွန်တော့် မလိမ်မိုး မလိမ္မာ ညတွေကို အိပ်စက်ခွင့် မပြုတော့ သဖြင့် ကျွန်တော် တစ်ယောက်တည်း ကြယ်ပန်းခင်းထဲမှာ လွင့်မျောနေရ ရှာသည်။

"ပင်လယ် မင်းကို ကြည့်ရတာ ရင်မောတယ်ကွာ။ ဘာလဲ မင်းဟာ ညရဲ့သားကောင် ဖြစ်နေပြီလား"

"ဟာ သားရဲ။ မင်း အိပ်မက်တွေ ကြမ်းပိုးထိုးလွန်းလို့ လန့်နိုး လာတာလား"

သန်းခေါင်ယံ လမင်းကတော့ ငိုက်မြည်းနေလေပြီ။ ခုနှစ်စဉ်ကြယ်က ကင်းမြီးကောက် အထောင်လွန်ပြီး မေ့ဟိုက် နေလေသည်။ သားရဲက ကျွန်တော့်ကို ည၏သားကောင်တစ်ကောင် အဖြစ် ပြုံးကြောင်ကြောင် ကြည့်နေပါသည်။ သည်ချာရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ည၏ သားကောင်တစ်ကောင် ဖြစ်နေပြီလား။ လရောင် အလင်းစတွေ၏ သံ့ပန်း ဖြစ်နေပြီလား။ မည်သို့ပင်ဖြစ်စေ ကျွန်တော် ကြယ်ငေးသူ ဖြစ်ရခြင်းကို နှစ်သက်သည်။

"သားရဲ ငါတို့ ညတောလည်ကြရအောင်"

"ဘာလဲ ငါတို့ ကြယ်ကြွေ လိုက်ကောက်မလို့လား"

"မဟုတ်ဘူး သားရဲ၊ ငါဟာ ညရဲ့ သားကောင်လား၊ မုဆိုး သား ဆိုတာ ကွဲကွဲပြားပြား မသိရသေးဘူးလေ"

ကျွန်တော့်ကို သားရဲက မျက်လုံးစိမ်းစိမ်းတွေနှင့် စိုက် ကြည့်နေသည်။ သံသယသစ်ပင်ဆိုတာ ခက်ခက်ခဲခဲ စိုက်ပျိုးနေစရာ မလိုပါဘူး။ ဟိုးခပ်လှမ်းလှမ်းဆီက ညရိုင်းပန်း ရနံ့တွေ ဆူဝေနေ သည်၊ ညက တိတ်ဆိတ်လျက်။

ကျွန်တော်တို့နှစ်ယောက် ညအမှောင်ထဲကို တိုးဝင်ခဲ့ကြ သည်၊ လမ်းမကြီးပေါ် ရောက်သွားသောအခါ လမ်းဘေး ဓာတ် တိုင်တွေက အလင်းရောင်တွေ ညစ်ထုတ်နေကြသည်။ ပုရစ်အော် သံတွေက ဆူညံလွန်းနေ၏။

ကျွန်တော်တို့ နှစ်ယောက် ရင်ထဲမှာ စကားလုံး အသေ၊ အကြေ တွေသာ ပွတ်သိပ်နေသည်။ တရွေ့ရွေ့ လျှောက်နေကြသော် သည်း မည်သည့် ကြယ်ကြွေတွေမှ ကောက်မတွေ့ခဲ့ပါ။

ကျွန်တော်တို့ ပထမနှစ်တုန်းကတော့ ညလမ်းမတွေမှာ (သမ်း လျှောက်ရင်း) ကဗျာတွေ ရွတ်ဆိုခဲ့ကြသည်။ ည၌လေညှင်းက အပျင်းပြေ ဆော့ကစားနေပုံရ၏။ နောက်ဆုံးတော့ ကျွန်တော်တို့ နှစ်ယောက် မိုးစက်သီတာတို့ အိမ်ရှေ့ ရောက်သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ် ဟိုမှာတွေ့လား အဲဒါ မိုးစက်သီတာရဲ့အခန်း ဖြစ်မယ် ထင်တယ်ကွ။ မီးမမှိတ်သေးဘူး"

မိုးစက် အိပ်မပျော်သေးဘူးလား။ ကျွန်တော် ရင်ခုန်သွား သည်။ အပေါ်ထပ် ညာဖက်အခန်း၏ မီးရောင်မှိန်မှိန် အောက်၌ လူရိပ်တစ်ခုကို 'လှစ်ခနဲ' မြင်လိုက်ရသည်။ ရင်ထဲမှာ လွင်ပြ တစ်ခုလို လစ်ဟာနေသည်။

"သားရဲ မင်း ငါ့ကို ဘယ်လိုမြင်လဲ"

"ငါ အမှန်အတိုင်း ပြောရမလား ပင်လယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ သားရဲက သက်ပြင်း တစ်ချက် ဖြည်းညင်းစွာ ချလိုက်သေး၏။ ပြီးမှ. . .

"ငါ မင်းကို ကြည့်ရတာ သိပ်မသဲကွဲဘူးကွ"

"ဟေ"

"ဟုတ်တယ်လေ၊ မီးရောင်က မှိန်ပါတယ်ဆို ငါ့မျက်လုံး မှုန်နေတော့ မင်းကို ကြည့်ရတာ မီးလောင်ထားတဲ့ သစ်ငုတ်တိုကြီး မြင်နေရသလိုပဲကွာ"

သူမ၏ အခန်းမီး မှိတ်သွားလေပြီ။ အိပ်မက်လှပါစေကွာ။

"တို့ ပြန်ကြစို့"

"ငါ ကဗျာတစ်ပုဒ်လောက် ရွတ်ချင်သေးတယ်"

"သဘောပဲကွာ။ ပထမနှစ်တုန်းကလို 'မိုးလင်းပြီ' ဆိုတဲ့ ကဗျာတော့ မရွတ်နဲ့"

သားရဲက ပထမနှစ်တုန်းက ရွတ်ခဲ့သော 'မိုးလင်းပြီ' ကဗျာကို မမေ့သေးပေ။ သုံးကြောင်းကဗျာလေးပါ။

www.burmeseclassic.com

www.burmeseclassic.com



(အောက်အီးအီးအွတ်)
(အောက်အီးအီးအွတ်)
(အောက်အီးအီးအွတ်)

"အေးပါကွာ။ ခု ရွတ်မှာ 'ငါ့ရင်ထဲက နွေဦး' ဆိုတဲ့ ကဗျာကို ရွတ်မှာပါ"

ကျွန်တော်က သန်းခေါင်ယံလေကို ပြင်းပြင်းရှူသွင်း လိုက်သည်။ သားရဲကတော့ မျက်လုံးကလေး မှေးစင်းပြီး ကဗျာကို ခံစားရန် ခေါင်းငုံ့ နေရှာသည်။ ကျွန်တော် ခေတ်ပေါ်ကဗျာဆရာတွေ ရွတ်သည့်ဟန်အတိုင်း (ကဗျာဆရာ တိုးနှောင်မိုး၏ ကဗျာရွတ်ဟန်ကို အတုခိုးရပါသည်) ရွတ်ဆို လိုက်ပါတော့၏။

"ငါ့ရင်ထဲက နွေဦး"

"ဥဩ ဥဩ ဥဩ" "ဟာ"

ကျွန်တော့် ကဗျာရွတ်သံတွေက ငိုက်မြည်းနေသော ည ကလေးကို အလန့်တကြား ဖြစ်သွားစေသည်။ ကြက်သီးမွေးညင်းတွေ ထသွားလေသလား ညကလေးရယ်၊ သားရဲကတော့ ခေါင်းတွေ ခါရမ်းနေရှာသည်။

"ပင်လယ်ရာ မင်း ကဗျာတွေကိုတော့ ငါ နားမလည်တော့ဘူး"

ကျွန်တော် ဘာမျှ မပြောချင်တော့ပါ။ ရင်ထဲမှာ ရေတွေးတတ်သော နွေဦးက ပူလောင်နေ၏။ အိပ်မက်တွေကို ရေအ ဖ တိုက်ပါနဲ့။ ကျွန်တော်တို့ လှည့်ပြန်ခဲ့ကြပါသည်။ ခွေးဟောင်သံတွေ တထောင်းထောင်း ထနေ၏။

ကျွန်တော်တို့ အဆောင်ပြန်ရောက်တော့ နှစ်နာရီ ထိုးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မအိပ်ချင်သေးပါ။ တောရောက် တောင်ရောက် ရေတံခွန်ရောက် လျှောက်တွေးနေချင်သည်။ သားရဲက ကျွန်တော့်ကို သနားစရာ သတ္တဝါတစ်ကောင်အဖြစ် ထုဆစ်သွား၏။

"ပင်လယ် မင်းကတော့ မစားရ မသောက်ရဘဲ အခြောက်တိုက် လွမ်းနေတဲ့ကောင်"

သားရဲတစ်ယောက် အိပ်ပျော်သွားပြီး အိပ်မက်တွေခေါ်ဆောင်ရာနောက် အုန်းလက်နွားကြီးစီး၍ လိုက်ပါသွားသည်အထိ ကျွန်တော် ကြယ်တွေကို ငေးမောနေမိလေ၏။

ကျွန်တော့်အခန်းထဲမှာ ဘိုဘို၏ 'ခလူး ခလော' ဟောက်သံတွေ၊ တစ်ဖက်ခန်းက ဘုန်းဝေနှင့် သားရဲတို့၏ 'ခလော ခလူး' ဟောက်သံတွေ ဘယ်ပြန် ညာပြန် ဆူညံနေသည်။ အချစ်ဆိုတာ ကိုယ့်သချ်ာကိုယ်တွက်ပြီး ကိုယ့်သမိုင်းကိုယ် အော်ကျက်နေလို့ရတဲ့အရာ မဟုတ်ဘူး။ သူမဆီက အချစ်တွေကို အရှုးတစ်ယောက်လိုတောင်းဆိုရဦးမည်။ ကိုယ့်ရင်တွင်း ဖြစ်စဉ်တွေကိုလည်း သခင်မထံမှာ စာအံရဦးမည်။

"မိုးစက်သီတာရယ် သိပ်ချစ်တယ်"

ညဥ့်ငှက်တစ်ကောင် အယောင်ယောင်အမှားမှား အော်ဟစ်လိုက်မိသလိုမျိုး။

●

ကျွန်တော် မိုးစက်အကြောင်းတွေကို အနေအထား အမျိုးမျိုး (ငုတ်ဘုတ်၊ မတ်တတ်၊ မှဆိုးဒူးထောက်၊ ပက်လက်၊ မှောက်လျက်) တွေးတောရင်း အိပ်ပျော်သွားခဲ့လေသည်။ ဘယ်အချိန်မှာ အိပ်ပျော်သွားမှန်း မသိလိုက်။ အိပ်မက်တွေကလည်း အမျိုးမျိုး မက်လိုက်သေးသည်။ အိပ်မက် ထဲမှာ ဧဒင်၊ ဗေဒင်ဆရာ၊ ပန်းသီး၊ အကြွေးစာရင်း၊

www.burmeseclassic.com

www.burmeseclassic.com



မြွေနှစ်ကောင်၊ စတော်ပဲပြုတ်၊ လမင်းတစ်ခြမ်း၊ ဒေါက်ဖိနပ်၊ ကြွက်စုတ်၊ မိန်းမလျှာ နုတ်သမီး၊ နေကြာစေ့နှင့် မိုးစက်သီတာတို့ ပါဝင်ခဲ့သည်။ (ကျွန်တော် မှတ်မိသလောက် လျှောက်ပြောတာပါ ခင်ဗျာ)

ကျွန်တော့်ကို အိပ်ရာမှ အတင်းဆွဲထူရိုက်နှက်၊ ရေ လောင်း၍ နှိုးခဲ့သူမှာ (ခွေးကောင်) ကျော်ဘိုဘိုထွန်း ဖြစ်သည်။ မတော်တဆ ရည်းစားလေး တစ်ယောက် ရ,ထားတာကို အဟုတ်ကြီးမှတ်နေတဲ့ကောင်။

ကျွန်တော် မျက်လုံးတွေ ဖွင့်ဖွင့်လိုက်ရသော်လည်း အိပ်ချေး မဝသေး။ မနက် ခုနစ်နာရီ ထိုးဖို့ဆိုတာ အိပ်မက် တစ်မက်နှစ်မက်လောက် စောင့်ရဦးမှာလေ။ ကျွန်တော် စိတ်တိုသွားပါသည်။ သူတို့ (ဘိုဘို နှင့် ဘုန်းဝေ) က ညကိုးနာရီ မထိုးခင်ကတည်းက ဘာလနဂါးကို ရှိခိုးပြီး သိုးနေအောင် အိပ်ခဲ့ကြသူတွေ။

"ပင်လယ် မျက်နှာ မြန်မြန်သစ်ကွာ။ သားရဲနဲ့ ဘုန်းဝေတို့လည်း နိုးနေကြပြီ မြန်မြန်လုပ်၊ ခုနှစ်နာရီ ထိုးတော့မယ်"

"ဝါး ခုနှစ်နာရီမကလို့ ခုနှစ်ထောင်နာရီ ထိုးထိုးကွာ၊ ငါ အိပ်မက် ဈေးပေါင်ကျိုးတဲ့ အချိန်ထိ အိပ်မှာကွ။ အိပ် အိပ်"

ကျွန်တော် အိပ်ချင်မူးတူးနှင့် အော်ရင်း ငုတ်တုပ် အိပ်ပျော်သွားလေသည်။ ဘိုဘိုက ကျွန်တော့်နားရင်းကို တစ်ချက်အုပ်လိုက်အခြင့် ကျွန်တော့်မျက်လုံးတွေ ဖွင့်လိုက်ရပြန်သည်။

"တောက် ဘာလဲကွာ။ အိပ်မက်ကောင်းပြီဆို ကြွက်စုတ်ကနှစ်သံချီတွန်ပြီ"

"ထစမ်းပါ ပင်လယ်ရာ။ မနက်စောစောထကြီး မင်္ဂလာ

www.burmeseclassic.com



ယူစမ်းပါ ခေါတမကြီးစမ်းပါနဲ့။ လောကကြီးမှာ အဲ"

"တော်စမ်း ဘိုဘို။ မင်း ငါ့ကို ပေါင်မုန့်သိုးတွေ လာမ ရှောင်းနဲ့"

ကျွန်တော် အံကြိတ်ပြီး ပြန်အိပ်ပစ်လိုက်သည်။ ဟဉ့်အင်း ဘိုဘိုက ကျွန်တော့်ကို ကလိထိုးပြီး နှိုးပြန်လေသည်။

"ပင်လယ် ကာလနဂါးရဲ့ မယားပါသား၊ ဝက်ပိန်၊ ကြွက် ကတိုး၊ ဒီလောက် အပင်ပမ်းခံပြီး နှိုးနေရတာ မင်းအတွက်ကွ သိရဲ့ လား။ ငါတို့ တစ်ဖွဲ့လုံး နဂါးရုံဘုရားကို သွားကြမှာ ဖားတစ်ပိုင်း ငါးတစ်ပိုင်း ကောင်ရဲ့။ ခုနှစ်နာရီထိုးရင် မိုးစက်သီတာတို့ လာခေါ် ကြမှာလေ"

'ဟော' 'ဟော့' 'ဟော'

ကျွန်တော့်ရင်တွေ လေဟာပ်သွားသည်။ ကျွန်တော့် မျက် လုံးတွေ ပြူးကျယ်သွား၏။ အိပ်ချင်စိတ်တွေ အိပ်ရာပေါ်က လိမ့် ကျကုန်၏။ အိပ်မက်ဆိုတာ ကိုယ့်လက်ခုပ်ထဲက မပုပ်သိုးသေးတဲ့ စိတ်ကူးတွေပဲ။ ပြီးတော့ ကိုယ့်ဦးနှောက်၊ ကိုယ့်ရင်ဘတ်ထဲက ပိုးမွှား တွေပဲ။ အချစ်လား။ ကျွန်တော် အအိပ် မမက်ဘူး။

အချစ်ရေ ကျောက်ဆစ်ရုပ်ကြီးလို ကိုယ် ငုတ်တုတ်ကြီး မ အိပ်ချင်တော့ဘူး။

"ခွေးကောင် အဲ ယောင်လို့။ ပတ္တမြားရောင် မှိုနတ် ဘိုဘိုရယ် 'ခို့' တယ်မှုပဲ။ စောစောက ကြိုပြောတော့ မင်း ကြီးတော လင်နောက် လိုက်ပြေးမှာ ကျနေတာပဲ"

ကျွန်တော် ပါးစပ်ထဲတွေ့ရာ ပြောလိုက်ပြီး မျက်နှာသစ်ရန် ကုတင်ပေါ်က ပျော်ရွှင်စွာ ခုန်ချလိုက်ပါသည်။ အစွမ်းတော်တော်

www.burmeseclassic.com

www.burmeseclassic.com



ထူတဲ့ ကောင်မို့ ကြောင်တစ်ကောင်လို ပေါ့ပါးသွက်လက်နေပါသည်။ ဘိုဘိုက တော့ ကားစပယ်ယာ မျက်နှာပေးနှင့် ပျာယီးပျာယာ ကြည့်နေရှာသည်။ ကျွန်တော် သူ့ကို သနားသွားမိသည်။ ထို့ကြောင့် . . .

“သူငယ်ချင်း ငါ့ကို နှိုးရတာ မောသွားပြီလား”

“မောတာပေါ့ကွ။ မင်းကို နှိုးရတာ မိုးလင်းဖို့ ကြက်ဖကြီးကို နာရီပြုပြီး တွန်ခိုင်းရတာထက် ပိုခက်သေးတယ်”

“ Sorry ဘိုဘို . . မင်းမောနေရင် ကိုယ့်ဘာသာကိုယ် ရေခပ် သောက်လိုက်၊ ပြီးရင် ငါ့အတွက် သနပ်ခါး သွေးထားကွာ။ ကြားလား ငယ်ကျွန်ကြီး”

ကျွန်တော် ရေချိုးခန်းဆီ ပြေးထွက်ခဲ့သည်။ ဘိုဘိုက အလွတ် ကျက်ထားသော မိရိုးဖလာ ဆဲနည်းများနှင့် နပမ်းလုံးရင်း ကျန်ရစ်ခဲ့ရှာသည်။

“ဟိုက်”

ရေချိုးခန်း အုတ်ကန်ထဲမှာ ရေတစ်စက်တလေမျှ မရှိတော့ပေ။ သေစမ်း။ “လေဖမ်း ဒန်းစီး၊ ခွေးမြီးကောက် ကျည်ထောက်စွပ်၊ ပေါက်လွတ်ပဲစား၊ အုတ်ကြားမြက်ပေါက်၊ ကပ်သောက်မူးဆူ၊ ဗိုက်ပူနံကား၊ ခွေးသား၊ ဝက်မြေး၊ ကြက်ယောက္ခ၊ ငှင်းတ သားမက်” စသော မိရိုးဖလာ ဆဲနည်းတွေအား ရေမဲ့အုတ်ကန်ကို လက်ညှိုးငေါက်ငေါက် ထိုး၍ ပစ်ပေါက်နေမိသည်။

“ဟော့ကောင် ပင်လယ် အကုသိုလ်ပွဲစား လုပ်မနေနဲ့၊ အဝတ်အစား မြန်မြန်လဲ၊ အန်တီမျိုးဆိုင်ရောက်မှ ရေနွေးနဲ့ မျက်နှာသစ်ပေတော့”

“မျက်နှာပူစရာကြီးကွာ”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရေမချိုးရသော်လည်း သနပ်ခါးအရည်ကျဲ ခပ်ပါးပါးတလေး လူးလိုက်ရသည်။ အဝတ်အစားလဲပြီး ဘိုဘိုနှင့် အတူ အန်တီမျိုး ဆိုင်ကို ထွက်ခဲ့ကြသည်။ ဟိုနှစ်ကောင် ဘုန်းဝေနှင့် သားရဲတို့က အန်တီမျိုးဆိုင်မှာ မနက်စာ ထမင်းကြော်၏ အစီပွာယ် ကို ရှာဖွေနေကြပေလိမ့်မည်။ ငတ်ကြီးကျတွေ။

ကျွန်တော် သွားမတိုက်ခဲ့ရ။ အန်တီမျိုးဆိုင်ရောက်လျှင် မျက်နှာ မသစ်ရသေးဘဲ လူးထားသော သနပ်ခါးတွေကို ရေနွေး ပူပူနှင့် ဆေးကြော ရဦးမည်။ မျက်နှာပူစရာတော့ ကောင်းပါ သည်။ ရေနွေးပူပူနဲ့ မျက်နှာသစ် ရမှာကိုး။

♥

www.burmeseclassic.com

www.burmeseclassic.com

(၂)

*"တစ်ကမ္ဘာလုံး ကျန်းမာရေး ဒေါင်ဒေါင်မြည်အောင် ကိုယ်တစ်ယောက်တည်း ခေါင်းလောင်းကို ဒိုင်ခံထိုးနေမိတယ်"*

♥ ♥ ♥

ကျွန်တော်တို့ မြင်းလှည်းနှစ်စီး ငှားလိုက်ကြသည်၊ မိန်းကလေး သုံးယောက်၊ ယောကျ်ားလေး လေးယောက်။ ခေါင်းစပ်ခြင်း သီအိုရီအရ ဂဏန်းကတော့ ပန်းတွေထမ်းလာသော လပ်ကီး (Lucky Number) ဂဏန်း။

www.burmeseclassic.com

www.burmeseclassic.com



မိုးစက်သီတာ၊ နီလာမြင့်နှင့် အေးအေးအောင်တို့က မြင်းလှည်း တစ်စီး၊ ကျွန်တော်တို့ လေးယောက်က တစ်စီး။ သို့သော် မြင်းလှည်းတွေ စမထွက်ခင်မှာ ဘိုဘိုက စတင်ကန့်ကွက်သည်။ ဒီကောင်က ခြေမြန် လက်မြန် အိပ်မက် အကြံအဖန်သမား။

"ကောင်မလေးတွေချည်း ငါ စိတ်မချဘူးကွာ။ တို့အထဲက တစ်ယောက်ကတော့ သူတို့နဲ့ အတူစီးမှ ဖြစ်မယ်"

"ဟုတ်တယ် ဘိုဘို ပြောတာ သင့်မြတ်တယ်။ အမျိုးသမီး ကောင်းတွေကို စောင့်ရှောက်အပ်တဲ့ တာဝန်၊ တို့ ကျေပွန်စွာ ထမ်းရွက်သင့်တယ်"

ဘုန်းဝေက လက်ခမောင်းခတ်၍ ထောက်ခံနေရှာသည်။ ကျွန်တော်နှင့် သားရဲတို့ကတော့ ခေါင်းညိမ့်ပြရုံလောက်သာ အားနာ ပါးနာ သဏ္ဌာန်လုပ် သရုပ်ဖော်နေကြရသည်။ ဘိုဘိုနှင့် ဘုန်းဝေမှာ 'သူဆရာ၊ ငါ့တပည့် မဟုတ်' လုပ်နေကြ၏။ ဘိုဘိုက. . .

"ဒီမှာ သူငယ်ချင်းတို့ ငါ့ညီမလေး အေးအေးအောင်က သိပ်အားငယ်တတ်တာကွ။ သူ့နံဘေးမှာ ငါ မပါရင် သူ ရင်တုန် ပန်းတုန် ဖြစ်မှာ သေချာတယ်။ ဒါကြောင့် အေးအေးအောင်နဲ့အတူ ငါ သွားစီးပါရစေ"

"ဟေ ဟော့ ဟော"

"မင်းလို ပြောကြေးဆိုရင်ကွာ၊ ငါ့ နီလာမြင့်က ပိုဆိုးသေးတယ်။ နီလာက သိပ်ဇီဇာကြောင်တာကွ။ နေကြာစေ့ ဆိုရင်လည်း ညာဖက်သွားနဲ့ အခွံခွာပေးမှ။ နွယ်မြက်သစ်ပင်တွေ မြင်ရင်လည်း ဘယ်အပင်က လိပ်ခေါင်း ပျောက်တယ်၊ ဘယ်ပန်းက ရင်ပြည့် ရင်ကယ်၊ ဝေါ်ရင်ဂျီနာ၊ ဓမ္မတာ သွေးမှန်၊ မမှန်။ ဒါက ပိတ်ချင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဟောဒါက ဇဝက်သာ၊ စန္ဒကူးနီ၊ ကုံကော် ဝတ်ဆံ၊ လေးညှင်းပွင့်၊ တန့်ဘလူဥ၊ ဂျင်းချော်က်၊ သိန္ဓော. . .”

“တော်ပါတော့၊ သမားတော်တစ္ဆေ ဆေးကဝေ ဘုန်းဝေကြီးရယ်”

ဘိုဘို တားယူမှပဲ ကျွန်တော်တို့ နားအူသက်သာသွားပါသည်။ ဘုန်းဝေက နီလာ့ အနီးဆုံးမှာ သူ ရှိနေမှသာ နဂါးရုံဘုရားအရောက်သွားနိုင်လိမ့်မည်ဟု နီလာ့ ဇီဇာကို ကဗျာဖွဲ့ပြခဲ့လေသည်။

နောက်ဆုံးတော့ စီးကရက်ဗူးခွံထဲက ငွေစက္ကူလိပ်ပြီး ခဲနှိုက်ကြ သည်။ ကြမ္မာဒိုင်လူကြီးက အဆဲအဆို၊ အကြိမ်းအမောင်း ခံလျက် ‘သားရဲ’ ကို ရွေးချယ်လိုက်လေသည်။ သားရဲတို့က ‘ဒီပွဲဟာငါ့ပွဲ’ ဟူသော ခံစားမှု တွေနှင့် ခိုးလို့ခုလု ဖြစ်နေလေပြီ။

“တောက် မကျေနပ်ဘူး”

“မကျေနပ်လည်း နေတတ်အောင် နေပေတော့ ဘိုဘို၊ ယုံထမ်းလာတာ မြင်ရပေမယ့် ကံထမ်းလာတာ မမြင်ရဘူး၊ ငယ်ဘွန်ကြီးရဲ့။ ကဲ နှမတော် (၃) ဖော်ရှိရာ စီးတော်ယာဉ်ဆီ ငါဘုရင်ကြွမြန်းတော်မူမယ်။ ရှာစားရေ ဒိန်းတပ်တပ်ဒိန်း”

သားရဲက ခုန်ဆွ ခုန်ဆွနှင့် မိုးစက်သီတာတို့ မြင်းလှည်းပေါ်အတက်သွားလေသည်။ ဒီတော့ ဘိုဘိုက စပျစ်သီး ချဉ်လေပြီပေါ့ခင်ဗျာ။

“အဟီး ဟီး ခုမှပဲ နားညည်းရမယ့်ဘဝက လွတ်တော့သွားတော့တယ်။ ကောင်မလေးတွေဆိုတာ အတင်းပြော တဲ့နေရာမှာ အမိကွင်း အဝေးကွင်း ရွေးနေတဲ့ဟာတွေ မဟုတ်ဘူး၊ အော်သေးအာပေါ့။ ငါ့ဘဝ လက်ပံပင်ကြီး ဆက်ရက် (ဇရက်) အချင်း ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းပေါ်ကိုယ် တင်နိုင်ခဲ့ပေလို့ မဟုတ်ဘူးလား ဘုန်းဝေ"

"သိပ်ဟုတ်တာပေါ့ ဘကြီးရာ။ ကောင်မလေးတွေဆိုတာ အတင်းပြောရုံတင်ဆို တော်သေး။ နှုတ်ခမ်းနီစော်၊ ရေမွှေးနံ့တွေက တထောင်းထောင်း ဆိုတော့ မြင်းတောင်လန့်ပြီး ဆွေမျိုးမေ့သွားနိုင်တယ်"

ခုတော့ ဘုန်းဝေနှင့် ဘိုဘိုတို့က အတိုင်အဖောက် ညီနေပြန်၏။

"အားလုံး လူစုံရင် ထွက်ကြမယ်ဟေ့"

ပန်းပွင့်တင် မြင်းလှည်းပေါ်က ပန်းစောင့်ဘီလူး ဖြစ်နေရှာသော သားရဲက အသံပြကြီးနှင့် အော်လိုက်သဖြင့် ကျွန်တော်တို့ ပိတုန်းသုံးကောင်တင် မြင်းလှည်းဆရာကြီး ကိုကျားဖီတစ်ယောက် ငိုက်မြည်းနေရာမှ အလန့်တကြား လန့်နိုးသွားရှာသည်။

"ကဲ ညီလေးတို့ ဘုရားစုံအောင် အားရပါးရသာ သွားဖူးကြပေတော့။ ဦးလေးတော့ လှည်းဖြုတ်ပြီး ဒီအရိပ်ကပဲ စောင့်နေမယ်"

"ဗျာ ဦးလေး ဟိုဒင်း"

"သွား သွား ကိုယ့်ရည်းစား ကိုယ်တွဲပြီး ကုသိုလ်အတူယူကြ လိုချင်တဲ့ဆုတွေ တောင်းကြပေါ့ကွာ။ ဒါနဲ့ ဘုရားလူကြီးတွေ မျက်စိ နောက်အောင်တော့ မောင်မယ်စုံတွဲ ပလူးပလဲ သိပ်မလုပ်ကြနဲ့တွ"

"ဟာ ဦးလေး ဘာတွေလျှောက်ပြောနေတာလဲ။ ဦးလေး မြင်းက ဂိတ်ကတောင် မထွက်ရသေးဘူး"

"ဟေ ငါက ဘုရားရောက်နေပြီ ထင်နေတာ။ အော်တော့ကွာ ဘွာတေး။ အသက်ကြီးတော့ အိပ်မက်ကောင်းရင် ချောင်းကဆို

www.burmeseclassic.com



ချင်တယ်လေ။ ဟော့ တိမ်ပျံကြီးရေ နင့်ရှေ့က ဂွက်ထော်နက်ကျော်စ
တို အမှီလိုက် ငမ်းပေတော့"

"ဟေး. . ."

ကျွန်တော်တို့ လက်ခုပ်တီး၍ အားပေးလိုက်ပါသည်။

သခင်၏ ငမ်းမိန့်ရသောအခါ တိမ်ပျံကြီး အပြေးအလွှား
ငမ်း ကျောထလေတော့သည်။ ပန်းပွင့်တွေ တင်ဆောင်ထားသော
မြင်းလှည်း ဆရာကြီးကလည်း ခေသူမဟုတ်။ ယောကွမ လည်
ပြန်တစ်ချက်ကြည့်၍ ပြန်ပက်လေ၏။

"ဟဲ့ သမီး ဂွက်ထော်နက်ကျော်မရေ. . . မြင်းငမ်း မြင်း
ဝေါက် မလောက်လေး မလောက်စား၊ မြင်းကာလသား ရောဂါသည်
တို့ အစဉ် မပြတ် လင်မမှတ်နဲ့။ ပြေးဟဲ့ ငါ့သမီးလေး လင်ယူသားမွေး
စိတ်မမွေးနဲ့ဦး။ ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်။ နင့်အကောင်
မြင်းညစ်က (HIV) ပေါ့ စတစ် (Positive) တဲ့"

"ဟေး. . ."

မိုးစက်သီတာတို့အဖွဲ့ကလည်း ပြန်လှောင်ကြသဖြင့် ငကြောင်
ဘိုဘိုက ထကြောင်သေး၏။

"ညနေ ညနေ ပျော်တယ်လေ လေ့"

"ဘိုဘို မင်းယောကွမ နာရီကိုလည်း ကြည့်ဦး။ ခုမှ မိန်းမနဲ့
ရန်ဖြစ်ပြီး အိမ်ပေါ်က ဆင်းလာတဲ့ မနက်ခင်းကြီး ရှိသေး"

"အဟီး ဒါဆိုလည်း. . . မနက်ခင်း မနက်ခင်း ပျင်းဘူးလေ
လေ့ ပေါ့ကွာ"

ဘုန်းဝေက ဘိုဘိုကို နားရင်းတစ်ချက်အုပ်၍ အားပေး
လိုက်သည်။ ပြီးတော့ ဘုန်းဝေ စပ်ဖြဲဖြဲကြီး လုပ်နေရှာ၏။ ပြီးတော့. . .

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပျော်စရာ ကောင်းတာပဲကွာ။ ဘုရားဖူးရင်း ငှက်ဥတက် နှိုက်ကြတာပေါ့"

ကျွန်တော်တို့နှင့်အတူ မြင်းလှည်းသမား ကိုကျားဖိုက ရယ်မောရင်း မှတ်ချက်ချလိုက်သေးသည်။

"ဟုတ်တယ် ဟုတ်တယ်။ ဘုရားဖူးရင်း လိပ်ဥတူးဆိုတဲ့ စကားဟာ ကာရံ ငဲ့ထားရတာကွ။ ဘုရားဖူးရင်း ငှက်ဥ တက်နှိုက် ဆိုတာက တကယ့်မော်ဒန်၊ အော်တာနေးတစ်လ်၊ Hip-Hop ဟိုအော် ဒီအော်တွေ ခါးကော့ပဲ"

"အဟဲ မြင်းလှည်း ဆရာကီး။ ဒီက ဂေါပက လူကြီးတွေဟာ နဖူးပြောင်ရုံတင် မဟုတ်ဘူး။ လက်သံကလည်း တော်တော် ပြောင် တယ်လို့ သတင်းကြီးတယ်နော်"

မြင်းလှည်းဆရာကြီးက ဖြုံးဖြိုးဖြိုးကြီး လုပ်နေလေတော့ သည်။ ဘုန်းဝေနှင့် ဘိုဘိုတို့ကတော့ ကိုယ့်ချစ်သူနှင့်အတူ ဘုရားဖူး ကြလျှင် ဘာဆုတွေတောင်းကြမယ်ဆိုတာ အိုင်ဒီယာ ထုတ်နေကြ သည်။ ပြီးလျှင် သူ့ အိုင်ဒီယာ၊ ကိုယ့်အိုင်ဒီယာတွေ ဖလှယ်ကြမည်။ ကျွန်တော်က မဆီမဆိုင် စိုးရိမ်နေမိသည်။ နှုတ်ခမ်းဆိုးဆေးနဲ့ မိတ်ကပ်နဲ့၊ ရေမွှေးနံ့တွေကြားမှာ သားရဲတစ်ယောက် မူးနောက်ရီဝေ ကာ နှာခေါင်းရောဂါ ရသွားမည်ကို စိုးရိမ်မိသည်။ ထို့အတူ သတင်း စကား၊ အတွင်းစကားများကြားမှာ သားရဲ တစ်ယောက် နားဒုက္ခ ရောက်မှာလည်း စိုးရိမ်မိသည်။

ကျွန်တော့်အတွက်ကတော့ ရင်ခုန်သံတွေနှင့်အတူ သဘောကောင်း သက်သာ အသက်ရှူနေရလျှင် ကျေနပ်ပါသည်။ ချစ်သူ သွားလေရာ အရပ်တွင် လေနတ်သားက လေထဲမှာ ပန်းဥယျာဉ် တည်ဆောက်

www.burmeseclassic.com

www.burmeseclassic.com



ခန်ဆင်းပေးထားသည်ဟု ကျွန်တော် ယုံကြည်နေမိ ပါသည်။

ဤသို့ဖြင့် မနက် ရှစ်နာရီခွဲပြီး သုံးမိနစ်၊ စက္ကန့်နှစ်ဆယ့်ငါး လောက်မှာ ကျွန်တော်တို့ ဘုရားပုရဝဏ်ကို ရောက်ခဲ့ကြလေသည်။

♥

မြင်းလှည်းဆရာကြီး နှစ်ယောက်သည် မြင်းလှည်း ဖြုတ်ပြီးသော အခါ သစ်ပင်ရိပ်တွင် (တစ်ပွဲ ငါးဆယ် ကြေး) မြေစမ်း ထိုးနေလေတော့သည်။

"ကဲ ကလေးတို့ ပျော်ပျော်ပါးပါး ဘုရားစုံအောင် သွားဖူး ကြပေတော့။ ဦးတို့နှစ်ယောက် ကျားကစားရင်း စောင့်နေမယ်"

ကောင်မလေးတွေက ဘုရားဖူး ထွက်လာကြခြင်းကို ပျော်ပွဲ စား ထွက်လာကြသည်ဟု သဘောထားပုံရသည်။ မိုးစက်သီတာ တို့သည် မြင်းလှည်းသမားနှစ်ယောက် အပါအဝင် လူ (၁၀) ယောက် စာလောက် ထမင်းဟင်းတွေ ချက်ပြုတ်ယူဆောင် လာကြသည်။ ရေသန့်ဗူး၊ အချိုရည် နှင့် သစ်သီးဝလံတွေလည်း သယ်လာကြ၏။

ကျွန်တော်တို့ ယောကျ်ားတွေမှာတော့ ဘာကျွေးကျွေး မနေး ထားသော လက်တွေနှင့် စားတတ်သော ပါးစပ်တွေသာ ပါလာ ကြသည်၊ ချေးများချင်တဲ့ စိတ်တွေတော့ တမင်ချန်ရစ် ထားခဲ့ ကြပါ၏။

"ဦးလေးတို့ ဆာရင် စားနှင့်ကြနော်"

www.burmeseclassic.com

www.burmeseclassic.com



မိုးစက်သီတာက မြင်းလှည်းသမားတွေအတွက် ချိုင့်တစ်ချိုင့် ချပေးခဲ့သည်။ ကျွန်တော်တို့ ဘုရားစောင်းတန်းဆီ ပြေးခဲ့ကြသည်။ ဤနေရာတွင် ခွဲခြမ်းစိတ်ဖြာမှုတွေက ကြော်ငြာဝင်သလို ဖြုန်း စားကြီး ဝင်ရောက်လာသည်။

ဘိုဘိုက အေးအေးအောင်လက်ကို ဆွဲပြီး တနင်္ဂနွေထောင့် ကို ထွက်သွားသည်။ ဘုန်းဝေကလည်း နီလာမြင့် ပုခုံးကိုဖက်လျှက် စနေထောင့်ကို ခွဲထွက်သွားပြန်သည်။ ကျန်ခဲ့သူတွေခမျာ ခေါင်း လောင်းပဲ ပြေးထိုးရတော့မလို ဘုရားပန်း တွေပဲ ပြေးဝယ်ရ တော့ မလို ဖြစ်နေရရှာသည်။

"ငါက ပုဒ္ဓဟူးသားကွ။ ဟာ ဟ ကြံရိုးဝယ်ပြီး ကြံတိုင် အောင် ဆောင်တိုင်းမြောက်အောင် ဘုရားလှူပစ်မယ်"

သားရဲက ပြောပြောဆိုဆို စောင်းတန်းအဝင်မှာ တွေ့ခဲ့ ရသော ကြံချွက်၊ ကြံရိုး၊ သီးညွန့်၊ အုန်းညွန့် စသော ယတြာ အညွန့်အခက် အရောင်းဆိုင်ကို ထွက်သွားလေတော့သည်။

ကျွန်တော်နှင့် မိုးစက်သီတာတို့နှစ်ယောက်သာ ကျန်ရစ် ခဲ့သည်။ မိုးစက်သီတာက နှင်းဆီပန်းစည်းတွေ သွားဝယ်သည်။ ကျွန်တော်လည်း စံပယ်ပန်းကုံး ဆယ်ကုံး ဝယ်လိုက်သည်။ ပြီးတော့ နှင်းဆီအနီရဲရဲတစ်ပွင့် ဝယ်လိုက်၏။

နေ့သင့် နာမ်သင့်ဆိုလျှင် မိုးစက်သီတာ ကြာသပတေးသမီး ဖြစ်မည်။ ကျွန်တော်က ပင်လယ်ဆိုတော့ ကြာသပတေးသား။

ကျွန်တော် သူမ၏ အရိပ်အခြေကို မလှမ်းမကမ်းမှာရပ်၍ စောင့်ကြည့်နေလိုက်သည်။ သူမသည် သောကြာထောင့်ကို သွား သဖြင့် ကျွန်တော်လည်း ပြက္ခဒိန်ကို တစ်ရွက်လှန်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးစက်သီတာသည် ဘုရားမှာ ပန်းကပ်ပြီး ပုတီးစိပ်နေသေးသည်။ ကျွန်တော်လည်း ပန်းကပ်လိုက်သည်။ မိုးစက်သီတာ နံဘေးမှာ ကပ်ထိုင်လိုက်ပြီး ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ဖတ် ပူဇော်နေမိသည်။

လေအလျှင်နှင့်အတူ ဆွဲလည်းသံတွေ ကြည်လင်နေ ပါသည်။ ကျွန်တော် ဘုရားဝတ်ပြုပြီး၍ ထရပ်လိုက်သောအခါ မျက်လုံးစိမ်းစိမ်းတွေနှင့် စိုက်ကြည့်နေသော မိုးစက်သီတာကို တွေ့ လိုက်ရလေသည်။ ကျွန်တော် မျက်လုံးတွေ ပြာဝေသွားသည်။ ဘုရားဝုရဝဏ်အတွင်းမှာရှိသော ဘီလူးမ ရုပ်တုကြီးနှင့် မျက်နှာချင်းဆိုင် အကြည့်ချင်း ဆုံရသည်ထက် ပို၍ထိတ်လန့် သွေးပျက်ဖွယ် ကောင်းသော အစိမ်းရောင် တထောင်းထောင်း၊ အကြည့် စိမ်းစိမ်းများ။

"ရှင် ပရိတ်ကြီး (၁၁) သုတ်ကို အထစ်အငေါ့မရှိ ရွတ်ဆိုနိုင်တာကိုတော့ ကျွန်မ ချီးကျူးပါတယ်။ ဒါပေမဲ့ ရှင်ဟာ ကုသိုလ်တစ်ဝမ်းနဲ့ရဲ့ တစ်ပိဿာကို လဲလှယ်လိုက်တာပဲ"

"ဘယ်လို မိုးစက်. . . ကျွန်တော့်ရဲ့ ကြည်နူးနေတဲ့ စိတ်ကလေးကို မဖျက်စီးလိုက်ပါနဲ့"

"အောင်မာ ရှင်က ပြောရတယ် ရှိသေး။ ရှင် ဘာလို့ ကျွန်မ ပုတီးစိပ်တာကို လိုက်နှောင့်ယှက်နေရတာလဲ"

"ဟာ မဟုတ်ဘူး. . . မိုးစက် ကျွန်တော် ဘယ်သူ့ကိုမှ မနှောင့်ယှက်ပါဘူးဗျာ"

"ရှင် ငြောင်မလိမ်နဲ့။ ရှင် တမင်နှောင့်ယှက်ချင်လို့ ကျွန်မရှိတဲ့ သောကြာထောင့် ရောက်လာတာပေါ့။ ကိုပင်လယ် ရှင် ကြာသပတေးသားဆိုတာ ကျွန်မသိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်ချက်ပြုံးမိသွားပါသည်။ ကြာသပတေးသား တွေတ ဘုရားကို တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ တနင်္ဂနွေထောင့်တွေမှာ ဘုရားဝတ်ပြုခွင့် မရှိတော့ဘူးလား။

"ရှင် ဘာပြုံးတာလဲ"

"မိုးစက်ရယ် မင်းလို ပြောကြေးဆိုရင် မင်းလည်း ကြာသပတေးသမီး ဖြစ်ရမှာပေါ့"

"အို ကျွန်မနာမည်က သီတာ၊ မိုးဦး မိုးစက်တွေကြားမှာ မွေးတာမို့ မိုးစက်သီတာလို့ နာမည်မှည့်ခဲ့တာ ကျွန်မက သောကြာ သမီးစစ်စစ်"

"ကျွန်တော်လည်း သောကြာသား စစ်စစ်ပဲဗျ။ ကြာသ ပတေး မရောဘူး။ စနေ မနှောဘူး။ ကျွန်တော့် အမေက ကျွန်တော့် ကို မမွေးခင်မှာ ပင်လယ်ကို ခဏခဏ သွားချင်တဲ့ ချဥ်ခြင်းတက်လို့ အဖေက ကျွန်တော့်ကို ပင်လယ်လို့ မှည့်ခဲ့တာ"

သူမက နှုတ်ခမ်းကို ခပ်တင်းတင်း စူထားသည်။ ဒီက ခံစား မှု တော်တော်ထူတဲ့ကောင်အတွက်တော့ အဲဒီ နှုတ်ခမ်းစူစူ ကလေး ဟာ အဖိုးအနဂ္ဃထိုက်တဲ့ အိပ်မက်ပါ။ မိုးရေစက်လက်နဲ့ ကဗျာ တစ်ပုဒ်ပါလေ။

"ရော့ မိုးစက်အတွက် ပန်းလက်ဆောင်"

ကျွန်တော် နှင်းဆီအနီရဲရဲ တစ်ပွင့်ကို ရင်ခုန်စွာ လှမ်းပေးလိုက်မိသည်။ သူမသည် ကျွန်တော့်လက်ကို ပုတ်ချလိုက် သည်။ နှင်းဆီပန်းကလေး လက်ထဲက လွတ်ကျသွား၏။ ဖင့်ခွက် တစ်လုံးဆိုလျှင် အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားမှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းကလေးကတော့ ဒဏ်ရာ အနည်းငယ်သာ စွန်းထင်းသွားပါသည်။ ကျွန်တော့် ရင်တွင်းမှာတော့ နှင်းဆီဆူး မြားအစင်းစင်း ထိုးဖောက်ဖြတ်သန်း သွားလာနေကြ၏။ ကျွန်တော် လွမ်းမောရူးသွပ်သွားသည်။

အလွမ်းဥယျာဉ် တစ်ခုလုံးမှာ
ပန်းတွေ ဗုန်းဗုန်းလဲ ကြွေကုန်ပြီ ချစ်သူ. . .
ဒီ နွေကန္တာအတွက်
ငါ့ အိပ်မက်မှာ မိုးစက်တွေ လက်နက်ချကုန်ပြီ။

♥

ကျွန်တော်ဟာ ပန်းဆက်သမားတစ်ယောက် မဟုတ်တော့ဘူး။ လွတ်ကျသွားသော ပန်းတစ်ပွင့်ကို ဒူးထောက်ခဲ့ရသူ။ ဒဏ်ရာရနေသော ပန်းနာတစ်ပွင့်ကို အထီးကျန်စွာ ကောက်ယူခဲ့ရသူ၊ တိုက်ခတ်နေသော လေညင်းစိမ်းစိမ်းတွေနှင့်အတူ အလွမ်းသက်ပြင်းဗူဗူတွေကို မှုတ်ထုတ်ပစ် ရသူ။ ခံစားမှုတွေ မှိုင်းပြာညို့မှောင်ဝေဒနာကောင်၊ အလွမ်းတောင်တက် သမား၊ တောမှာသင်းတွဲမိုးနည်းရပ်ဝန်း၊ ကျွန်းပျောက် ရွက်လှေ၊ မြေဆီ လွှာမဲ့တများ။

"မိုးစက်"

"မိုးစက်"

သူမ၏ ဆံနွယ်တွေ လေမှာ လွင့်မျောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို မျက်စောင်းတစ်ချက်နှင့် ပြန်ပက်သည်။

"ဘာလဲ"

"ဒိနှင်းဆီကလေးကို မသနားဘူးလား၊ မိုးစက်"

"အို ဘာလို့ သနားရမှာလဲ"

"ကြည့်စမ်းပါဦး မိုးစက်ရယ် ဒိနှင်းဆီကလေးသာ ငှက်ကလေး တစ်ကောင် ဖြစ်ခဲ့မယ်ဆိုရင် သူ့မှာ ပျံသန်းစရာ အတောင့်ပံတွေ ကျိုးကုန်ပြီ။ ဘယ်လောက် သနားစရာ ကောင်းသလဲ"

"ရှင်ဟာ အရူးပဲ"

ကျွန်တော် ရင်ထဲ လှိုက်ဖိုသွားပါသည်။ ဟုတ်ကဲ့။ ကျွန်တော်ဟာ အရူးပါ။ ပန်းနဲ့ဖက်ပြီး ရူးတဲ့အရူး။ သို့သော် ကျွန်တော်ဟာ ပန်းစားဘီလူး မဟုတ်တာတော့ သေချာပါသည်။ ထို့ကြောင့်. . .

"ဟုတ်တယ် ကျွန်တော်ဟာ အရူး၊ ကျွန်တော် အရူးပဲ၊ အရူးဟာ ကျွန်တော်၊ ကျွန်တော်ဟာ အရူး"

ကျွန်တော် မျက်လုံးစုံမှိတ်ပြီး အရူးဖြစ်ကြောင်း ရူးသွပ်စွာ ကြေငြာနေမိတော့သည်။ ကျွန်တော် ဘယ်နှစ်မိနစ်လောက် အရူးစစ်စစ် ဖြစ်သွားမိခဲ့သည် မသိ။

"အို မောင်တော် ဗျတ္တ နှမတော်အတွက် ပန်းလာ ဆက်သတယ် နော်"

"ဗျာ"

ကျွန်တော့်မျက်လုံးတွေ ပြူးကျယ်သွားကုန်သည်။ ကျွန်တော် လန့်သွားသည်။ ကျွန်တော့်အနားမှာ မိုးစက်သီတာ မရှိတော့။ ဘယ်အချိန်က ရောက်လာမှန်း မသိရသော အမျိုးသမီးတစ်ယောက်။ ထိုအမျိုးသမီးသည် ပန်းခြောက် ပန်းနွမ်း မျိုးစုံကို တစ်ခေါင်းလုံး

www.burmeseclassic.com

www.burmeseclassic.com



ဝေနေအောင် ပန်ဆင် ထားသူ။ သူမ လက်ထဲမှာလည်း ပန်းခြောက်တွေ တစ်ပွေ့တစ်ပိုက်။ တကယ့် ပန်းမင်းသမီး။

"အို မောင်တော်က နှမတော် နှင်းဆီနီနီကြိုက်တာ သိသွားပဲနော်။ ဒါကြောင့် မောင်တော့်ကို ချစ်ရတာ သိလား။ ပန်းနီနီပေးတော့ ကွယ်။ မောင်တော် ခေါ်တော. . ."

သွားပြီ။ တကယ့် ပန်းရူးသူနှင့် ပက်ပင်းတိုးနေရလေပြီ။ သူမက ကျွန်တော့် လက်ထဲရှိ နှင်းဆီကို လုယူပြီး ဂျင်နီဖာလိုပက်လိုကသုတ် ကရက် ကခုန်နေလေတော့သည်။

"ပန်းနီနီ ပေးပြီးရင် မပြန်နဲ့ဦး၊ အနမ်းနီနီ ပေးစမ်းကွယ်×× မောင်တော် ခေါ်တော"

ပန်းမင်းသမီးက ကျွန်တော့်ကို ဝိုင်းကြီးပတ်မတ် ဒူဝေဝေ လှည့်ပတ်၍ ကခုန်နေတော့သည်။ ပန်းမင်းသမီး၏ ပန်းကျော့ကွင်းထဲမှ လစ်ထွက်နိုင်ခဲ့သော်လည်း ကျွန်တော်သည် လက်ဖက်ရည် တစ်ဝိုင်းဖိုး ဒဏ်ခံရလေတော့သည်။

ကျွန်တော့်အား ရယ်စရာကောင်းသူ တစ်ယောက်အဖြစ် ဖော်ကောင်လုပ်ခဲ့သူမှာ ပန်းဇာတ်လမ်းရှုပ်အောင် လုပ်ခဲ့သော မိရွှေမိုးစက်သီတာပင် ဖြစ်ပါသည်။ သူမသည် ဘီလူးမကြီး နောက်မှကွယ်၍ ကျွန်တော်နှင့် ပန်းမင်းသမီးတို့၏ ဝိုင်းကြီးပတ်ပတ် ဇာတ်ထုပ်ကို ခိုးကြည့်ခဲ့ခြင်း ဖြစ်ပါသည်။

♥

www.burmeseclassic.com

www.burmeseclassic.com

(၃)

ဘိုဘိုနှင့် အေးအေးအောင်တို့က ဘဂ္ဂဒက်မြန် ဆရာကြီး ဦးတင်လှဆီမှာ ပေဒင်ဝင်မေးကြသည်။ ဘုန်းဝေကလည်း အားကျမခံ။ အာဖဂမ် နစ်စတန်ပြန် လက္ခဏာဆရာကြီး ဦးခင်မောင်ဆီမှာ လက္ခဏာ ဝင်ကြည့်ကြသည်။ ကျွန်တော်၊ သားရဲနှင့် မိုးစက်သီတာတို့ (၃) ယောက်သာ ကြောင်စီစီ ဖြစ်ကျန်ရစ်ခဲ့ရပြန်သည်။

"တောက်ကွာ ငါ့အဘိုးက တကယ့်လက္ခဏာ ဆရာကြီးကွ၊ ငါ့ အဖိုးဆီက ပေဒင်ပညာ၊ လက္ခဏာပညာတွေ မသင်ယူခဲ့မိတာ မဟာအမှားကြီးပဲ"

သားရဲက ရှင်ခေါင်းသံကြီးနှင့် ညည်းနေရှာသည်။ လက္ခဏာဆရာ လုပ်ချင်တာလား။ ကောင်မလေးတွေ လက်ကိုင်ချင်တာလားတော့ မသိ။ ကျွန်တော့် ရင်ထဲ ယားကျိကျိ ဖြစ်နေသည်။

"မင်း လက္ခဏာ မကြည့်တတ်လည်း ခြေခဏာတော့ ကြည့်တတ်မှာပါ။ တဲ ခြေခဏာဆရာကြီး ကြည့်စမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သားရဲကို ခြေဖဝါး လှန်ပြလိုက်သည်။ မိုးစက်သီတာကတော့ ဘုရားစောင်းတန်းမှ ဝယ်လာသော ယွန်းသေတ္တာတလေးကို ငေးနေရှာသည်။ လက်ရာမြောက်သော ယွန်းသေတ္တာတလေးနှင့် သူမကို တွဲကြည့်ရသည်မှာ စိမ်းစိုနေသော တဖျာတစ်ပုဒ်နှင့်တူသည်။

"အောပေး။ မင်း ခြေထောက်မှာ ခွေးချေးတွေနဲ့ဟ"

ကျွန်တော့် ခြေခဏာ ဆရာကြီးက ပြုံးဖြီးဖြီးကြီး ပြောလိုက်သော်လည်း ယွန်းသေတ္တာကိုင် နှုတ်သမီးကတော့ နှာခေါင်းရှုံ့နေရှာ၏။

"အဟိ"

"ရှင်က ဘာရယ်တာလဲ"

"အဟဲ ဘာမှ မဟုတ်ပါဘူး၊ ဘာမှ မဟုတ်ပါဘူး မိုးစက်ရယ်"

"ကိုပင်လယ် ရှင် ပြောင်မလိမ်နဲ့။ ရှင် ကျွန်မကို ကြည့်ပြီး ဘာရယ်တာလဲ"

သူမက မျက်စောင်းနှင့် ကျွန်တော့် ရင်အုံကိုထောက်ပြီး မေးနေလေပြီ။ သူမကို ဘယ်လို အနေအထားမှာဖြစ်ဖြစ် ရင်ခုန်စွာချစ်နေမိသည်။ ခု ကျွန်တော် ရင်ခုန်ခွင့် ရှိသလောက် ရင်ခုန်ခဲ့ပြီးပြီ။ အရူး တစ်ယောက်လို ရင်ခုန်ခဲ့ခြင်း ဖြစ်ပါသည်။ သူမရှေ့မှာ ဒူးထောက် အရှုံးပေးသည်အထိတော့ ရာဇဝင်မှာ နွားယောင်ဆောင်ခဲလိမ့်မည် မဟုတ်ပါ။

"ပြောလေ"

"ကျွန်တော် အမှန်အတိုင်း ပြောရမှာလား မိုးစက်"

www.burmeseclassic.com

www.burmeseclassic.com



"ပြော ပြော"

"ကျွန်တော် မိုးစက်ကို ချစ်တယ်။ ချစ်မိတော့ ကြည့်မိတယ်။ ကြည့်မိတော့ ရင်ထဲမှာ ယားကျိကျိ ဖြစ်လာတယ်။ ယားကျိကျိ ဖြစ်လာတော့ ရယ်မိသွားတာပေါ့"

"ဟွန်း ဘာမှ မဆိုင်ဘူး။ ရှင်ဟာလေ အရူးပဲ"

ကြည့်။ ဒီကောင်မလေးဟာ ပါးဆွဲလိမ်ပြီး မုန့်ကြိုးလိမ် လုပ်ပစ်ဖို့ ကောင်းနေပြီ။ ကျွန်တော့်မှာတော့ သူမကို နတ်သမီး တစ်ပါးအဖြစ် မြတ်နိုး စွာထုံဆစ်လိုက်ရတာ၊ကျွန်တော် အိပ်မက်တွေ အသားမာတွေတက်လို့။ ကျွန်တော့်ကိုများ ပြောလိုက်ရင် ဂွမ်းထိုး ပစ်ချင်စိတ်ကို ပေါက်ရောပဲ။ "ရှင်ဟာလေ အရူးပဲ" ဆိုတဲ့ စကားလုံး တွေနဲ့ ရာဇဝင်ကို အမှောင်ဖုံးပစ်ဖို့ ပါးစပ်ပြင်နေတော့ တာပဲလေ။

"ငါ သိပ်ချစ်တယ် မိုးစက်ရယ်"

သူမ၏ ပါးပြင်ပေါ်မှာ ပန်းနုရောင် ရှက်သွေးကလေးတွေ ကပို ကရို ဖြတ်ပြေးသွားတာကို 'လှစ်ခနဲ' မြင်လိုက်ရသည်၊ ကဗျာ ဆန်ဆန် ကာရံကို ငဲ့၍ ပြောရလျှင် ကျွန်တော် ရင်တွေ 'ဂစ်' ခနဲ ဖြစ်သွားပါသည်။ ထို့အတူ. . .

ကျွန်တော့်အဖြစ်ကို ကြည့်ပြီး သားရဲကလည်း 'ခစ်' ခနဲ ရယ်လိုက်သည်။ ကောင်စုတ် အလိုက်ကန်းဆိုး မသိဘူး။ ဒါကြောင့် ရည်းစားဆိုလို့ မူးလို့ရှူစရာ မရှိတာပေါ့။ လွမ်းချင်တာတောင် ကိုယ့်ကိုယ်ကို မှန်ထောင်ကြည့်ပြီး လွမ်းရတဲ့ကောင်။

"ဟော့ကောင် သားရဲ။ မင်းမလည်း အသိကနည်းနည်းတွေ အခေါ်က ခေါ်င်းပါး၊ အလကား အရည်မရ အဖတ်မရ စကားမှုတွေနဲ့ တို့နား ကပ်မနေနဲ့ သွား သွား ဝေးရာ သွားနေစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သားရဲကို ပေါက်လွှတ်လိုက်သည်။ သားရဲက ဘာတွေ သဘောကောင်းနေသည် မသိ။ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ခပ်သွက်သွက် ထွက်သွားလေ၏။ ကျွန်တော် ပျော်သွားသည်။ မိုးစက်ကို အိပ်မက်တွေ ဖွင့်ဟဝန်ခံမည်။

"ကိုသားရဲ ဒါက ဘယ်လဲ"

မိုးစက်သီတာက အသံနှင့် သားရဲ ဦးခေါင်းကို ဆွဲလှည့်ဖစ်လိုက်သည်။

"ဗျာ ဟို ဟိုဒင်း ရှူးရှူး အဲ ရှဲ ရှဲ သွားပေါက်မလို့"

"ဘယ်မှ မသွားနဲ့။ ရှင် ပြန်လာခဲ့ပါ"

"သားရဲ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် ရွက်လွှင့်နေချိန်မှာ ဘယ်လို အနှောင့်အယှက်ကြဲကြဲ ရင်မခုန်နဲ့ ဆက်လျှောက် သူငယ်ချင်း"

"ရှင် ပြန်လာခဲ့"

'ဆက်လျှောက်' 'ပြန်လာခဲ့' 'ဆက်လျှောက်'

သားရဲခင်မျာ ရှေ့တိုး၊ နောက်ဆုတ်၊ ခေါင်းကုတ်၊ ခေါင်းခါဖြစ်နေရရှာသည်။ သားရဲကို ကြည့်ပြီး ကျွန်တော် ရယ်ချင်သော်လည်း နှုတ်ခမ်းစူနေသော နတ်သမီးကြောင့် (နှုတ်ခမ်းနီ ဆိုးထားသော နှင်းဆီဟုလည်း နိမိတ်ပုံ သုံးစွဲနိုင်သည်) အလှမြင် ရှုထောင့်မှာ သတ်ငြိမ်ပန်းချီကား ဆန်နေလေသည်။

"ဆက်လျှောက်. . ."

"ပြန်လာခဲ့"

"အနော်က၊ အနော်က ဘာလုပ်ရမှာလဲ ခင်ညာ"

သားရဲက ပြုံးဖြီးဖြီး လုပ်နေတော့၏။ သူတို့ဘဲနဲ့ သူတို့ရှိပါစေတော့။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် မိုးစက်ရယ်"

"ဘာရှင့်"

"သိပ်ချစ်တယ် မိုးစက်ရယ်"

"ရှင်ဟာလေ အရူးပဲ"

ဒီစကားတစ်ခွန်းပဲ ပြောတတ်ပါသလား မိုးစက်သီတာ။

ရူးတယ်ကွာ ရူးတယ်။ မိုးလောက်ကြီး ရူးတယ်။ ဘယ်သူမှ မသောက်တဲ့ မိုးခါးရေတွေသောက်ပြီး ထီးထမ်းလမ်းလျှောက် ရူးတယ်။

ကျွန်တော့်ရင်ထဲ ဝင်ခွေနေသော မြွေက ကျယ်လောင်စွာ တွန်နေလေပြီ။

မိုးစက်သီတာ၏ မျက်ဝန်းထဲမှာ အလွမ်းတစ်ချို့ စွန်းထင်းနေလေသည်။ သူမသည် အေးစက်တည်ငြိမ်နေ၏။ တစ်စုံတစ်ရာကို ဖုံးဝှက် ထားသော နှင်းဆီငုံတစ်ငုံ။ ဘယ်ယုံကြည် ချက်နှင့် မျှော်လင့်နေမှန်း မသိရသော မာကျောခက်ထန်မှုတွေနှင့် တောင်တန်း ဆန်နေသော အပြုံးများ ပိုင်ရှင်. . .။

▼

www.burmeseclassic.com

www.burmeseclassic.com

(၄)

စိန်ပန်းတွေ ရဲရဲပွင့်နေပြီ အချစ်. . .
ပြောရဦးမယ်
ခံစားမှုရဲ့ အစအေပါး
အိပ်မက်များကို စိုက်ပျိုးသူ
အလွမ်းတော်တော် ထူတဲ့ကောင်. . .
ခံစားမှုတွေမှာ
နာကျင်စွာ သာယာနေတဲ့ လမင်း

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

♥

"မင်း ပြတ်သားဖို့ လိုပြီ ပင်လယ်"

ကျွန်တော် တွေဝေခဲ့ပါသလား။ လေနှင်ရာ လွင့်ပါးပြီး ရင်ခုန်သံ တွေ မှားယွင်းခဲ့ပါသလား။ ကျော်ဘိုဘိုထွန်းက ဖွတ် ပြတ်သားခိုင်းနေလေပြီ။ သားရဲက လက်ဖက်ရည်ခွက်ထဲတွင် ပြတ် သားစွာ သေဆုံးနေသော ယင်ကောင်ကို စိုက်ကြည့်နေရှာသည်။ ဘုန်းဝေက စားပွဲထိုးကောင်လေး မျိုးအောင်အတွက် ရည်းစားစာ ရေးပေးနေ၏။

"ဟေ့ကောင် မျိုးအောင် ကောင်မလေးကို စာပေးရင် မင်း အော်ကြီးဟစ်ကျယ် မလုပ်နဲ့နော်"

"ဟုတ်ကဲ့ ဆရာလေး၊ ကျွန်တော် စာပေးလို့ မိစွာ ... ရိုက်ရင်တော့ ကျွန်တော် နည်းနည်းအော်မယ်နော်"

"အေးကွာ နည်းနည်းတော့ အော်သင့်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ပင်လယ် မင်းလည်း နည်းနည်းအော်သင့် တယ်"

"ဘာ"

ဘုန်းဝေနှင့် မျိုးအော်တို့က သူဆင်ခြေနှင့်သူ အဆင်ပြေသော်လည်း ကျွန်တော်က ဘာကိစ္စ အချောင်အော်သင့် ရတာလဲ။ ဘိုဘိုက သူ့မျက်နှာပေါ်က ချွေးရော၊ ဖုန်လူး အပြုံးတွေကို ပုဝါနှင့် သုတ်နေသေးသည်။

"ငါ ပြောတာ မင်း လက်ခံသင့်တယ် ပင်လယ်၊ မင်း မိုးစက်ကို တကယ်ချစ်ရင် နည်းနည်းတော့ အော်သင့်တယ်ကွ"

"ဟ ငါက ဘာအော်ရမှာလဲ၊ သူ့ကို ချစ်တဲ့အကြောင်းတွေကို အာပြကြီးနဲ့ ချောင်းဆိုးပြရဦးမှာလား"

"ပင်လယ် မင်း ဘာမှ အတွန့်တက်မနေနဲ့၊ တို့ လက်ဖက်ရည်ဆိုင်ကပြန်ရင် မိုးစက်တို့ အိမ်ရှေ့ သွားအော်ကြမယ်"

"ငါ စဉ်းစားချင်သေးတယ်ကွာ"

"ဟော့ကောင် ပင်လယ် ဘာမှ စဉ်းစားနေစရာ မလိုဘူး၊ ဓာတ်လည်း မလိုက်ဘူး၊ ရေလည်း မနစ်ဘူး"

ကျွန်တော် ခေါင်းတွေ တဆတ်ဆတ် ခါနေမိသည်။ ချစ်ခြင်းနှင့် အဆင်ပြေသူ နှစ်ယောက်ကတော့ နားမလည်ခြင်း အကြည့်တွေနှင့် ကြည့်နေကြ၏။ သားရဲက အရာရာကို နားလည် သယောင် ဆန့်ဆောင်နေလိုက် သေးသည်။ မိုးစက်သိတာရယ် ငါဟာ အလိုလို နွားသွပ်နေချင်သူပါ။ မင်းဟာ ငါ့ရဲ့ ဥယျာဉ်၊ ရင်ခုန်သံ မွေးမြူရေးခန်း၊ ပျံသန်းပျော်မြူးဖွယ် နှင်းဆီပင်လယ်. . .။

♥

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

♥

ညဟာ သစ်ပင်ခွကြားမှာ ငုတ်တုတ်မှောင်နေလေသည်။ ပုတ် သင်ညို့အယောင်ဆောင် လမင်းကတော့ ဖျင်းပျင်းရှိတိုင်း လရောင်တွေကို ခေါင်းညိတ်ဖြာချနေလေ၏။

ကျွန်တော်တို့ မိုးစက်သီတာတို့အိမ် ရောက်သွားတော့ ညလမ်း ဟာ သီချင်းလရောင်တွေနဲ့ ဆော့ကစားနေပြီ။ ညဆယ်နာရီ ထိုးပြီးပြီလေ။ ကြယ်တွေရေ အိပ်တော့။

ကျွန်တော်က ကောင်းကင်ကြီးကို ချစ်သောမိုးစက်သီတာတို့ အိမ်ရှေ့မှာချပြီး ကြယ်တောက်တမ်း ကစားချင်နေသည်။ ဒါပေမဲ့ ဒါပေမဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းကလေးများ ပွင့်တော့မည်
ဖူးတံဝင့်လို့ချီ
နေခြည်မှာ ရွှေရည်လောင်း
ငါတို့ စာသင်ကျောင်း"

ဘိုဘိုက အသံပြကြီးနဲ့ စ,အော်လိုက်သောအခါ ညသည် အလန့်တကြား ဖြစ်သွား၏။ ဘုန်းဝေကလည်း ခံစားမှုတွေကို ခလုတ်မပိတ်ဘူး။ သူလည်း အော်တာပေါ့။

"ပန်းကလေးတွေ မပွင့်သေး
အိပ်ငိုက်နေကြတုန်း
ပျားပိတုန်းတွေ နိုးကြပါ
ပန်းကလေးတွေ ပွင့်တော့မှာ
ဒီညဥ့်ယံမှာ လေပြေသွေး
ခွေးချေးစော်နံသေး ဟေးဟေး"

"ဟေ့ကောင် ဘုန်းဝေ မင်း ဘာတွေလျှောက်အော်နေတာလဲ။ ငါ့ရင်ထဲက လှိုင်းတွေကို မရိုင်းစိုင်းစေနဲ့ကွာ"

"ဟကောင်ရဲ့ ခွေးချေးစော်နံလို့ အော်တာပဲ"

"ဟုတ်တယ် ပင်လယ် အော်ဖို့လာကြတာ အော်စရာရှိတာ အော်ရမှာပဲ"

ကျွန်တော်လည်း ဘာပြောရမှန်း မသိတော့။ ညလေပြေ သွေးမှာ ခွေးချေးစော်နံနေတာကတော့ သေချာသည်။ သားရဲ့ ထလည်း အော်ချင်နေပြီလေ။ ဘယ်သူတွေ ဘယ်လိုအော်အော် ကျွန်တော်ကတော့ ပင်လယ်အော် မဖြစ်ချင်ဘူး။ ဟင့်အင်း အချစ် ဆိုတာ အော်ဟစ်နေရမယ့် ကဗျာ တစ်ပုဒ်မှ မဟုတ်တာ။ သားရဲ့ က. . .

www.burmeseclassic.com

www.burmeseclassic.com



"ညကြီးမိုးချုပ် ကိုဖိုးတုတ်. . . ပုလွေ မမှုတ်နိုင်လို့
မနက်မိုးလင်း ကိုကြွက်ပျင်း. . သီချင်း မဆိုနိုင်လို့
ပျို့တို့မောင် တောင်ပေါ်တက်. . ဖိနပ်ပျက်သွားလို့
ငါတို့နှင်းဆီ ရဲရဲနီ. . . အချစ်တွေ့တော့မည်
ပင်လယ်ရေ ဆားထပ်ခတ်. . . အားလုံးမတ်တတ်ရပ်"

"သားရဲ မင်းဟာကလည်းကွာ ဘာတွေ အော်နေရတာလဲ။ ကောင်စုတ် ကြွက်မခုတ်တတ်ဘဲ ကြောင်ရုပ်ကို ပါးစပ်ထဲ ထည့်မပြုပါနဲ့"

"ဒီမှာ ပင်လယ်၊ ငါ အော်တဲ့အထဲမှာ နှင်းဆီနဲ့ ပင်လယ် ဆိုတာ ပါတယ်။ ဒါဟာ မင်းရဲ့ ခံစားမှု ကန္တာရထဲကို မိုးဥတု ဆွဲသွင်း ပေးလိုက်တာပဲကွ"

"တော်ပါကွာ မိုးတစိစိနဲ့ ခိုးကြည့်ရတဲ့ အချစ်ဆိုတာကြီးကို မခံ စားချင်ပါဘူး"

"မရဘူး ပင်လယ်၊ ဒီည မင်း အော်ရလိမ့်မယ်။ ကြားလား ငယ်ကျွန်ကြီး"

"အဟီး အော်ချင်ပါဘူး နောင်ကြီးရဲ့"

"ငါ့အမိန့်တော်အတိုင်း အိပ်မက်ရိုင်းတွေ ရွက်လွှင့်ပေတော့ ငယ်ကျွန်ကြီးရဲ့"

"ဟူး"

ကျွန်တော် ရင်မောသွားသည်၊ ဟိုကောင်တွေကလည်း အော်ဖို့ ပဲ သိတာလေ။ အချစ်ဆိုတာ အော်ဟစ်နေရမယ့် ကဗျာတစ်ပုဒ်မှ မဟုတ် တာ. . .။ ဒါပေမဲ့ မိုးစက်သီတာရယ် တို့ အော်တော့မယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး"

ကျွန်တော် အော်ဖို့ အားယူလိုက်တုန်း ရှိသေး၊ လူကြီး (၃) ဦး ရောက်လာကြသဖြင့် မော့ထားသော ခေါင်းအား ငုံ့ချပစ်လိုက်ရ၏၊ ခေါင်းမော့လိုက်တုန်းက ပြုံးနေသော ကြယ်တွေ မြင်ရပြီး ခေါင်းငုံ့လိုက် သောအခါ ရယ်မောနေသော ကျောက်စရစ်ခဲတွေ မြင်ရပါသည်။ အိပ်မက်တွေ ရှာလည် သွားတာပေါ့။ ကြယ်တွေတာ လူငယ်တွေ ဆော့ကစားဖို့ကောင်းတဲ့ အိုးပုတ် ချိုးရုပ်တွေမှ မဟုတ် တာဘဲ။

"ကောင်လေးတွေ မင်းတို့ ဒီမှာ ဘာလာအော်နေကြတာလဲ"

(အန်ကယ်ကြီး ပြောလိုက်ပုံက ကျွန်တော်တို့ အော်သံ ကြောင့် ငိုက်မြည်းနေတဲ့ ကြယ်တွေ လန့်နိုးကုန်သလိုမျိုး)

ဘုန်းဝေက. . .

"ဒီလိုပါ အန်ကယ်"

"တော်တော် ရပ်ကွက်ကို ဆူညံမှု လာပေးနေကြတာ၊ မင်း တို့ဘယ်ကလဲ. . . ဘာလို့ ရပ်ကွက်ကို လာနှောင့်ယှက်နေရတာလဲ"

"မဟုတ်ပါဘူး အန်ကယ်၊ ကျွန်တော်တို့ နှောင့်ယှက်တာ မဟုတ် ရပါဘူး။ ကျွန်တော်တို့ ကျောင်းသားတွေပါ၊ ဒီအိမ်က ကျွန်တော့် သူငယ်ချင်းအတွက် ကဗျာလေးတွေ လာရွတ်ရတာပါ"

"မင်းတို့ မညာနဲ့နော်"

"ယုံပါ အန်ကယ်ရယ်၊ ဒီအိမ်က ကျွန်တော်တို့ သူငယ်ချင်း ဟာ စိတ်ခံစားမှုတစ်ခုကြောင့် ညညအိပ်မပျော်လို့ ကျွန်တော်တို့ တတနာနဲ့ ကဗျာ လာရွတ်ပေးရတာပါ။ စိတ်ဝေဒနာတွေ ကဗျာနဲ့ ကုစားပေးကြတာပါ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အန်တယ်ကြီးတွေက ယုံကြည်ပုံ မပေါ်ကြသေး။ ကျွန်တော်တို့ (၄) ယောက်မှာလည်း တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ဘာဆက် ပြောရမှန်းမသိ။ အိပ်မက်တွေဆိုတာ ကိုင်ကြည့်လို့ရတဲ့ အရာတွေမှ မဟုတ်တာလေ။ စိတ်ကူးမိုးသားတွေ သိပ်ကြည်လင်ပုံ မရသော အန်ကယ်ကြီး တစ်ဦးက မိုးစက်သီတာတို့အိမ်ရဲ့ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်လေသည်။ ထိုစဉ်. . .

ဝရန်တာပေါ်ကနေ ကျွန်တော်တို့ အခြေအနေကို မသိချင်ဟန်ဆောင်နေသော မရှေ့မိုးစက်သီတာတစ်ယောက် အပြေးကလေး ထွက်လာရတော့၏။

(အချစ်ရယ် အိပ်မက်ကို မီးညှိ မိသွားပြီကွယ်)

♥

ကျွန်တော် ရင်တွေ အရမ်းခုန်ပေါက်နေလေပြီ။ ရင်ခုန်သံတွေနဲ့ ထုဆစ်ထားတဲ့ ညကတော့ ပုရစ်တစ်ကောင်လို တစီစီ တကျီကျီ အော်ဟစ်နေလေရဲ့။ လမင်းကြီးကလည်း ချစ်ခြင်းပြဿနာကို အဖြေရှာဖို့ ကဗျာ ဆန်တဲ့ လရောင်တွေ ဖြာဆင်းပေးနေရှာရဲ့။ ဟုတ်ကဲ့. . . အချစ်ဆိုတာ မေ့ဘ်ဆရာသောက်တဲ့ ဝိုင်တစ်ခွက် မဖြစ်နိုင်ဘူးလား။

မိုးစက်သီတာ ခြံတံခါးဝ ရောက်လာတော့ ဘုန်းဝေနှင့် ဘိုဘိုတို့က အန်ကယ်ကြီး နှစ်ယောက်အား မေတ္တာသက်၏ အစီပွာယ်

www.burmeseclassic.com

www.burmeseclassic.com



တို ရှင်းပြခိုင်းနေလေ၏။ သားရဲကတော့ ကျွန်တော့်အနားမှာ ထစ်နေရင်း ညရဲ့ပြဿနာ သီချင်းကို နားစွင့်နေပါသည်။

"ဟယ် ကိုပင်လယ် ရှင်တို့. . . ရှင်တို့"

ကျွန်တော်က မိုးစက်သီတာကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည်။ သားရဲကတော့ ပြုံးဖြီးဖြီးလေရဲ့။ တော်ပါသေးရဲ့။ ဒီကောင်က သွားဖြဲဖြဲ၊ လျှာထုတ်ပြ၊ မျက်လုံးပြူး လုပ်မပြပေလို့။ အန်ကယ်ကြီးက. . .

"ဟဲ့ မိုးစက်၊ ဒီလူငယ်တွေဟာ သမီးသူငယ်ချင်းတွေဆို"

"ဟုတ် ဟုတ်ပါတယ် အန်ကယ်၊ ဒါပေမဲ့"

"ဒါပေမဲ့တွေ လုပ်မနေနဲ့။ သူတို့က သမီး အိပ်မပျော်လို့ ကဗျာ လာရွတ်ပေးကြတာဆိုတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် အန်ကယ်၊ ခုတလော အိပ်မပျော် ဖြစ်နေလို့"

"ဒါဆိုလည်း ပြီးတာပါပဲ။ ရပ်ကွက်ထဲ ဆူဆူညံညံ လာအော်နေကြတာလား လို့"

"မဟုတ်ရပါဘူး အန်ကယ်၊ သားတို့က ဖြစ်နိုင်ရင် ပရိတ်ကြီး (၁၁) သုတ် ရွတ်ချင်ကြတာပါ။ ခုဟာက သူငယ်ချင်း အိပ်မပျော်တာ စြည့်ရက်လို့ ကဗျာတွေ လာရွတ်မိတာပါ။ ခွင့်လွှတ်ပါ၊ နောင် မဖြစ်စေရပါဘူး"

"မင်းတို့ခေတ်ကလည်း အဆန်းသားကွာ။ တို့ငယ်ငယ်တုန်းက ထော်ဒလင်လေးနဲ့မှ ချော့သိပ်လို့ရတာ၊ ကဲ သွားကြစို့"

"ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ် အန်ကယ်တို့ရယ်"

အန်ကယ်ကြီးတွေ ပြုံးပြုံးရွှင်ရွှင်နှင့် ထွက်သွားကြမှ ကျွန်တော်တို့ ခံစားမှု အထားအသိုတွေ စိမ်းစိုလတ်ဆတ်လာတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ လေညှင်းက ပျင်းရိညည်းငွေ့နေရာမှ ပြန်လည်နိုးထ သာယာလာတော့သည်။ ကြယ်တွေကလည်း လင်းလက်။ လမင်းကလည်း ပြုံးရွှင်။

"ကိုပင်လယ် ရှင်တို့ ဘာပြဿနာ လာရှာကြတာလဲ၊ ရှင်တို့နော်"

"မဟုတ်ဘူးလေ မိုးစက်ရဲ့။ တို့ချစ်ခြင်းအတွက် ကဗျာ လာရှာကြတာပါ။ ကိုယ် ဒီည မိုးစက်ဆီက အဖြေလိုချင်တယ်။ ကိုယ် အရမ်းခံစား နေရပြီ။ ကိုယ့်ကို ညင်သာစွာ ဖြေပါ မိုးစက်ရယ်"

"အို ကျွန်မ စဉ်းစားရဦးမယ်၊ ရှင်တို့ ပြန်တော့လေ ညဉ့်နက် နေပြီ၊ ပြီးတော့ အချစ်ဆိုတာ သစ်ရွက်တွေလို သစ္စရာသီ ရောက်တိုင်း ကြွေတာ၊ ဝေတာ မဟုတ်ပါဘူး။ ခံစားမှုနဲ့ သင့်တင့်တဲ့ အချိန်ကျမှ သာ. . ."

ကျွန်တော် လှည့်ထွက်သွားရတော့မှာလား။ 'ခံစားမှုနဲ့ သင့်တင့် တဲ့အချိန်' ဆိုတာကြီးကို ဂစ်တာလုပ်ပြီး တီးပစ်ချင်တယ်။ အဲဒီအချိန်မှာ မိုးစက်သီတာ၏ မိခင် အိမ်ထဲက ထွက်လာလေသည်။ ကျွန်တော် ကြည်နူးစွာ တစ်ချက်ပြုံးမိသွားလေ၏။

"ရှင် ဘာပြုံးတာလဲ"

"ဟို ဟိုလေ ဟိုမှာ မေမေ(အဲ ယောင်လို့) အန်တီမေမေ ထွက်လာနေပြီ။ ကိုယ်ကတော့ မိုးစက်ဆီက အဖြေမရမချင်း ဒီခြံဝထဲ မခွာတော့ဘူး။ ကိုယ် ကြည်နူးစွာ ဆုံးဖြတ်လိုက်ပြီ။ ဒီည မိုးစက်ရဲ့ အချစ်တွေရမှ ကိုယ်ပြန်တော့မယ် မိုးစက်"

"ရှင် လူလည်မကျနဲ့နော်"

"မိုးစက် အချိန်မရဘူးနော်။ အန်တီမေမေ ခြံဝကို ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတော့မယ်"

"ကိုပင်လယ် ရှင်ပြန်ပါတော့"

"မရတော့ဘူး မိုးစက် အချစ်ဆိုတာ လူကို ရွှေ့လျားနိုင်စေသလို ရပ်တန့်ထားနိုင်တယ်။ ကိုယ် မင်းကို သိပ်ချစ်တာလေ"

လမင်းကြီးကလည်း ချစ်ခြင်းကို ခံစားအားပေးရှာပါသည်။ လရောင်တွေက တဖွားဖွား။ ညဟာ လရောင်ဆံပင်ရှည်ရှည်တွေနဲ့ သိပ်လှ နေလေရဲ့။

"ကိုပင်လယ် ရှင်ပြန်ပါတော့၊ မာမိ လာနေပြီနော်။ မနတ်ခြန်ညနေ နှင်းဆီလမ်းထိပ်က စိန်ပန်းပင်ကြီးအောက်က စောင့်နေပါ။ ကျွန်မ လာခဲ့မယ်"

"ကိုယ် မြတ်နိုးစွာ တောင်းဆိုတဲ့ အဖြေပေးမှာပေါ့နော်"

"သွား. . . ရှင် တော်တော် လူလည်ကျတယ်"

မိုးစက်သီတာရဲ့ မျက်စောင်းနှင့် နှုတ်ခမ်းစူစူတလေး ခြင်လိုက်ရ သဖြင့် ကျွန်တော့်ရင်တွေ ဆူဝေသွားသည်။ ငှတ်ဖျားရောဝါထချင်သလိုမျိုး။

"မိုးစက်သီတာ"

"ဘာလဲ ဟိုမှာ မာမိ လာနေပြီလေ"

"ကိုယ် သွားတော့မယ်နော်၊ အိပ်မက်လှလှ မက်နိုင်ပါစေ"

"ရှင်ဟာလေ. . ."

ကျွန်တော် ရင်ခုန်စွာ အပြေးထွက်ခဲ့တော့သည်။ ထိုအိုးအောင်က အခြေအနေ သိချင်နေကြမှာပေါ့။ အချစ်ဆိုတာ ရင်ခုန်သံတွေနဲ့ ဆောက်ထားတဲ့ ကစားစရာအရုပ် တစ်ခုလား။ ဒီည မိုးစက်သီတာရဲ့ မျက်စောင်းကတော့ ကျွန်တော့်ကို အိပ်မတ်

www.burmeseclassic.com

www.burmeseclassic.com



နှချောင်းစီးစေမယ့် မျက်စောင်းလှလှ၊ ဒီည မိုးစက်သီတာရဲ့ နှုတ်ခမ်းစူစူတလေးကတော့ ကျွန်တော့်ကို အိပ်မက် ထူစေမယ့် နှုတ်ခမ်းစူစူ. . .။

"ပင်လယ် ရာသီဥတု အခြေအနေလေး လျှောက်တင် စမ်းကွာ"

"ဟား ဟား သိချင်ရင် ညထမင်းကြော် လိုက်ကျွေးကြပေတော့ ငယ်ကျွန်ကြီးတို့"

"ပော့ကောင် ပင်လယ် မင်း လူလည်မကျနဲ့"

"လာပြန်ပြီလား၊ ဒီလူလည်မကျနဲ့ဆိုတဲ့ စကားလုံး လှတပတကြီး (အဟီး) သွားစို့ကွာ ဗိုက်ဆာလာပြီ"

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူရေ. . . လူသားတွေဟာ
၁။ မီးကို အရင်စတွေ့ခဲ့တာလား?
၂။ အချစ်ကို အရင်စတွေ့ခဲ့တာလား?
(မှန်မှန်နဲ့ မြန်မြန်ဖြေပါ။ မိုးစက်သီတာ)

♥

စိန်ပန်းပင်ကြီးအောက် ကျွန်တော်တို့ ရောက်သွား သုံးမိနစ် မပြည့်ခင်မှာ မိုးစက်သီတာတို့ ကားကလေး ရင်ခုန်သံတွေ ဖားလျားချပြီး ရောက်လာကြလေ၏။ ညနေခင်း ငှက်တွေ အိပ်တန်းပြန်ဖို့ အိပ်မက်တွေ ရှာဖွေနေကြတုန်း

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေ ကဗျာမဖွဲ့ရခင် (ရောက်ရောက်ချင်း) ဘိုဘိုနှင့် အေးအေးအောင်တို့ အတွဲက ကန်ဘောင်ဘက် ထွက်သွားကြသည်။ သူတို့ အတွဲပြီးတော့ ဘုန်းဝေနှင့် နီလာတို့ အတွဲကလည်း နေကြာစေ့ဝယ်ဆိုပြီး ထွက်သွားကြပြန်သည်။ သားရဲကတော့ စပ်ဖြဲဖြဲလုပ်ပြီး ခရေပင်ချောင်းဘေး သွားပေးရန် ထွက်သွား၏။

ကျွန်တော်နှင့် မိုးစက်သီတာတို့ နှစ်ယောက်သာ မတုန်မလှုပ် ချစ်ခြင်း၏ ကျောက်ရုပ်တွေလို ကျန်ခဲ့သည်။ ချစ်ခြင်းမြားနတ်မောင်က စိန်ပန်းပင်ခွကြားမှာ နေကြာစေ့ ထိုင်စားနေမှာ သေချာသည်။

"မိုးစက်ရယ် ကိုယ်သိပ်ပျော်တာပဲ။ ရင်ထဲမှာ ကျလိကျလိနဲ့"

"ဟိုး ခဏလေး ကိုပင်လယ်၊ ရှင် ဝမ်းမသာနဲ့ဦး။ ကိုသားရဲနဲ့ ကျွန်မ အရင်စကားပြောစရာရှိသေးတယ်"

"ဘယ်လို ဘယ်လို မိုးစက်ရယ်၊ ကိုယ် နားမလည်တော့ဘူး။ ဘာတွေလဲ"

ကျွန်တော် စိန်ပန်းပင်ကြီးကို ခေါင်းနဲ့တိုက်ပစ်လိုက်ရင် ကောင်းမလား မိတ်ဆွေ။ ချစ်ခြင်းပင်လယ်မှာ သင်္ဘောရွက်လွှင့်တဲ့အချပျောက် သွားပြီလား။ ချစ်ခြင်းနဲ့ တွေ့ဆုံဖို့ အချိန်ရောက်ခါနီးမှ ဝန်းနဲ့ အပေါက်ခံ လိုက်ရပြီလား။ ရင်ထဲမှာ စိန်ပန်းတွေ ကြွေတုန်တော့မယ်။

"ကျွန်မ အမှန်အတိုင်း ပြောတာပါ။ ကိုသားရဲတာ ကျွန်မဆီက ချစ်ခြင်းတွေ တောင်းဆိုထားတာ စာ (၉) စောင်ရှိသွားပြီ။ သူ့ခံစားမှုတွေကို သနားတယ်။ ခု ကျွန်မက ရှင့်ကို အဖြေပေးရ

www.burmeseclassic.com



တော့မှာဆိုတော့ ကိုသားရဲရဲ့ စာတွေ ပြန်ပေးချင်တယ်။ သူနဲ့လည်း စကားပြောချင်သေးတယ်။ ကိုပင်လယ် ကျွန်မကို ချစ်ရင် ခဏ စောင့်ပါဦး"

သားရဲနောက် လိုက်သွားသော သူမရဲ့ နှင်းဆီ ခြေလှမ်းတွေကို ကြည့်ပြီး ကျွန်တော် အရမ်းတုန်လှုပ်သွားမိသည်။ သူငယ်ချင်း အတွက်လည်း စိတ်မကောင်းဘူး။ သားရဲ မိုးစက်သီတာကို ချစ်နေမှန်း၊ မိုးစက်ရဲ့ ချစ်ခြင်းကို တောင်းခံနေမှန်း အစကတည်းက (အိပ်မက်တွေ မဖောင်းပွခင်က) ကျွန်တော် သိခဲ့ရင် ဒီအခြေအနေ အထိ ရောက်လာမှာ မဟုတ်ပါဘူး။ ကျွန်တော့် ချစ်ခြင်းကို ထိန်းချုပ်ထားမှာပါ။ ခုတော့. . . ကျွန်တော် လည်း မိုးစက်အပေါ် အချစ်တော်တော်ထူနေမိသူ။ စိုက်ထားတဲ့ ပန်းကလေးကို ပြန်မနှုတ်ရက်တော့။ ပြန်မနှုတ်ရဲတာလည်း ဖြစ်နိုင်ပါသည်။ ကိုယ်သိပ်ချစ်မိနေပြီ မိုးစက်သီတာ. . .

ခုတော့ မိုးစက်ရဲ့ အချစ်ကို ရရှိမယ်ဆိုရင် ကျွန်တော် ဘယ်လို ပျော်ရွှင်ကြည်နူးရမလဲ။ မိုးစက်ရဲ့ အချစ်ကို မရရှိခဲ့ရင်ရော ကျွန်တော် ဘယ်လို ဝမ်းနည်းကြေကွဲရမလဲ။ ကျွန်တော့်ရင်ထဲမှာ ညနေဟာ တွေဝေငိုက်မြည်းနေလေပြီ။

"ဟော့တောင် ပင်လယ် သက်တောင့်သက်သာ နေစမ်းပါ သူငယ်ချင်းရာ"

စိန်ပန်းပင်ကြီးအောက်က ခုံတန်းပြာလေးကို သားရဲနှင့် မိုးစက်သီတာတို့ ပြန်ရောက်လာကြသဖြင့် ကျွန်တော့်ခံစားမှုတွေ အလန့်တကြား လွင့်မောသွား၏။ သားရဲက စိန်ပန်းပင်ကြီးတို့ စပ်ဖြိုးဖြိုးနဲ့ ကြည့်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မိုးစက်... ငါ ပေးခဲ့တဲ့ စာ (၉) စောင်ဟာ ပင်လယ်ရဲ့ စာတွေပါ။ ငါနဲ့ နီလာမြင့်တို့ နှင်နဲ့ပင်လယ်အတွက် ဆက်သက်ကူညီကြ တာပါ"

"ဟင် ရှင်တို့ဟာ ဘာတွေလဲ၊ ကျွန်မကို ဝိုင်းညာနေကြတာ၊ ကျွန်မ ကိုပင်လယ်ရဲ့ လက်ရေးကို သိတယ်။ ဒီစာတွေဟာ သူ့လက် ရေး မဟုတ်ဘူး"

"ဟုတ်တယ် သားရဲ၊ မင်း မညာပါနဲ့၊ ငါ မိုးစက်တို့ စာမပေးခဲ့ပါဘူး။ မင်း ခံစားချက်တွေကို ဝှက်မထားလိုက်ပါနဲ့တွ"

ညနေခင်းက တိတ်ဆိတ်ချင်ဟန်ဆောင်နေပေမယ့် သားရဲ အမှတ်မထင် ထရယ်လိုက်သဖြင့် ငှက်တွေ အလန့်တကြား ထပျံ နှံလေသည်။

"ငါ ဘာကြောင့် ရယ်တယ်ဆိုတာ မင်း သိမှာပါ ပင်လယ် ငါ ညာနေတာ မဟုတ်ဘူး။ မင်း ညာနေတာပါ။ ဒီစာ (၉) စောင်စလုံးဟာ မင်းကိုယ်တိုင် ရေးခဲ့တဲ့ စာတွေပဲ"

"ဟေ"

ကျွန်တော် အံ့ဩသွားမိသည်။ သားရဲကတော့...

"ဟုတ်တယ် ပင်လယ်။ မင်း ညသန်းခေါင်ယံကျော်ရင် စာ ထရေးတယ်၊ အချစ်ခံစားချက်တွေနဲ့ မင်းအိပ်မပျော်နိုင်တာ သိတာပေါ့။ မင်း မိုးစက်ကို ဘယ်လောက်ချစ်တယ် ဆိုတာလည်း အားလုံး သိတယ် ပင်လယ်၊ မင်းဟာ ည ည စာတွေ ထရေး လုံးချေပြီး အမှိုက်ခြင်းထဲ ထည့်လိုက်တာပဲ။ ငါတို့တွေ ခြင်းထဲက ကောက်ယူပြီး နီလာမြင့် အကူအညီနဲ့ မိုးစက်သိတာဆီ အောင် ပို့ပေးခဲ့တာပဲကွ"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မိုးစက်သီတာလည်း တွေဝေသွားသည်။ အံ့ဩသွားတဲ့ နှုတ်ခမ်းလေးတွေ တုန်ရီနေသည်။ ပင်လယ်ကတော့ ငိုင်နေရှာ၏။

"ကိုသားရဲ ရှင် ဘာဇာတ်လမ်းတွေ လုပ်ကြံ ထွင်ပြောနေရတာလဲ။ ဒီလက်ရေးဟာ ကိုပင်လယ်ရဲ့ လက်ရေး လုံးဝမဟုတ်ဘူး။ ကျွန်မ သိတယ်။ ရှင်တို့ ကျွန်မကို ညာနေတာ"

"ကဲ မိုးစက် စာရွက်နဲ့ ဘောပင် ထုတ်လိုက်စမ်းပါ"

"ဘာလုပ်မှာလဲ သားရဲ၊ ငါ့လက်ရေး မဟုတ်တာ သေချာနေပြီပဲ"

"ဒီမှာ ပင်လယ် မင်း ငါ့ကို ငြင်းဖို့ မကြိုးစားနဲ့။ ဒီနေ့ မိုးစက်ကလည်း မင်းကို အဖြေပေးတော့မှာပဲ။ ကိုယ်တိုင်ခံစားချက်နဲ့ ရေးခဲ့တာပါကွာ။ ဟော့ကောင် ဒီစာတွေ ရေးခဲ့တာ မင်းရဲ့ ဘယ်လက်နဲ့ကွ။ ငါ မသိဘူး ထင်မနေနဲ့။ ခု ဘယ်လက်နဲ့ ရေးလိုက်စမ်း ပင်လယ်"

"အဟီး ခွေးကောင် သားရဲ။ အစကတည်းက မပြောဘူး။ အခုတော့ ငါ မိုးစက်ကို လျှို့ဝှက်ချက်တွေ သူ သိသွားပြီကွ"

"ကိုပင်လယ်. . . ရှင်ဟာလေ"

ကျွန်တော်လည်း လျှို့ဝှက်ချစ်ခြင်းတွေ ပေါ်သွားပြီမို့ မိုးစက်ဆီက စာအုပ်နဲ့ ဘောပင်ယူပြီး ဘယ်လက်နဲ့ ရေးပြရတော့သည်။ ဘယ်သူမှ မသိဘူး ထင်ထားတဲ့ ခံစားချက်တွေ အကုန်ပေါ်ကုန်ပြီလေ။ တတ်နိုင်ဘူးလေ. . . ချစ်တာကိုး။

"မိုးစက်သီတာ ကိုယ် အရမ်းချစ်တယ်ကွာ။ ခုတော့ ကိုယ် ဗိုက်အရမ်းဆာနေပြီ။ ဗူးသီးကြော် လိုက်ကျွေးနော်။ ကိုယ့်မှာတော့ ပိုက်ဆံ မပါလာဘူး ချစ်သူရယ်၊ ဗိုက်ဆာတယ်ကွယ်"

မိုးစက်သီတာက ကျွန်တော့် ဘယ်လက်ပေါ် စာကလေးတို

www.burmeseclassic.com

www.burmeseclassic.com



ဇတ်ပြီးတော့ မျက်စောင်းတစ်ချက် ထိုးလိုက်သည်။ ပင်လယ်အထွတ်တမ္ဘာ့အလှဆုံး မျက်စောင်းလှလှကလေးပေါ့။ ကျွန်တော် ပျော်ရွှင်စွာ ချုပ်တည်တည် နေပစ်လိုက်သည်။ မိုးစက်သီတာက မျက်စောင်းလှလှတလေး ဝဲကာ ဝဲကာနှင့်. . .

"ရှင်ဟာလေ. . ."

"ချစ်တာနဲ့ ဗိုက်ဆာတာဟာ အတူတူပဲ မိုးစက်ရဲ့"

ပြီးတော့. . .

ကျွန်တော် စကားမဆုံးခင်မှာပဲ မိုးစက်ရဲ့ လက်တစ်ဖက်တာ ကျွန်တော့်ဗိုက်ခေါက်ကျောကို ဆွဲလိမ်လိုက်လေပြီ။ ပြီးတော့ ချစ်လှစွာသော မျက်စောင်းတစ်ချက်က ကျွန်တော့်အိပ်မက်တွေကို ဖြာကျသွားစေလေတော့၏။

နီရင့်ရင့်

www.burmeseclassic.com